www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## မိန္ဒာမြူးလိုက်ရ

ကျူး ယု ၏ ကွေ့ ကျ ၁ း ကျွ မ်း

ဒုတိယပိုင်း
အတ်သိမ်းပိုင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

တက္ကသိုလ်

# ဝင်းကြွယ်

## မိစ္ဆာမြှူးလိုက်ကူ

( ဒုတိယပိုင်း ဇာတ်သိမ်း )

www.burmeseclassic.com

www.burmeseclassic.com



## ကြေးပြား

လင်စုကွမ်း ...။

လင်စုကွမ်းဆိုလျှင် သိုင်းလောကတွင် မသိသူမရှိသလောက်ပင် ဖြစ်ပါသည်။

သူ၏ဓားကွက်များသည် စန်းစီပြည်နယ်တွင် ယှဉ်ပြိုင်သူကင်းမဲ့ခဲ့သည်မှာ ဆယ်နှစ်မကတော့ပါ။

လင်စုကွမ်းသည် လူထူးလူဆန်းတစ်ယောက် ဖြစ်သည်နှင့်အညီ စိတ်ထားလည်း ထူးဆန်းလှပေသည်။

သူသည် အဖြူရောင်သိုင်းသမားတစ်ယောက်စစ်စစ်မဟုတ်သလို အနက်ရောင်သိုင်းသမားတစ်ယောက်လည်း မဟုတ်ပါ။

သူ့စိတ်ထဲထင်ရာ လုပ်တတ်ပေသည်။

လင်စုကွမ်းသည် ဓားပညာသာမက အခြားစိတ်ဝင်စားသော အရာတစ်ခုလည်း ရှိ၏။

ထိုအရာမှာ ရှေးဟောင်းပစ္စည်းများ စုဆောင်းတတ်သောဝါသနာပင် ဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ၏အိမ်သို့ သင်ရောက်ခဲ့ပါက ရှေးဟောင်းမြို့တစ်မြို့သို့ ရောက်ခဲ့သလို သင်ခံစားရမည်ဖြစ်၏။

သူသည် အားလပ်ချိန်များတွင် ရှေးဟောင်းပစ္စည်းများ ကြား၌သာ ပျော်မွေ့တတ်ပေသည်။

✦

မြင်းလှည်းလေးသည် မြေနီလမ်းအတိုင်း မောင်းနှင်ဝင် ရောက်လာလေသည်။ မြင်းလှည်းနောက်တွင် ဖုန်များ တထောင်းထောင်းထနေ၏။

ထိုစဉ် မြင်းလှည်းပြတင်းပေါက် ပွင့်သွားပြီး မိန်းကလေး တစ်ယောက် ခေါင်းပြူထွက်လာ၏။

"မရောက်သေးဘူးလားရှင့်"

မြင်းလှည်းမောင်းသူက ...

"ရှေ့တစ်ကွေ့ဆိုရောက်တော့မယ်"

မိန်းကလေးက သက်ပြင်းချလိုက်ပြီး သူ့ရှေ့၌ ထိုင်နေသူ နှစ်ဦးအား ကြည့်လိုက်ပြီး ...

"လင်စုကွမ်းကို မေးလို့ရပါ့မလား"

ထိုလူနှစ်ယောက်အနက် တစ်ယောက်က ...



"သခင်မလေးက အလွယ်တကူနဲ့ မေးမြန်းလို့ ရမယ်များ ထင်နေလို့လား"

သူတို့မှာ အခြားသူများမဟုတ်ပါ။ မြစိမ်းသခင်မလေးနှင့် သူမ၏ ကိုယ်ရံတော် အမြွာညီနောင်တို့ပင် ဖြစ်သည်။ မြင်းလှည်း မောင်းသူများကား ကွမ်းကြိုးပင် ဖြစ်ပါသည်။ မြစိမ်းသခင်မလေး က ...

"ဒါဆို သူစကားမှန်ပြောအောင် ဘယ်လိုလုပ်ရမလဲ"

အမြွာညီနောင်က တွေဝေသွား၏။

"သခင်မကြီးရဲ့နာမည်ကို အသုံးပြုရင် ပြုရလိမ့်မယ်"

မြစိမ်းသခင်မလေးက ...

"မေမေ့အမည်ပြောရုံနဲ့ သူက ပြောမှာလား"

အမြွာညီနောင်က ...

"မပြောရင် ပြောအောင် တခြားနည်းလမ်း အသုံးပြုသင့် ပြုရမှာပဲ"

မြစိမ်းသခင်မလေးက တစ်စုံတစ်ရာ ပြန်ပြောမည်အပြု ကွမ်းကြိုး၏အသံက ထွက်ပေါ်လာ၏။

"ရောက်ပြီဗျို့"

အသံနှင့်အတူ မြင်းလှည်းမှာ တုံ့ခနဲ ရပ်တန့်သွားလေ သည်။

✦

www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းသခင်မလေးက ခြံဝတွင်ရပ်ကာ လှမ်းမျှော်ကြည့်လိုက်လေသည်။

ခြံဝင်းမှာ ကျယ်ဝန်းလှ၏။ ခြံစည်းရိုးများက ယိုယွင်း ပျက်စီးစပြုနေ၏။

ခြံဝင်းအတွင်း၌ ပြုပြင်ထိန်းသိမ်းသူ မရှိသည့်အတွက် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်နေ၏။

မြက်ပင်များကလည်း ခါးလယ်လောက်အထိပင် ရှည်လျားနေလေသည်။

ခြံဝင်းအလယ်တွင် အိမ်တစ်လုံးရှိ၏။ အိမ်ကြီးမှာ ကြီးမားသော ရှေးဟောင်းအိမ်ကြီးတစ်လုံးဖြစ်၏။

အမည်းရောင်ဖြစ်ပြီး ကြည့်ရသည်မှာ မကောင်းဆိုးဝါး ခိုအောင်းနေသော အိမ်တစ်လုံးနှင့် တူလှပေသည်။

မြစိမ်းသခင်မလေးမှာ ခြံနှင့်အိမ်ကိုကြည့်ပြီး ကျောရိုးထဲမှ စိမ့်ခနဲပင် ဖြစ်သွားမိ၏။

"ဒီအိမ်ထဲမှာ လူရောရှိရဲ့လား"

ကွမ်းကြိုးက ...

"ရှိပါတယ် ... ဒါဟာ လင်စုကွမ်းရဲ့ အိမ်ဂေဟာပါပဲ"

မြစိမ်းသခင်မလေးက ...





"သူက ဒီအိမ်ထဲမှာ ဘယ်လိုများနေထိုင်သလဲ မသိဘူး"

အမြွာညီနောင်က ...

"ကျုပ်တို့ အထဲဝင်ကြည့်ရင် သိရမှာပါ"

သူတို့က ပြောပြောဆိုဆို ခြံဝင်းအတွင်းသို့ လှမ်းဝင်သွားကြလေသည်။

✦

'ကျွီ'

တံခါးမကြီးမှာ ဆီမထည့်သည်မှာ ကြာလှသောကြောင့် တွန်းဖွင့်လိုက်ရာ ကျယ်လောင်သောမြည်သံတစ်ချက် ပေါ်ထွက်လာ၏။

ကွမ်းကြိုးက ပွင့်သွားသောတံခါးမှတစ်ဆင့် အိမ်ထဲသို့ လှမ်းကြည့်လိုက်၏။

အထဲတွင် အလင်းရောင်မဝင်ဘဲ မှောင်မည်းနေ၏။

ကွမ်းကြိုးက လက်နှစ်ဖက်ဆုပ်လိုက်ပြီး ...

"ကျုပ်တို့ကို ဝင်ခွင့်ပြုပါ"

ဟု ပြောလိုက်၏။ အတွင်းမှ တုံ့ပြန်သံမရှိပါ။ မြစိမ်းသခင်မလေးက အထဲသို့ လှမ်းဝင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး"

သူမက ထိတ်လန့်စွာအော်ဟစ်ရင်း နောက်သို့ခြေတစ်လှမ်း ဆုတ်မိသွား၏။

သခင်မလေး၏အော်သံကြောင့် အမြွာညီနောင်၏လက်များက ဓားရိုးပေါ်သို့ ရောက်ရှိသွား၏။

ပြီးမှ သခင်မလေးမှာ ဧည့်ခန်းအတွင်းရှိ အရုပ်ကြီးတစ်ရုပ်ကို တွေ့ကာ လန့်အော်ခြင်း ဖြစ်သည်ကို သိသွား၏။

မြစိမ်းသခင်မလေးမှာ တုန်ယင်သွားသောစိတ်ကို ထိန်းသိမ်းလိုက်၏။

သူမရှေ့တည့်တည့်တွင် ရုပ်တုတစ်ခုရှိ၏။

ထိုရုပ်တုသည် လူတစ်ယောက်၏ အရွယ်အစားအတိုင်းပင်။ မျက်နှာထားက လွန်စွာကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ရှေးဟောင်းပန်းပုရုပ်တုတစ်ခုပင် ဖြစ်ပါသည်။ သခင်မလေးက အခန်းတွင်း တစ်ပတ်လှည့် အကဲခတ်ကြည့်လိုက်၏။

အခန်းတစ်ခုလုံး ရှေးဟောင်းရုပ်တုများ အပြည့်ပင်။

ရုပ်တုများကို စနစ်တကျထားခြင်း မဟုတ်ဘဲ ဖြစ်သလို ထားခြင်းဖြစ်၍ ရှုပ်ပွနေ၏။

အချို့ရုပ်တုများတွင် ပင့်ကူအိမ်များပင် တွယ်နေ၏။

"အင်း ... ဒီအိမ်ထဲ တစ်ယောက်တည်းသာလာရရင်



ကြောက်စရာပဲ"

ဟုတွေးလိုက်၏။ ထိုစဉ် ...

"ဘယ်သူလဲ ကျုပ်အိမ်ထဲဝင်လာတာ"

သခင်မလေး အထိတ်တလန့် ဖြစ်သွားပြီး လှည့်ကြည့်လိုက်၏။ မည်သူ့ကိုမျှ မတွေ့ရဘဲ ရုပ်တုများသာ တွေ့ရ၏။

သူမ ကြည့်နေစဉ်ပင် ရုပ်တုတစ်ခု လှုပ်ရှားလာလေသည်။

"ဟင်"

သခင်မလေးက ထိတ်လန့်သွားပြီး ခြေတစ်လှမ်း အလိုလို ဆုတ်မိသွား၏။ ရုပ်တုက ပြုံးပြလိုက်၏။ ပြုံးပြလိုက်မှ ပို၍ကြောက်စရာကောင်းသည်ဟု ထင်မိ၏။ သခင်မလေးက ...

"ရှင် ရှင်ဘယ်သူလဲ"

ရုပ်တုက ...

"မင်းဘယ်သူလဲဆိုတာ ကျုပ်က မေးရမှာ"

မြစိမ်းသခင်မလေးက ...

"ဒါဆို ရှင်က လင်စုကွမ်းလား"

-ထိုလူ အဖြေမပေးခင်ပင် ကွမ်းကြိုးက ဝင်ပြောလိုက်သည်။

"ဟုတ်တယ် ... သူဟာ လင်စုကွမ်းပါပဲ"

လင်စုကွမ်းက ...

"မင်းတို့ ဘာကိစ္စရှိလို့လဲ၊ ကျုပ်က မင်းတို့နဲ့ စကားပြောဖို့

www.burmeseclassic.com

www.burmeseclassic.com



အချိန်မရှိဘူး"

မြစိမ်းသခင်မလေးက အိတ်ထဲမှ ကြေးတံဆိပ်ပြားလေးကို ထုတ်ပြလိုက်၏။

"ဒီပစ္စည်းက ရှင့်ပစ္စည်းလား"

လင်စုကွမ်းက မျက်မှောင်ကြုတ်သွား၏။

"ဟုတ်တယ် ... မင်း ဘယ်ကရလာတာလဲ၊ ကျုပ်ဆီက ပျောက်သွားတာ ဆယ်ရက်လောက်ရှိနေပြီ"

မြစိမ်းသခင်မလေးက မဲ့လိုက်၏။ လင်စုကွမ်းသည် ဟန်ဆောင်ကောင်းလှသည်ဟု သူမက ထင်မိ၏။

"ဝီကောင်းဆီကရခဲ့တယ်"

"ဟုတ်ပါတယ်"

"သူက ဘယ်လိုရသွားပါလိမ့်"

မြစိမ်းသခင်မလေးက မဲ့လိုက်၏။ လင်စုကွမ်းသည် ဟန်ဆောင်ကောင်းလှသည်ဟု သူမထင်မိသည်။ ထို့ကြောင့် သွယ်ဝိုက်မနေတော့ဘဲ ဖြောင့်မေးလိုက်လေသည်။

"ဝီကောင်း သေသွားပြီ၊ သူ့အလောင်းနားက ဒီပစ္စည်းကို ရခဲ့တာပဲ"

လင်စုကွမ်း မျက်လုံးပြူးသွား၏။ ပြီးမှ သဘောကျစွာ ရယ်မောလိုက်၏။

"ဪ ... မင်းတို့က ကျုပ်ကို လူသတ်သမားလို့ ထင်နေ





တာကိုး"

မြစိမ်းသခင်မလေးက ...

"ရှင်က ဘာကြောင့် ဝီကောင်းကို သတ်လိုက်ရတာလဲ"

လင်စုကွမ်းက ပြန်မေးလိုက်၏။

"ကျုပ်က ဘာကြောင့်သတ်ရမှာလဲ"

မြစိမ်းသခင်မလေးက ...

"ဝီကောင်းကို နှုတ်ပိတ်လိုက်တာပဲ"

လင်စုကွမ်းက ...

"မင်းက ဘာကြောင့် ကျုပ်ကို စွပ်စွဲနေရတာလဲဗျ"

မြစိမ်းသခင်မလေးက ...

"ကျွန်မ ရှင်းရှင်းပဲပြောမယ် ... ရှင်က ဘာကြောင့် နာနာဘာဝတောင်ကြားမြေပုံ ကောလာဟလလွှင့်ပြီး သိုင်းလောကသားတွေ ပြိုကွဲအောင် လုပ်ရတာလဲ"

လင်စုကွမ်း၏မျက်နှာ တင်းမာသွား၏။

"မင်းလွန်လာပြီ၊ ကျုပ် ဒေါသမထွက်ခင် အမြန်ဆုံး ထွက်သွားစမ်း"

ဟု အော်ငေါက်လိုက်၏။ မြစိမ်းသခင်မလေးက ...

"ကျွန်မက အဖြေမသိရဘဲနဲ့ ထွက်သွားမှာမဟုတ်ဘူး"

လင်စုကွမ်းက ...

"မင်းမိခင်ကို ကျုပ်က ကြောက်နေမယ်လို့တော့ မထင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းသခင်မလေးက ...

"ရှင်က ကျွန်မတို့ကို သိနေတာကိုး"

လင်စုကွမ်းက ...

"အမြှာညီနောင်ပါလာမှတော့ ကျုပ်ကမသိဘဲ မနေပါဘူး"

မြစိမ်းသခင်မလေးက ...

"ဒါဆိုရင် ရှင် မှန်မှန်ပြောဖို့ကောင်းပြီ"

လင်စုကွမ်းက ...

"မင်းတို့က ကျုပ်ကိုစော်ကားလွန်းတယ်၊ ဒီအတွက် မင်းတို့ကို ဆုံးမမှ ဖြစ်တော့မယ်"

သူ၏အသံမာလာသလို မျက်လုံးများကလည်း မီးဝင်းဝင်းတောက်လာလေသည်။ ကွမ်းကြိုး ...

"ခင်ဗျား ဖုံးကွယ်မနေနဲ့၊ ခင်ဗျားနဲ့အတူ ဘယ်သူတွေ ပါသလဲဆိုတာ ပြောစမ်း"

ဟု ဝင်အော်ငေါက်လိုက်သည်။ လင်စုကွမ်းမှာ ပို၍ ဒေါသထွက်သွား၏။

"မင်းတို့ တရားလွန်လာပြီ"

ကွမ်းကြိုးက ...

"ခင်ဗျားက ဝိကောင်းကို မသတ်ရင် ခင်ဗျားရဲ့ကြေးတံဆိပ်က ဘယ်လိုလုပ် သူ့အလောင်းနား ရောက်နေရတာလဲ"

လင်စုကွမ်းက ...



"ကျုပ်ပျောက်တယ်လို့ ပြောပြီးပြီပဲ"

သခင်မလေးက ...

"ရှင် ဒီလိုပြောရုံနဲ့ ဘယ်ဖြစ်မလဲ"

လင်စုကွမ်းက မဲ့လိုက်ပြီး ...

"မင်းတို့က ဘာလုပ်ချင်သလဲ"

ဟု စိန်ခေါ်လိုက်လေသည်။ သူသည် ဒေါသထွက်နေ၏။ ကွမ်းကြိုးက ...

"သူဟာ လူသတ်သမားပဲ၊ သူ့ကို ဒီလိုမေးနေလို့ရမှာ မဟုတ်ဘူး"

လင်စုကွမ်းက ပို၍ ဒေါသထွက်သွား၏။ သူသည် စိတ်မထိန်းတော့ဘဲ ကွမ်းကြိုးထံ လက်ဝါးတစ်ချက် ရိုက်ချလိုက်၏။

ကွမ်းကြိုးက နောက်ဆုတ်ရှောင်တိမ်းလိုက်ပြီး ...

"ခင်ဗျားက ကျုပ်ကိုပါ နှုတ်ပိတ်မလို့လားဗျ"

ဟု အော်လိုက်ပြန်၏။ လင်စုကွမ်းမှာ မည်သို့မျှ ဒေါသမထိန်းနိုင်တော့ပါ။ သူသည် ကွမ်းကြိုးထံ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။ ကွမ်းကြိုးက အမြန်ရှောင်တိမ်းလိုက်၏။

'ဝုန်း'

ကွမ်းကြိုးနောက်ရှိရုပ်တုမှာ လင်စုကွမ်း၏လက်ခါးချက်ကြောင့် ကြေမွသွားလေသည်။

အမြွှာညီနောင်က ကြည့်မနေနိုင် တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ဓားဆွဲထုတ်ကာ ဟန့်တားလိုက်လေသည်။ လင်စုကွမ်းက မဲ့လိုက်၏။ သူသည် ဓားဆွဲထုတ်လိုက်ပြီး ...

"ကောင်းပြီ ... မင်းတို့ရဲ့ဓားပညာကို ကျုပ်က လေ့လာချင်နေတာနဲ့ အတော်ပဲ"

သူသည် ပြောပြီးသည်နှင့် ဓားကို ဝှေ့ယမ်းကာ တရကြမ်းတိုက်ခိုက်လိုက်လေသည်။ အမြွာညီနောင်တို့ကလည်း ချက်ချင်းပင် ဘယ်ညာခွဲကာ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

ထိပ်တန်းဓားသမားများ၏ တိုက်ပွဲဖြစ်သောကြောင့် အလွန်အမင်း ပြင်းထန်ပြီး ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှပေ၏။

✦

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်လာ၏။ ဓားကွက်နှစ်ရာကျော်လာပြီဖြစ်၏။

တစ်ချက်မှအမှားမခံသောအခြေအနေသို့ ရောက်ရှိလာလေသည်။

အမြွာညီနောင်၏ဓားပညာသည် အလွန်မှ ကြောက်စရာကောင်း၏။ သိုင်းလောကတွင် သူတို့နှစ်ဦး၏ ပူးပေါင်းတိုက်ခိုက်မှုကို





ခံယူနိုင်သူ အတော်နည်းပါး၏။

ယခု လင်စုကွမ်းမှာ သိုင်းကွက်နှစ်ရာကျော်သည်အထိ ခုခံတိုက်ခိုက်သဖြင့် သူ၏ဓားပညာလည်း မြင့်မားလှကြောင်း သိသာလှပေသည်။

မြစိမ်းသခင်မလေးမှာ တိုက်ပွဲကို ကြည့်နေလေသည်။ သူတို့၏တိုက်ပွဲသည် အရှုံးအနိုင် ရှိမည်မဟုတ်ဟု တွေးလိုက်မိ၏။ သူမက တိုက်ပွဲကိုငေးရင်း တွေးနေမိ၏။

လင်စုကွမ်း၏ ဓားပညာသည် ကောက်ကျစ်မှုလုံးဝမပါသော ဓားပညာဖြစ်၏။ လင်စုကွမ်းသည် သူမတို့စွပ်စွဲသလို လူသတ်သမား ဟုတ်ပါမည်လော။

သူပြောသလို တံဆိပ်ပြား ပျောက်ဆုံးခြင်းလော၊ သူ၏စိတ်ထားရော ကောက်ကျစ်ပါမည်လော။ တရားခံသည် လင်စုကွမ်း မဖြစ်နိုင်ဟု တွေးတောလိုက်လေသည်။

"သူဟာ တရားခံမဖြစ်နိုင်ဘူး"

ဟု လွှတ်ခနဲ ရေရွတ်လိုက်၏။

- လင်စုကွမ်းကို သေသေချာချာ မေးမြန်းသင့်သည်ဟု ယူဆလိုက်၏။ သူမက ချက်ချင်း အော် ဟစ်လိုက်၏။

"ရပ်လိုက်ကြပါ"

သူမ၏ ကျယ်လောင်စွာ အော်ဟစ်သံကြောင့် တိုက်ပွဲမှာ ရုတ်ခြည်း ရပ်တန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကွမ်းကြိုးက ခုန်ဝင်ကာ လင်စုကွမ်း၏ရင်ဝသို့ ဓား တစ်ချက် ထိုးသွင်းလိုက်၏။

သူ၏လှုပ်ရှားမှုက လျှင်မြန်လွန်းလှ၏။ အားလုံး မှင်တက် မိနေကြလေသည်။ လင်စုကွမ်းမှာ မရှောင်လိုက်နိုင်ပါ။

'ဗွပ်'

"အင့်"

ဓားက လက်ကိုင်အထိ တိုးဝင်သွား၏။ လင်စုကွမ်း၏ခန္ဓာ ကိုယ်မှာ တအိအိနှင့် ကြမ်းပေါ်ပြိုလဲကျသွားလေတော့သည်။

'ဝုန်း'

မြစိမ်းသခင်မလေးမှာ ကွမ်းကြိုးအား ဒေါသတကြီး ကြည့် လိုက်သည်။

"ရှင် ... ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

ကွမ်းကြိုးက ...

"ကျုပ်က ကူညီတိုက်ခိုက်လိုက်တာပါ၊ ကျုပ် ဓားချက်က သူ့ကို ထိပါးရုံတောင် မတတ်နိုင်ဘူးလို့ ထင်ခဲ့တာဗျ"

မြစိမ်းသခင်မလေးက ...

"ရှင် သူ့ကိုမသတ်သင့်ဘူး"

ကွမ်းကြိုးက သက်ပြင်းချလိုက်၏။

"ကျုပ်က သူ့ကို ဝင်မတိုက်ရင် သူက အမြွာညီနောင်ကို သတ်မှာပဲ"



မြစိမ်းသခင်မလေးက ...

"သူ သေသွားတော့ ကျွန်မတို့က ဘယ်သူ့ကိုမေးရမှာလဲ"

ကွမ်းကြိုးက ...

"ကျုပ် ကျုပ်စိုးရိမ်ပြီးတိုက်ခိုက်မိတာပါဗျာ"

သူ၏မျက်နှာပေါ်တွင် စိတ်မကောင်းဟန်များ ပေါ်ပေါက် လာ၏။ အမြွာညီနောင်ထဲမှ အစ်ကိုကြီးဖြစ်သူက ...

"ထားလိုက်ပါတော့ဗျာ၊ ကျုပ်တို့သွားကြစို့"

ကွမ်းကြိုးက ...

"ဘယ်သွားကြမလဲ"

အစ်ကိုကြီးက ...

"သတင်းထပ်စုံစမ်းရမှာပေါ့"

ကွမ်းကြိုးက ...

"ကျုပ်မှာ ဂေဟာကိုပြန်ပြီး ထိန်းသိမ်းရဦးမှာမို့ လိုက်ပို့ မဖြစ်တော့ဘူးဗျ"

ညီလေးက ...

"ကောင်းပြီလေ၊ သတင်းရတဲ့အခါ ကျုပ်တို့ကို အကြောင်း ကြားဖို့ မမေ့ပါနဲ့"

ကွမ်းကြိုးက ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ... ကဲ ကျုပ်ကို ခွင့်ပြုပါဦး"

သူသည် မြစိမ်းသခင်မလေးအား ဦးညွတ်နှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



လမ်းခွဲထွက်ခွာသွားလေသည်။

✦

နောက်သုံးရက်အကြာ မြစိမ်းဒေဝီက ...

"နာနာဘာဝတောင်ကြားမြေပုံကြောင့် သိုင်းလောကသား သုံးဆယ်မက သေခဲ့ပြီ၊ သိုင်းအဖွဲ့အစည်းတွေလည်း ပျက်စီးသွားခဲ့ပြီ"

ဟု စိတ်ထိခိုက်စွာ ပြော၏။ အစ်ကိုကြီးက ...

"ကျွန်တော်တို့လည်း လင်စုကွမ်း သေဆုံးသွားတဲ့အတွက် မျက်ခြည်ပြတ်သွားခဲ့တယ်"

မြစိမ်းသခင်မလေးက ...

"ကျွန်မတော့ လင်စုကွမ်းလို့ မထင်ဘူး"

အစ်ကိုကြီးက ...

"ဘာဖြစ်လို့လဲ သခင်မလေး"

မြစိမ်းသခင်မလေးက ...

"လင်စုကွမ်းဟာ တစ်ယောက်တည်း နေထိုင်တယ်၊ သူ့မှာ မိတ်ဆွေမရှိဘူး၊ အခုကိစ္စက လူတစ်ယောက်တည်းရဲ့စနက် မဖြစ်နိုင်ဘူး"





အစ်ကိုကြီးက ...

"ဘာပဲဖြစ်ဖြစ် လင်စုကွမ်းသေပြီးမှ နာနာဘာဝတောင်ကြား မြေပုံသတင်း လျှော့သွားတာပဲ မဟုတ်လား"

မြစိမ်းသခင်မလေးက ...

"ကျွန်မကတော့ လင်စုကွမ်းက ဓားစာခံဖြစ်သွားတယ် ထင်တာပဲ"

မြစိမ်းဒေဝီက ...

"သမီးရဲ့အယူအဆကို ရှင်းပြပါဦး"

မြစိမ်းသခင်မလေး အဖြစ်အပျက်များကိုပြောပြလိုက်ပြီး...

"လင်စုကွမ်းရဲ့စကား မှန်ကန်မယ်လို့ သမီးထင်တယ်"

အစ်ကိုကြီးက ...

"ဒါဆို ဝိကောင်းနားမှာ ဘာဖြစ်လို့ သူ့တံဆိပ်ပြားရောက်နေသလဲ"

မြစိမ်းသခင်မလေးက ...

"တစ်စုံတစ်ယောက်က လင်စုကွမ်းလို့ ယူဆအောင် ထားခဲ့တာ ဖြစ်ရမယ်"

ညီလေးက ...

"အဲဒီလူက ဘယ်သူလဲ"

မြစိမ်းသခင်မလေးက ...

"ကျွန်မစဉ်းစားနေတယ်၊ အဖြစ်နိုင်ဆုံးကတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ပြောရင်း ခုန်ထလိုက်၏။

"ကျွန်မသိပြီ ... သူပဲ ဖြစ်ရမယ်"

သူမသည် အော်ဟစ်လိုက်ပြီးနောက် အခန်းထဲမှ ပြေးလွှား ထွက်ခွာသွားလေတော့သည်။

✦

အမြွာညီနောင်တို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

မြစိမ်းဒေဝီက ...

"သမီး ဘာကို စဉ်းစားမိသွားတာလဲ"

အစ်ကိုကြီးက ...

"တရားခံကို သူသိသွားပြီထင်တယ်"

ညီလေးက ...

"ဟုတ်တယ် ... တရားခံ ဘယ်သူလဲ"

အစ်ကိုကြီးက ...

"ကျုပ်လည်း မသိဘူး"

မြစိမ်းဒေဝီက ...

"တရားခံဟာ ရွှေကျားကွမ်းကြိုးပဲ ဖြစ်ရမယ်၊ ဒါကြောင့်



သမီး ချက်ချင်းပြန်သွားတာပဲ"

"ဗျာ"

အစ်ကိုကြီးမှာ မျက်နှာပျက်သွား၏။ ညီလေးက ...

"ဒါဆို ကျုပ်တို့ အမြန်လိုက်သွားမှ ဖြစ်မယ်"

မြစိမ်းဒေဝီက ...

"ဟုတ်တယ် ... မင်းတို့ အမြန်လိုက်သွားပါ၊ ကွမ်းကြိုးကို ကျုပ်ရှေ့ ခေါ်လာခဲ့"

အမြွာညီနောင်တို့က မြစိမ်းဒေဝီအား အရိုအသေပြုလိုက် ပြီးနောက် အခန်းထဲမှ ချက်ချင်းပြေးလွှားထွက်ခွာသွားလေသည်။

✦

နေရောင်ခြည်သည် ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်း သို့ ပူနွေးစွာ ကျရောက်နေ၏။

ရွှေကျားကွမ်းကြိုးက အခန်းတွင်း၌ ထိုင်နေ၏။ သူ၏မျက် နှာတွင် ဝေဒနာခံစားနေရဟန် ရှိ၏။

သူ၏ရှေ့တွင် အရက်ခွက်တစ်ခွက်က အဆင်သင့် ရှိနေ၏။

ရွှေကျားကွမ်းကြိုးက သက်ပြင်းချလိုက်ပြီး အိတ်ထဲမှ ဆေး လုံးတစ်လုံး ကိုယူကာ အရက်နှင့် မှောသောက်လိုက်၏။ ပြီးမှ လေ

www.burmeseclassic.com

www.burmeseclassic.com



ပူတစ်ချက် မှုတ်ထုတ်လိုက်၏။

မျက်နှာပေါ်မှ ဝေဒနာခံစားနေရဟန်များ တဖြည်းဖြည်း လျော့ကျသွားလေသည်။

ကွမ်းကြိုးက နဖူးပေါ်မှ ချွေးများကိုသုတ်လိုက်၏။

ထိုစဉ် တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။

'ဒေါက် ဒေါက်'

ကွမ်းကြိုးက မျက်မှောင်ကြုတ်သွားပြီး ...

"ဝင်ခဲ့ပါ"

တံခါးပွင့်သွားပြီး သူ၏ယ်သားတစ်ဦး ဝင်လာ၏။ ငယ်သားက အရိုအသေပြုလိုက်ပြီး ...

"ညှို့သည်နှစ်ယောက် ရောက်လာပါတယ်"

ကွမ်းကြိုးက ...

"ကျုပ် ဘယ်သူနဲ့မှ မတွေ့ချင်ဘူးလို့ ပြောထားတယ် မဟုတ်လား"

ငယ်သားက ...

"ဟုတ်ကဲ့ ... သူတို့က အတင်းဝင်လာလို့ ကျွန်တော်တို့လူတွေ အတော်ဒဏ်ရာရကုန်ပါပြီ"

ကွမ်းကြိုး၏မျက်လုံးများ ပြူးကျယ်သွား၏။

"ဘယ်သူတွေလဲ"

ငယ်သားက ...



"အမြွာညီနောင်လို့ ပြောပါတယ်"

"ဟင်"

ကွမ်းကြိုး၏ခန္ဓာကိုယ်တစ်ချက် တုန်ခါသွား၏။ မျက်နှာမှာလည်း ဖြူရော်သွားလေသည်။

"သူတို့သိသွားပြီထင်တယ်"

သူသည် တီးတိုးရေရွတ်ရင်း ထိုင်ရမလို ထရမလို ဖြစ်သွားသည်။

ထိုစဉ် အပြင်ဘက်မှ တိုက်ခိုက်သံများကို ကြားလိုက်ရလေသည်။

ကွမ်းကြိုးက သက်ပြင်းချလိုက်သည်။

"အင်း ... ရှောင်လွှဲလို့ မရတဲ့အတူတူ အခြေအနေကြည့်ပြီး လှုပ်ရှားရမှာပဲ"

သူသည် ဓားကိုကောက်ယူပြီး အခန်းထဲမှ ထွက်လာခဲ့လေတော့သည်။

✦

ရွှေကျားဂေဟာသားများမှာ အမြွာညီနောင်အား ဂေဟာအတွင်း မဝင်နိုင်အောင် ဟန့်တားနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမြွာညီနောင်၏တိုက်ခိုက်မှုကို ကြာရှည်မဟန့်တားနိုင်ဘဲ တစ်ယောက်ပြီးတစ်ယောက် ဒဏ်ရာရသွားကြလေသည်။

သူတို့သည် အမြွာညီနောင်အား မတိုက်ခိုက်ရဲတော့ပါ။ ဝိုင်းရံရုံသာ ဝိုင်းရံထားသည်။

အမြွာညီနောင်က ရှေ့သို့တစ်လှမ်းချင်းတိုးလာရာ အစောင့်များက တစ်လှမ်းချင်း နောက်ဆုတ်ပေးရင်း ဂေဟာညှော့ခန်းဆီသို့ပင် ရောက်ရှိလာလေသည်။

ထိုစဉ်မှာပင် ...

"ရပ်လိုက်"

အမိန့်သံနှင့်အတူ ရွှေကျားကွမ်းကြီးက ပေါ်ထွက်လာသည်။ ရွှေကျားကွမ်းကြီးက သူ၏ငယ်သားများကို ကြည့်လိုက်သည်။

ငယ်သားများ ဒဏ်ရာရနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။ ရွှေကျားကွမ်းကြီး၏

ရင်ထဲ၌ အလွန်တုန်လှုပ်သွားသည်။

အမြွာညီနောင်အား ဟန့်တားနိုင်စွမ်းမရှိသည်ကို ကောင်းစွာ နားလည်လိုက်သည်။

သို့သော် သူက ဣန္ဒြေမပျက် မေးလိုက်၏။

"ခင်ဗျားတို့က လွန်လှချည်လား ... ဘာကြောင့် ကျုပ်



ငယ်သားတွေကို တိုက်ခိုက်ရတာလဲ"

အစ်ကိုကြီးက ...

"မင်းရဲ့ငယ်သားတွေက ကျုပ်တို့ကို မင်းနဲ့မတွေ့ဖို့ ဟန့်တားတာကိုး ဗျ"

ကွမ်းကြီးက ...

"ကျုပ်နဲ့တွေ့ချင်လို့ ... ဟုတ်လား၊ ဘာကိစ္စများရှိနေလို့လဲ"

အစ်ကိုကြီးက ...

"မင်းမသိချင်ယောင် ဆောင်မနေနဲ့"

ကွမ်းကြီးက မျက်နှာပျက်သွား၏။

"ခင်ဗျားတို့ ဘာတွေလာပြောနေတာလဲ"

ညီလေးက ...

"မင်းကပဲ မြေပုံသတင်းလွှင့်ပြီး လင်စုကွမ်းကို ဓားစာခံလုပ်ခဲ့တာ ကျုပ်တို့သိပြီးပါပြီ"

ကွမ်းကြီး၏မျက်နှာ ဖြူရော်သွား၏။ အစ်ကိုကြီးက ...

"မင်းက အကြံပိုင်သားပဲ၊ လင်စုကွမ်းကို ရှင်းချင်နေတာနဲ့ ကျုပ်တို့ကို အသုံးချလိုက်တာပေါ့"

ကွမ်းကြီးက ...

"ခင်ဗျားတို့သိနေပြီကိုး"

ညီလေးက ...

"ဟုတ်တယ် ... ကျုပ်တို့သခင်မလေး ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းကြိုး၏မျက်ဝန်းများ တောက်ပသွား၏။ သူသည် ချက်ချင်း အကြံရသွားလေသည်။ သူသည် အမြွာညီနောင်အား မည်သို့မျှ ခုခံတိုက်ခိုက်နိုင်မည် မဟုတ်ပါ။

လှည့်စားအနိုင်ယူရမည်သာ ဖြစ်လေသည်။ ကွမ်းကြိုးက ရယ်မောလိုက်ပြီး ...

"မင်းတို့သခင်မလေးက ကျုပ်လက်ထဲမှာ ကောင်းကောင်း မွန်မွန် ရှိပါတယ်ဗျာ"

"အင်"

အမြွာညီနောင်မှာ မျက်နှာပျက်သွား၏။ ညီလေးက ...

"ကျုပ်တို့သခင်မလေးကို ပြန်လွှတ်ပေးစမ်း ... မဟုတ်ရင် မင်းကို သတ်ပစ်ရမယ်"

သူသည် ကြိမ်းမောင်းရင်း ရှေ့သို့ တိုးလာလေသည်။ ကွမ်းကြိုးက ...

"ခင်ဗျားတို့ ငြိမ်ငြိမ်နေစမ်း၊ ကျုပ်ကို သတ်မယ်ဆိုရင် ခင်ဗျားတို့သခင်မလေးက အရင်သေသွားရလိမ့်မယ်"

ညီလေး၏ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွား၏။

သူသည် အစ်ကိုကြီးကို တစ်ချက်လှမ်းကြည့်လိုက်၏။ အစ်ကိုကြီးမှာ တွေဝေနေသည်။

သူသည် မည်သို့ ဆုံးဖြတ်ရန်မသိ ဖြစ်နေလေသည်။ ကွမ်းကြိုးက ဆက်လက်၍ ခြိမ်းခြောက်လိုက်၏။





"ခင်ဗျားတို့သခင်မလေး. အသက်ရှင်လျက် တွေ့ချင်ရင် ကျုပ်စကားကို နားထောင်ပါ"

အစ်ကိုကြီးက အံကို တင်းတင်းကြိတ်လိုက်၏။

"ကွမ်းကြိုး ... သခင်မလေးသာ တစ်စုံတစ်ခုဖြစ်မယ်ဆိုရင် မင်းကို ဘယ်တော့မှ ခွင့်မလွှတ်ဘူးဆိုတာ နားလည်ထားပါ"

ကွမ်းကြိုးက မခိုးမခန့် ပြုံးလိုက်၏။

ဤပွဲတွင် သူအနိုင်ရသွားပြီဟု နားလည်လိုက်၏။

ကွမ်းကြိုးက ...

"ခင်ဗျားတို့ အခုချက်ချင်း ဓားတွေပစ်ချလိုက်ပါ၊ ပြီးတော့ တစ်ယောက်သွေးကြော တစ်ယောက်ပိတ်လိုက်ပါ"

ဟု အေးစက်စွာ ပြောလိုက်၏။

အစ်ကိုကြီးက ...

"မင်းစကားကို ကျုပ်တို့ မနာခံနိုင်ဘူး"

ကွမ်းကြိုးက ...

"ဒါဆို ခင်ဗျားတို့ သခင်မလေးကို ဘယ်တော့မှ အသက် ရှင်လျက် မတွေ့ရဘူး"

အမြွာညီနောင်တို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ ညီလေးက ...

"ကျုပ်တို့ ရွေးစရာလမ်းမရှိအောင် လုပ်နေတာလား"

ကွမ်းကြိုးက ရင်ထိတ်သွား၏။ သူ ချက်ချင်းပင် ပြန်ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"မဟုတ်ဘူး ... ရွေးစရာလမ်းတစ်ခုတော့ ရှိပါသေးတယ်"

အစ်ကိုကြီးက ...

"ပြောပါ"

ကွမ်းကြိုးက ...

"ခင်ဗျားတို့ သခင်မလေးကို ပြန်လိုချင်ရင် ခင်ဗျားတို့ လက်တစ်ဖက်စီ ထားခဲ့ရမယ်"

အစ်ကိုကြီး မျက်နှာပျက်သွား၏။ ညီလေးက အံကြိတ်လိုက်ပြီး ...

"ကောင်းပြီ ... ခင်ဗျားကတိအတိုင်း သခင်မလေးကို ပြန်လွှတ်ပေးရမယ်"

ကွမ်းကြိုးက ရယ်မောလိုက်၏။

"စိတ်ချပါဗျာ ... ခင်ဗျားတို့လက်ပြတ်ပြီးတာနဲ့ သခင်မလေးကို ပြန်လွှတ်ပေးပါမယ်"

✦

မြစိမ်းသခင်မလေးမှာ ရွှေကျားဂေဟာအနီးသို့ ရောက်ရှိလာလေသည်။



သူမက ခရီးလမ်းမကျွမ်းကျင်သောကြောင့် အတော်ပင်နောက်ကျပြီးမှ ရောက်ရှိလာခြင်း ဖြစ်၏။

သူမက ရွှေကျားဂေဟာအား တစ်ချက်ကြည့်လိုက်သည်။

ရွှေကျားကွမ်းကြိုး၏ လှည့်ကွက်တွင်းသို့ သူမတို့ တစ်ကြိမ်ဝင်ခဲ့မိပြီဖြစ်၏။

ရွှေကျားကွမ်းကြိုးအား မယုံကြည်ရပါ။

ရွှေကျားကွမ်းကြိုးသည် သူမတို့ သံသယဝင်လာမည်ကို တွေးထင်ထားနိုင်၏။

ထို့ကြောင့် သူမ ရွှေကျားဂေဟာအတွင်းသို့ ပြောင်ဝင်သွားရန်အကြံကို ပယ်ဖျက်လိုက်၏။

ရွှေကျားကွမ်းကြိုးအား တိုက်ခိုက်ရန် အငိုက်ဖမ်းဖို့ စဉ်းစားလိုက်ပြီး ဂေဟာနောက်ဘက်မှ လှည့်ဝင်လာခဲ့လေတော့သည်။

✦

ရွှေကျားကွမ်းကြိုက ရယ်မောလိုက်၏။ အမြွာညီနောင်ကိုသာ သူက ရှင်းပစ်နိုင်လျှင် ဆုငွေများစွာ ရရှိနိုင်သည်ကို တွေးကာ ပျော်ရွှင်သွားတော့၏။ ရွှေကျားကွမ်းကြိုးက ...

"ကဲ ... ကြာတယ် အချိန်မရှိဘူး၊ ကျုပ် အမိန့်ပေးလိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ သခင်မလေး သေသွားရမယ်”

ဟု ထပ်မံ၍ ခြိမ်းခြောက်လိုက်၏။ အစ်ကိုကြီးက အံကို တင်းတင်းကြိတ်လိုက်၏။ သူ မည်သို့ လုပ်ရမည်နည်း။ သူ၏ လက်ကိုဖြတ်လျှင် ကွမ်းကြိုးအား မည်သို့မျှ နိုင်တော့မည်မဟုတ်ပါ။

လက် မဖြတ်ပါကလည်း သခင်မလေး သေဆုံးသွားရမည်ကို စိုးရိမ်ရ၏။

ကွမ်းကြိုး ကတိတည်မည်ဟု သူမထင်ပါ။

သူတို့ လက်ဖြတ်သွားလျှင်လည်း ကွမ်းကြိုးက သခင်မလေးကို လွှတ်ပေးပါမည်လော။

မလွှတ်ပေးပါက သုံးယောက်စလုံး သေဆုံးရမည်ဖြစ်သည်။ သူက သက်ပြင်းချလိုက်၏။ မည်သို့ပင်ဖြစ်စေ သူတို့၏ ပယောဂကြောင့် သခင်မလေး သေဆုံးရခြင်း အဖြစ်မခံနိုင်ပါ။

ကွမ်းကြိုးအား အရှုံးပေးရန် ဆုံးဖြတ်လိုက်၏။ အစ်ကိုကြီးက အံကို တင်းတင်းကြိတ်လိုက်ပြီး ...

“ကောင်းပြီ ... မင်း ကတိတည်ပါစေ”

သူသည် ပြောပြီး ဓားကို ဝဲဘက်လက်သို့ ပြောင်းပြီး ကိုင်လိုက်ပြီး သူ၏ညာဘက်လက်အား ခုတ်ချရန် ပြင်လိုက်သည်။ ကွမ်းကြိုး၏မျက်နှာ ပြုံးရွှင်သွားသည်။

သူသည် အစ်ကိုကြီးလက်ပြတ်မည်ကို အရသာခံကာ မေးကြည့်နေလိုက်လေသည်။ ဓားမှာ မြောက်တက်သွား၏။ ပြန်ကျလာ





လျှင် အစ်ကိုကြီး ဒုက္ခိတ ဖြစ်သွားပေတော့မည်။

“ဟုတ်ပြီ ... ခုတ်ချလိုက်စမ်း”

စိတ်ထဲမှ ကျိတ်၍အော်လိုက်၏။ သို့သော် အစ်ကိုကြီးလက်ထဲမှ ဓားက လေထဲတွင် တန့်နေလေသည်။ ကွမ်းကြိုးက အားမလိုအားမရ ဖြစ်သွား၏။

အစ်ကိုကြီးက ဓားကို အသာပြန်ချလိုက်သည်ကို တွေ့လိုက်ရသည်။ ကွမ်းကြိုးက ...

“ဘာလဲ ... မင်းက မင်းရဲ့သခင်မလေးအသက်ကို မလိုချင်ဘူးလား၊ မင်းလက် မဖြတ်ရင် မင်းနောင်တရလိမ့်မယ်”

ဟု ခြိမ်းခြောက်လိုက်လေသည်။ အစ်ကိုကြီးက ...

“သခင်မလေးကိုသတ်ရင် မင်းကို ကျုပ်သတ်မှာပေါ့”

သူသည် ပြောရင်း ရှေ့သို့တစ်လှမ်းချင်း တိုးလာလေသည်။ ကွမ်းကြိုးမှာ မျက်နှာပျက်သွားလေသည်။ အစ်ကိုကြီး အဘယ်ကြောင့် စိတ်ပြောင်းသွားမှန်း သူ မသိလိုက်ပါ။ သူသည် ကြောက်လန့်လာ၏။ မရဲတရဲနှင့် ထပ်မံခြိမ်းခြောက်လိုက်၏။

“ရပ်စမ်း ... ခင်ဗျား ရှေ့တစ်လှမ်းတိုးရင် ကျုပ်က ခင်ဗျားတို့သခင်မလေးကို သတ်မိန့်ပေးလိုက်မယ်”

အစ်ကိုကြီးက ရယ်မောလိုက်၏။

“ကောင်းပြီ ... သတ်မိန့်ပေးလိုက်ပါ၊ ကျုပ်က ရပ်မှာမဟုတ်ဘူးဗျ”

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြောရင်း လျှင်မြန်စွာ ရှေ့တိုးလာ၏။ ကွမ်းကြိုးမှာ အကြီးအကျယ် ထိတ်လန့်သွား၏။ အမြွာညီနောင်အား သူက လှည့်စားခြိမ်းခြောက်၍ မရတော့ကြောင်း နားလည်သွား၏။

အစ်ကိုကြီးသည် အဘယ်ကြောင့် စိတ်ပြောင်းသွားသည်ကို သူတွေးမရဘဲ ရှိနေ၏။

လတ်တလောအခြေအနေတွင် သူက လွတ်အောင်ပြေးရတော့မည်ကိုသာ တွေးလိုက်မိ၏။

ရွှေကျားကွမ်းကြိုးက ချက်ချင်းနောက်လှည့်ပြေးရန် ဟန်ပြင်လိုက်လေသည်။ ထိုအခိုက် သူ၏ခန္ဓာကိုယ်မှာ ရုတ်တရက် ထုံကျဉ်သွားပြီး မလှုပ်ရှားနိုင်တော့ဘဲ ကြမ်းပြင်ပေါ် လဲကျသွားလေတော့သည်။

'ဂုန်း'

ရွှေကျားကွမ်းကြိုးက သူ့အား နောက်မှ တိုက်ခိုက်သူအား မော့ကြည့်လိုက်၏။ သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

အစ်ကိုကြီး စိတ်ပြောင်းသွားရခြင်းအကြောင်းကိုလည်း သူက ကောင်းစွာသိရှိလိုက်၏။

အဘယ်ကြောင့်ဆိုသော် သူ့အား နောက်မှတိုက်ခိုက်လိုက်သူမှာ မြစိမ်းသခင်မလေး ဖြစ်နေသည် မဟုတ်ပါလား။ ထိုစဉ် ရွှေကျားဂေဟာသားများ လှုပ်လှုပ်ရွရွ ဖြစ်သွား၏။

ချက်ချင်းပင် ဝိုင်းရံတိုက်ခိုက်လာကြလေသည်။ ညီလေးက



ကွမ်းကြိုးအား ပခုံးပေါ် ထမ်းတင်လိုက်၏။ အစ်ကိုကြီးက ...

"ကျုပ် ရှေ့က ဖောက်ထွက်မယ်၊ သခင်မလေး နောက်က လိုက်ခဲ့ပါ"

သူသည် ဓားကို ဝှေ့ယမ်းကာ ရွှေကျားဂေဟာသားများထဲ တိုးဝင်သွားလေသည်။

ရွှေကျားဂေဟာသားများမှာ အစ်ကိုကြီး၏ ပြင်းထန်သော ဓားချက်ကို မခုခံနိုင်ပါ။

နောက်ဆုတ်သွားကြရလေသည်။ မြစိမ်းသခင်မလေးတို့မှာ အလွယ်တကူပင် ရွှေကျားဂေဟာအတွင်းမှ ထွက်လာနိုင်ခဲ့လေတော့သည်။

✦

ဘုံကျောင်းပျက်တစ်ခု ...။

လူတစ်ယောက်မှာ နံရံထောင့်အနီးဝယ် လဲလျောင်းနေသည်။

ထိုစဉ် မွှေးပျံ့သောအသားကင်ရနံ့က သူ၏နှာခေါင်းတွင်းသို့ ဝင်ရောက်လာ၏။

ဝမ်းဗိုက်မှ တကြုတ်ကြုတ်မြည်သံက ပို၍ကျယ်လောင်

www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။ သူသည် လဲလျောင်းပြီး မနေနိုင်သလို ဖြစ်လာ၏။ ထို့ကြောင့် ထထိုင်လိုက်၏။

အသားကင်အနံ့က ပို၍ မွှေးပျံ့ကြိုင်လာ၏။

မကြာမီ လူငယ်တစ်ယောက်က တံစို့ထိုးထားသော အသားကင်ကိုကိုင်ကာ ဝင်ရောက်လာ၏။

လူငယ်က ထိုလူအနီး ဒူးထောက်လိုက်ပြီး ...

"ဆရာ စားလို့ရပါပြီ"

ဟု ရိုသေစွာ ပြောလိုက်၏။ ထိုလူက ပြုံးလိုက်ပြီး ...

"ကျန်းကူး ... မင်းက ဘယ်ဆိုးလို့တုံး၊ ကဲ ... မင်းက အရင်စားလိုက်ပါဦး"

ဟုပြောလိုက်၏။ ကျန်းကူးဆိုသော လူငယ်က ဘာမျှ ပြန်မပြောဘဲ အသားကင်ကို အရင်စားပြလိုက်၏။ ထိချီသည် ကောက်ကျစ်သူတစ်ယောက်ဖြစ်ပြီး မည်သူ့ကိုမျှ မယုံကြည်တတ်ကြောင်း ကျန်းကူးက သိရှိထားသည် မဟုတ်ပါလား။

ထိချီက ကျေနပ်သွား၏။ သူ၏ခါးကြားမှ အရက်အိုးကို ဖြုတ်ကာ အသားကင်နှင့် စားသောက်လိုက်လေသည်။ အတန်ကြာ စားသောက်ပြီးမှ ကျန်းကူးအား ပြန်ပေးလိုက်၏။

"မင်းစားလိုက်တော့"

ကျန်းကူးက တံစို့အား ထည့်လိုက်၏။ တံစို့တွင် အသားကင် အနည်းကျဉ်းမျှသာ ကျန်တော့သည်။





ကျန်းကူးက ချက်ချင်းပင် စားသောက်လိုက်လေသည်။

ထိချီက ကျန်းကူးအား အကဲခတ်ကြည့်လိုက်၏။ ဆယ်ရက်ဟူသော အချိန်အတွင်း သူက ကျန်းကူးအား နည်းမျိုးစုံ စမ်းသပ်ကြည့်ခဲ့၏။

ကျန်းကူးသည် တပည့်ကောင်းပီသလှပေသည်။ သူသည် ကျန်းကူးအား သဘောကျသလို ဖြစ်မိ၏။

ကျန်းကူးအား သိုင်းပညာအနည်းအကျဉ်းမျှ သင်ကြားပေးမည်ဟု စိတ်ကူးမိလေသည်။

ကျန်းကူးမှာ စားသောက်ပြီးစီးသွားသောအခါ နံရံထောင့်တစ်ထောင့်တွင် သွားရောက်ပြီး ခွေခွေကလေး လှဲအိပ်ချလိုက်လေသည်။

မကြာမီ တခေါခေါဟောက်သံ ထွက်ပေါ်လာလေသည်။

ထိချီကလည်း ပြန်လည်လှဲလျောင်းလိုက်၏။ သူသည် အိပ်မပျော်သေးပါ။ ခရီးစဉ်ကို တွေးတောနေ၏။ အတန်ကြာသောအခါ သူက အင်္ကျီအိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ကာ ကြည့်လိုက်လေသည်။

နာနာဘာဝတောင်ကြားမြေပုံ ဖြစ်ပါသည်။

ထိချီက မြေပုံကိုကြည့်ကာ လမ်းခရီးကို တွက်ဆလိုက်၏။ နောက်တစ်လခန့်အတွင်း နာနာဘာဝတောင်ကြားသို့ ရောက်ရှိနိုင်သည်ဟု တွက်ဆလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မြေပုံကို ပြန်လည်သိမ်းဆည်းလိုက်ပြီး အိပ်စက် အနားယူလိုက်လေတော့သည်။

✦

တစ်နေ့ ...။

နံနက်ခင်းအချိန် ထိချီမှာ အိပ်ရာမှနိုးလာ၏။ သူ အိပ်ရာမှ နိုးသောအခါ ကွတ်လပ်ထဲတွင် ကျန်းကူး သိုင်းလေ့ကျင့်နေသည်ကို တွေ့လိုက်ရ၏။

ကျန်းကူး၏သိုင်းပညာမှာ မဆိုးလှပါ။ သို့သော် အလွန် နုနယ်လှကြောင်း တွေ့လိုက်ရ၏.

ကျန်းကူးမှာ အားကြိုးမာန်တက် လေ့ကျင့်နေ၏။

ထိချီမှာ ယနေ့ညတွင် ကျန်းကူးအား ထားခဲ့ပြီး နာနာဘာဝ တောင်ကြားသို့ တစ်ယောက်တည်းသွားရန် စဉ်းစားထားလေသည်။

သူ မသွားမီ ကျန်းကူးညာဏ်မီသလောက် သူ့သိုင်းကွက် အချို့ သင်ကြားပေးလိုက်ရန် စဉ်းစားလိုက်ပြီး ကွက်လပ်ဆီသို့ လျှောက်လာခဲ့လေသည်။

ကျန်းကူးက ထိချီအား တွေ့လိုက်သည်နှင့် ချက်ချင်းပင် ဂါရဝပြုလိုက်၏။ ထိချီက ...



"မင်းက ကျုပ်ရဲ့ ဝတ်ကြီး ဝတ်ငယ်ပြုစုခဲ့တဲ့အတွက် မင်းကို သိုင်းကွက်တစ်ကွက် သင်ပေးမယ်၊ တစ်ကွက်တည်းဆိုပြီး အထင် မသေးနဲ့၊ မင်း သေသေချာချာတော့ ကျင့်ပါ"

သူသည် ဓားကွက်တစ်ကွက် ပြလိုက်၏။ ကျန်းကူးက လိုက်၍ လေ့ကျင့်လိုက်၏။ သို့သော် သုံးလေးကြိမ်မက မှားယွင်းနေ၏။ ထိချီက မျက်မှောင်ကြုတ်သွား၏။

ကျန်းကူးက သိုင်းကွက်လေ့ကျင့်ရာတွင် မှားယွင်းနေခြင်းမှာ ဓားကိုင်ပုံ မှားနေခြင်းဖြစ်ကြောင်း သိလိုက်၏။ ထိချီက ...

"ဓားကိုင်တာ မှားနေတယ်"

သူက ပါးစပ်နှင့်ညွှန်သော်လည်း ကျန်းကူးမှာ မှားမြဲ ဆက် မှားနေလေသည်။

ထိချီက ကျန်းကူးအနား လျှောက်သွားကာ ဓားကိုင်ပုံကို ပြင်ပေးလိုက်လေသည်။

"ဒီလိုကိုင်ရမှာ"

ထိုစဉ် ကျန်းကူး၏လက်က တစ်ချက်ဝှေ့သွား၏။ သူ၏ဓား က ရုတ်တရက် အဆိပ်ပြင်းလှသော မြွေဟောက်တစ်ကောင်နှယ် ထိချီ၏ရင်ဝသို့ တိုးဝင်သွားလေသည်။

ထိချီမှာ ထိတ်လန့်သွား၏။ သူသည် ကျန်းကူးက ယခုလို တိုက်ခိုက်လာမည်ဟု မထင်ခဲ့ပါချေ။

ထိချီမှာ အံ့သြထိတ်လန့်သွားပြီး အမြန်ရှောင်တိမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဓားက ရင်ဝတွင် စိုက်ဝင်သွားလေသည်။

"အင့်"

ထိချိုမှာ နောက်သို့ယိုင်သွား၏။ ရင်ဝကို လက်နှင့်အုပ်လိုက်ပြီး ...

"ကျန်းကူး မင်း ရက် စက်"

သူ့စကားမဆုံးမီပင် မြေပေါ်သို့ လဲပြိုကျသွား၏။ ကျန်းကူးက ရယ်မောလိုက်၏။

"ကျုပ်က ကျန်းကူးမဟုတ်ဘူး၊ ဆားယိစုံပါ၊ ခင်ဗျားဆီက မြေပုံယူမယ့်လူဆိုတာ ခင်ဗျားမသိတဲ့အတွက် စိတ်မကောင်းပါဘူးဗျာ"

ဆားယိစုံက ထိချို၏ ခန္ဓာကိုယ်ပေါ်သို့ ရှာဖွေလိုက်လေသည်။ မကြာမီ မြေပုံနှင့်သော့ကို တွေ့ရှိသွားလေသည်။ ဆားယိစုံ၏ မျက်လုံးများ တောက်ပသွားသည်။

သူသည် စိတ်ရိုင်းများလည်း ဝင်လာ၏။ လောဘရမ္မက်လည်း ပိုတက်လာလေသည်။

"ဒီမြေပုံနဲ့ သော့ဟာ ငါကြိုးစားလို့ရတာ ငါပဲယူရမယ်၊ ငါနဲ့ပဲ ဆိုင်တယ်၊ ဆရာ့ကို ဘာဖြစ်လို့ ပြန်ပေးရမှာလဲ"

"ဟုတ်တယ်၊ ငါကြိုးစားလို့ရတာ ငါပဲယူရမယ်၊ ငါ နာနာဘာဝတောင်ကြားကို သွားမယ်၊ နာနာဘာဝတောင်ကြားက သိုင်းပညာရပြီးရင် ဘယ်သူ့မှ ဂရုစိုက်စရာ မလိုတော့ဘူး"





ဆားယိစုံမှာ မြေပုံနှင့်သော့ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။ ထို့နောက် အရူးတစ်ယောက်အလား အားရပါးရ ရယ်မောလိုက်လေသည်။

အတန်ကြာ ရယ်မောပြီးမှ နေရာမှ ပြေးထွက်လာခဲ့လေတော့သည်။

✦

ဇီချွမ်နယ် ...။

ဇီချွမ်နယ်မှာ ကြီးမားကျယ်ဝန်းလှပေသည်။ စုမာကြွံုးမှာ ခြေဦးတည့်ရာလျှောက်ရင်း နာနာဘာဝတောင်ကြား မြေပုံသတင်းကို စုံစမ်းနေ၏။

သိုင်းလောကတွင် နာနာဘာဝတောင်ကြား မြေပုံအတွက် သက်ဖြတ်နေသော သတင်းများ ကြားနေရ၏။ သူသည် အခြားသော သိုင်းသမားများနှင့် ယှဉ်၍ မြေပုံရရန် မကြိုးစားရဲပါ။

နာနာဘာဝတောင်ကြားသည် ဇီချွမ်နယ်တွင်ရှိကြောင်း သူသိထားခဲ့၏။ ထို့ကြောင့် ဇီချွမ်နယ်အနှံ့ သွားလာရှာဖွေမည်ဟုသာ ဆုံးဖြတ်ချက်ချထားခဲ့ပေသည်။

စုမာကြွံုးမှာ တစ်ယောက်တည်းတွေးရင်း ငေးရင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ခဲ့ပေသည်။

ထိုစဉ် သူ၏ ညာဘက်လမ်းချိုးကလေးမှ လူရိပ်တစ်ရိပ် လှစ်ခနဲ ပြေးဝင်သွားသည်ကို တွေ့လိုက်ရ၏။

စုမာကြီးက မျက်မှောင်ကြုတ်သွား၏။

"ဒီလူဟာ ဆားယိစုံနဲ့ တူသလိုပဲ၊ ဆားယိစုံများလား၊ အို ... မဖြစ်နိုင်ပါဘူး၊ ဆားယိစုံက ဒီကိုရောက်လာနိုင်စရာအကြောင်းမှ မရှိဘဲ"

သူသည် လမ်းချိုးကလေးဆီသို့ လျှောက်လာပြီး လမ်းချိုးထိပ်တွင် ခဏရပ်ကြည့်လိုက်၏။ မည်သူ့ကိုမျှ မတွေ့ရဘဲ လမ်းကလေးမှာ ရှင်းနေ၏။

"ဟင် ... ဘယ်သူမှလည်း မရှိပါလား၊ ငါ မျက်စိများ မှားသလား"

သူသည် တစ်ယောက်တည်း ရေရွတ်ပြီး ရှေ့သို့ ဆက်လျှောက်သွားလိုက်လေတော့သည်။

စုမာကြီး ထွက်သွားပြီး အတော်ကြာသောအခါတွင် လမ်းနံဘေးသစ်ပင်များ လှုပ်ခါသွား၏။

သစ်ပင်ချုံနွယ်များကြားမှ ဆားယိစုံက တိုးထွက်လာလေသည်။

ဆားယိစုံက စုမာကြီးထွက်သွားရာဘက်သို့ လှမ်းကြည့်လိုက်၏။



"စုမာကြီးက ဒီကို ဘယ်လိုရောက်နေပါလိမ့်၊ တော်ပါသေးရဲ့ ... ငါ့ကို မမြင်လို့"

သူသည် စုမာကြီးနှင့် ဆန့်ကျင်ဘက်ကို လျှောက်လာခဲ့လေသည်။

ထိုစဉ် လမ်းအရှေ့ဘက် ခပ်ဝေးဝေးမှ လူတစ်ယောက် လျှောက်လာသည်ကို တွေ့လိုက်ရလေသည်။

ဆားယိစုံမှာ ထိတ်လန့်သွား၏။

ရှေ့မှလူကို သဲကွဲစွာ မမြင်ရသေးသော်လည်း သူ၏ဆရာကျိုကျောက်ဖြစ်သည်ကို သိလိုက်ရလေသည်။

ဆားယိစုံမှာ မည်သို့လုပ်ရမည်ကို မသိဖြစ်သွား၏။

ကျိုကျောက်နှင့်တွေ့လျှင် နာနာဘာဝတောင်ကြားမြေပုံနှင့်သော့ကို ပေးလိုက်ရမည် မဟုတ်ပါလော။

သူ ကြိုးပမ်း၍ ရခဲ့သော တောင်ကြားမြေပုံကို သူမပေးချင်တော့ပါ။ နောက်လှည့်ထွက်ပြေးရန်လည်း အလွန်နောက်ကျနေသည်။ သူက အကြံထုတ်လိုက်၏။

ဉာဏ်နီဉာဏ်နက်များလှသော ဆားယိစုံမှာ တစ်ခဏချင်းပင် အကြံတစ်ခု ရသွားလေသည်။ သူသည် ဒယီးဒယိုင်လျှောက်လိုက်ပြီး မြေပေါ် လဲချလိုက်သည်။

မျက်နှာနှင့်မြေကြီး ထိမိပြီး နှုတ်ခမ်းကွဲကာ သွေးများထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဝတ်စုံကိုလည်း လဲနေရင်းမှ မသိမသာ ဆွဲဖြုလိုက်သည်။ ထို့နောက် ပြန်ထလိုက်ပြီး နှစ်လှမ်းခန့် လျှောက်ကာ တစ်ခါ ပြန်လှဲချလိုက်၏။

'ဝုန်း'

ဤတစ်ကြိမ် အတော်ကြာကြာ လဲနေပြီးမှ အားယူထရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ကျိုကျောက် သူ၏အနားသို့ လျှင်မြန်စွာ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ဆားယိစုံက ပြန်လှဲချလိုက်၏။ ကျိုကျောက်က ချက်ချင်း ပွေ့ထူလိုက်၏။

"ဆားယိစုံ"

ဆားယိစုံက မော့ကြည့်လိုက်၏။ ကျိုကျောက်အား တွေ့သောအခါ သူ၏မျက်နှာ ဝင်းလက်သွား၏။

"ဆ ဆရာ"

ကျိုကျောက် ...

"မင်း ဘယ်လိုဖြစ်တာလဲ၊ ထိချီကော"

ဆားယိစုံက ...

"ထိချီကို ကျွန်ုပ်တော် အလစ်မှာ လုပ်ကြံလိုက်ပြီ"

ကျိုကျောက်မှာ ဝမ်းသာသွား၏။

"မြေ မြေပုံ‌ေကာ"





ဟု အလောတကြီး မေးလိုက်၏။ ဆားယိစုံက ...

"မြေပုံကို ထိချီဆီက ကျွန်တော်ယူလာခဲ့ပါတယ်"

ကျိုကျောက်က ...

"ဘယ်မှာလဲ ပေးစမ်း"

ဆားယိစုံက အံကို တင်းတင်းကြိတ်လိုက်၏။

"ကျွန်တော့်ဆီက စုမာကြုံး လုယူသွားပါတယ်"

"ဘာ"

ကျိုကျောက်က အော်လိုက်၏။

ဆားယိစုံက ...

"သူ ရုတ်တရက် ရောက်လာပြီး အလစ်တိုက်ခိုက်လိုက်လို့ ကျွန်တော် ခံလိုက်ရပြီး စုမာကြုံးနောက်ကို မြေပုံပါသွားတာပါ"

ကျိုကျောက်က ...

"အခု စုမာကြုံး ဘယ်ရောက်သွားပြီလဲ"

"သူ ထွက်ပြေးသွားပါတယ်"

အရှေ့ဘက်ကို ညွှန်ပြကာ ပြောလိုက်လေသည်။

"တွေ့ကြသေးတာပေါ့"

ကျိုကျောက်က ဒေါသတကြီး ပြေးလွှားသွားလေတော့သည်။

✦

www.burmeseclassic.com

www.burmeseclassic.com



စုမာကြီးက ခြေလှမ်းမှန်မှန် လှမ်းသွားနေရင်း သူ၏ရှေ့သို့ ရုတ်တရက် ရောက်ရှိလာသော ကျိုကျောက်ကို အထိတ်တလန့် ကြည့်လိုက်သည်။

"ဆရာ"

ကျိုကျောက်က ...

"ဩော် ... မင်းက ငါ့ကို ဆရာခေါ်ဝံ့သေးတယ် ... ဟုတ်လား"

"ကျွန်တော်"

"မင်းက တခြားမှာ ပညာသင်ပြီး ငါတို့ကို ဒုက္ခပေးချင်တာပေါ့ ဟုတ်လား"

"ဟာ ကျွန်တော် ဒုက္ခပေးတာ မဟုတ်ပါဘူး"

"တိတ်စမ်း ... မြေပုံဘယ်မှာလဲ ပေး"

"ဗျာ"

"ဆားယိစုံက သူ့ကိုတိုက်ခိုက်ပြီး မြေပုံကို မင်းလုယူသွားတယ်လို့ ပြောတယ်"

"ဟာ ... မဟုတ်ရပါဘူးခင်ဗျာ"

"ပိတ် ... စကားမရှည်နဲ့"

ကျိုကျောက်အော်ငေါက်ရင်း ရှေ့တိုးလာ၏။



"ဆရာ"

စုမာကြီး နောက်ဆုတ်လိုက်သည်။ စုမာကြီးက ငြင်းဆန်နေသည်ဟု ကျိုကျောက် ဒေါသထွက်လာလေတော့သည်။

"ပေးဆိုပေးစမ်းကွာ"

သူသည် ပြောပြီး လက်ပြန်တစ်ချက် ရိုက်ချလိုက်၏။

စုမာကြီးမှာ အလိုလို ရှောင်တိမ်းမိသွား၏။

"ဟင်"

ကျိုကျောက် မျက်နှာပျက်သွား၏။ စုမာကြီး ရှောင်တိမ်းသွားသောသိုင်းကွက်မှာ အလွန်ကောင်းမွန်သည်ကို တွေ့လိုက်ရ၏။ သူသင်ပေးခဲ့သော သိုင်းကွက်မဟုတ်ပါ။

စုမာကြီးမှာ အခြားနေရာမှ သိုင်းပညာသင်ကြားခဲ့ဟန်တူပေသည်။ ဆားယိစုံ၏စကား မှန်နေပြီဟု တွေးမိလိုက်၏။ သူ၏ရင်ထဲ၌ ဒေါသလည်း ပိုထွက်လာ၏။

"ဩော် ... မင်းက ပညာလျှို့ထားတာကိုး၊ မင်းက ဆားယိစုံကို အနိုင်ယူသွားတာ ကျုပ်သိပြီးပါပြီ"

စုမာကြီးက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ ကျွန် ကျွန်တော် ဆားယိစုံနဲ့ မတွေ့ခဲ့ပါဘူး"

ကျိုကျောက် ရယ်မောလိုက်၏။

"စုမာကြီး ... မင်းကို နောက်ဆုံးတစ်ကြိမ်ပဲ ပြောတော့မယ် ... မြေပုံကို ထုတ်ပေးစမ်း"

www.burmeseclassic.com

www.burmeseclassic.com



စုမာကြီးက ...

"ကျွန် ကျွန်တော် မ မယူ"

ကျိုကျောက်မှာ ဒေါသအလွန်ထွက်သွားသည်။

သူသည် စုမာကြီးအား လက်ဝါးသုံးချက်တိတိ ရိုက်ချလိုက်၏။ သူ၏အတွင်း အားကို တစ်ဝက်မျှ ထည့်ထား၏။

သူ၏လက်ဝါးချက်အား စုမာကြီး ရှောင်နိုင်လိမ့်မည် မဟုတ်ဟု ယူဆထား၏။

စုမာကြီးမှာလည်း အလွန်ပင် ထိတ်လန့်သွား၏။

ကျိုကျောက်၏လက်ဝါးကို မည်သို့ ရှောင်တိမ်းရမှန်းမသိ ဖြစ်သွားမိလေသည်။ သူသည် သင်ကြားထားခဲ့သော ခြေသိုင်းကွက်ကို သတိရသွားပြီး ကမန်းကတန်း ရှောင်တိမ်းလိုက်သည်။

ကျိုကျောက်၏ လက်ဝါးရိုက်ချက် အောက်မှ လွတ်မြောက်သွားလေသည်။

"ဆ ဆရာ ... ကျွန်တော် ရှင်းပြပါရစေဦး"

စုမာကြီး တောင်းပန်လိုက်သည်။ ကျိုကျောက်မှာ မျက်နှာနီရဲနေ၏။ သူ၏လက်ဝါးချက်များကို စုမာကြီးက အလွယ်တကူ ရှောင်တိမ်းသွားသည် မဟုတ်ပါလော။

သူသည် ဒေါသပိုထွက်လာ၏။ သူသည် စုမာကြီးအား အပြိုးကြီးစွာဖြင့် တိုက်ခိုက်လိုက်လေသည်။

လက်ဝါးချက်များက ပြင်းထန်လှ၏။





စုမာကြီးက အလွယ်တကူပင် ရှောင်တိမ်းနိုင်ခဲ့၏။

စုမာကြီးမှာ ရှောင်တိမ်းနိုင်လေ ကျိုကျောက်မှာ ဒေါသထွက်လေလေပင် ဖြစ်၏။

ကျိုကျောက်မှာ လက်ဝါးသိုင်းကွက်နှစ်ဆယ်အထိ တိုက်ခိုက်ခဲ့သော်လည်း စုမာကြီးအား ထိမှန်အောင် တိုက်ခိုက်နိုင်ခဲ့ခြင်း မရှိပါ။

သူသည် တိုက်ခိုက်ရင်းမှ စုမာကြီး၏ ထူးဆန်းသော ခြေသိုင်းကွက်များကို သဘောပေါက်သွားလေသည်။

ကျိုကျောက် မဲ့လိုက်၏။

"သည်တစ်ခါတော့ မင်း ရှောင်နိုင်မလား ကြည့်ကြသေးတာပေါ့"

သူသည် လက်ဝါးနှစ်ဖက်ကို ပြိုင်တူတွန်းထုတ်လိုက်၏။

'ဝုန်း'

စုမာကြီး၏ခန္ဓာကိုယ်မှာ နောက်သို့ လွင့်စဉ်သွား၏။ သူသည် ကမန်းကတန်း လူးလဲထလိုက်၏။

ကျိုကျောက်က ချက်ချင်းပင် သူ့အနီးသို့ ရောက်ရှိလာပြီး ထပ်မံတိုက်ခိုက်လိုက်ပြန်လေသည်။

'ဝုန်း'

စုမာကြီးမှာ မြေပေါ် လဲကျသွား၏။

သူ၏နှာခေါင်း၊ ပါးစပ်များမှပင် သွေးများ ယိုစီးကျလာ

www.burmeseclassic.com

www.burmeseclassic.com

လေ၏။

စုမာကြီး ထိတ်လန့်လာ၏။ ကျိုကျော်က သူ့အား မညာတမ်းတိုက်ခိုက်နေသည် မဟုတ်ပါလား။

ကျိုကျော်က မဲ့ပြုံးပြုံးလိုက်ပြီး ...

"ပေးစမ်း နာနာဘာဝတောင်ကြားမြေပုံ"

"ခင်ဗျာ"

စုမာကြီး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူသည် အလွန်အံ့ဩသွား၏။

"ကျွန်တော့်မှာ နာနာဘာဝတောင်ကြားမြေပုံ ရှိတယ်လို့ ဘယ်သူပြောသလဲ"

ကျိုကျော်က ...

"နာနာဘာဝတောင်ကြားမြေပုံကို ကျုပ်က ဆားယိစုံကို ယူခိုင်းလိုက်တယ်၊ မင်းက ဆားယိစုံဆီက ဖြတ်လုခဲ့တယ်ဆိုတာ ကျုပ်သိထားပြီးပါပြီ၊ မင်း မသေချင်ရင် အလွယ်တကူ ထုတ်ပေးပါ"

စုမာကြီးက ...

"ကျွန်တော့်ဆီမှာ မရှိဘူး"

ကျိုကျော်က ...

"မင်း ညာနေတယ်"

"ကျွန်တော် မညာပါဘူး၊ ဆားယိစုံကသာ ဆရာ့ကို လိမ်ညာပြောနေတာ"



ကျိုကျော်က ...

"မင်း အေးအေးဆေးဆေး မပေးရင် ကျုပ် အဆိုးမဆိုနဲ့"

သူ၏အသံမှာ အေးစက်မာကျောနေ၏။ စုမာကြီးမှာ အလွန်ထိတ်လန့်သွား၏။

ကျိုကျော် တစ်လှမ်းချင်းလှမ်းကာ ရှေ့တိုးလာတိုင်း သူက နောက်ဆုတ်နေမိ၏။

ကျိုကျော်မှာ စိတ်တိုသည်ထက် တိုလာသည်။

"မင်းက အသားနာခံချင်နေတာကိုး ... ကဲကွာ"

သူသည် ဒေါသကို မထိန်းနိုင်ဘဲ အတွင်းအားဖြင့် လက်ဝါးနှစ်ဖက် စုရိုက်ချလိုက်၏။

စုမာကြီးမှာ အလျင်အမြန် ရှောင်လိုက်သော်လည်း မမီလိုက်ပါချေ။

'ဝုန်း'

သူ၏ခန္ဓာကိုယ်မှာ ကြိုးပြတ်သော စွန်တစ်ကောင်ကဲ့သို့ နောက်သို့ လွင့်စဉ်သွား၏။

ထိုအခါ သူ၏အောက်ဘက်တွင် နက်ရှိုင်းလှသော ချောက်ကမ်းပါးသာ ရှိနေသည်ကို တွေ့လိုက်ရလေသည်။

"အား"

စုမာကြီး၏ခန္ဓာကိုယ်သည် နက်ရှိုင်းလှသော ချောက်ကမ်းပါးအတွင်းသို့ ထိုးကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုကျောက်မှာလည်း ထိတ်လန့်သွားလေသည်။

သူသည် စုမာကြိုးအား အချိန်မီ ဖမ်းဆွဲလိုက်၏။ သို့သော် မမီတော့ပါချေ။

ကျိုကျောက် သက်ပြင်းချလိုက်သည်။

"သွားပြီ ... ငါကြိုးစားသမျှ အလကားဖြစ်ရပြီ"

ဟု မချိတင်ကဲ ရေရွတ်လိုက်၏။

သူသည် နက်ရှိုင်းမတ်စောက်သော ချောက်ကမ်းပါးအတွင်းသို့ မဆင်းဝံ့သဖြင့် လက်လျှော့ကာ ပြန်သွားလေတော့၏။

✦ ✦ ✦





## အကျဉ်းခံဝိဉာဉ်

နာနာဘာဝတောင်ကြား ...။

ဆားယိစုံသည် မြေလတ်ပိုင်း သိုင်းသမားထိချိကို လုပ်ကြံကာ မြေပုံနှင့်သော့ကိုရယူပြီး တစ်ဖန် ဆရာဖြစ်သူကို တစ်ပတ်ရိုက်ကာ ရှောင်တိမ်းလာခဲ့လေသည်။

မြေပုံ ...။

မြေပုံအညွှန်း ရှိနေသောကြောင့် အလွန်ထူးဆန်းသည့် နာနာဘာဝတောင်ကြားသို့ အရောက်လာနိုင်ခဲ့လေတော့သည်။

✦

နာနာဘာဝတောင်ကြားအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် ဝန်းကျင်တစ်ခုလုံး ချောက်ချားဖွယ်ကောင်းနေကြောင်း ဆားယိစုံ စတင်သတိပြုမိလိုက်လေသည်။

တောင်ကြားအတွင်း၌ လေထုပင်လျှင် စိုးစဉ်းမျှ တိုက်ခတ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိဘဲ ငြိမ်သက်နေ၏။ ရှိရှိသမျှ ကျောက်တုံးကျောက်ခဲများ၊ သစ်ပင်ပန်းပင်များကလည်း အသက်ဝင်နေသည် ထင်ရ၏။ တောင်ကြားအတွင်းပိုင်းသို့ ရောက်လာလေလေ ပိုပြီး ချောက်များစရာကောင်းလာလေလေပင်။ အချို့သော သစ်ပင်ကြီးများက အလိုလိုနေရင်း ယိမ်းနွဲ့လှုပ်ရှားကာ သစ်ကိုင်းများက လက်ယပ်ခေါ်နေသော လက်တံရှည်များသာ ရှိနေသည်။

ရောင်စုံဖူးပွင့်နေသော တောပန်းပင်များကလည်း ကလေးငယ်များ တေးသီချင်းဆိုကာ ယိမ်းနွဲ့ကခုန်နေသည့်အလား။ လေငြိမ်နေပါသော်လည်း သစ်ပင်ပန်းပင်များက ယိမ်းနွဲ့လှုပ်ရှားကာ သက်ဝင်နေ၏။ ဆားယိစုံ မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ငါ အမြင်မှားနေသလား"

မျက်လုံးပွတ်ကာ ကြည့်လိုက်သော်လည်း သူ့ အမြင်မှားခြင်းမဟုတ်ဘဲ တကယ်ဖြစ်နေသည်ကို တွေ့ရ၏။

ဆားယိစုံ ကြောက်ရွံ့ထိတ်လန့်သွားလေသည်။

တောင်ကြားထဲမှ ချက်ချင်း ထွက်ပြေးသွားလိုစိတ်များပင် ဖြစ်ပေါ်လာလေတော့သည်။ သို့သော် မိစ္ဆာမြူးလိုဏ်ဂူသို့ အရောက်သွားနိုင်လျှင် ဖြိုင်ဘက်ကင်းသော သိုင်းကျမ်းနှင့် ရွှေငွေရတနာများ ရရှိမည်ဟူသော လောဘစိတ်က နောက်မလှည့်ဘဲ ရှေ့ဆက်သွားရန် တိုက်တွန်းနေသည်။

ဆားယိစုံသည် အတ္တလွန်ကဲသူတစ်ယောက် ဖြစ်ရကား



လောဘစိတ်ကလည်း တိုက်တွန်းလှုံ့ဆော်နေခြင်းကြောင့် ရှေ့ဆက်သွားရန် ဆုံးဖြတ်လိုက်လေသည်။ ဓါးမှဓားကို ဆွဲထုတ်ကာ လက်ထဲတင်းကျပ်စွာ ဆုပ်ကိုင်ရင်း ...

"ကျုပ် ဆားယိစုံက နှောင့်ယှက်လာရင် ဘယ်သူ့ကိုမှ ချမ်းသာပေးမှာမဟုတ်ဘူး"

ဟု ကြွေးကြော်လိုက်လေသည်။ ထို့နောက် ရင်ကော့ပြီး တောင်ကြားထဲသို့ ဆက်လက်ဝင်ရောက်သွားတော့သည်။ သူ၏ ကြုံးဝါးသံက တောင်ကြားထဲ၌ ပဲ့တင်ထပ်သွားပြီး မရှေးမနှောင်းမှာပင် လှုပ်ရှားနေသော အရာဝတ္ထုအားလုံး ငြိမ်သက်သွားတော့သည်။

ဆားယိစုံ ကျေနပ်သွားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည် စိတ်ချမှုရှိသွားပြီး ဘာကိုမှ မမှုတော့ချေ။ သို့ဖြင့် အတန်ကြာသွားပြီးလျှင် နာမည်ကြီးလှသော မိစ္ဆာမြူးလိုဏ်ဂူကြီးရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## မိစ္ဆာမြူးလိုဏ်ဂူကြီး

ကျောက်တောင်ကြီးတစ်ခု၏ခြေရင်း၌ သဘာဝအလျောက် ဖြစ်ပေါ်နေသော လိုဏ်ဂူကြီး ဖြစ်သည်။ လိုဏ်ဂူပေါက်ကို ကျောက်တံခါးကြီးတစ်ချပ်ဖြင့် ပိတ်ဆီးထား၏။

ဤမိစ္ဆာမြူးလိုဏ်ဂူကြီးကို လူသားတိုင်း အသုံးပြုခဲ့ကြောင်း ထင်ရှားဖော်ပြထားခြင်း ဖြစ်လေသည်။

ဆားယိစုံက လိုဏ်ဂူကြီးဆီသို့ လှမ်းသွားရင်း တဖြည်းဖြည်း နီးကပ်လာသောအခါ သူ၏နားထဲ၌ ထူးခြားသော အသံဗလံများကို ကြားလာရတော့သည်။

ငိုညည်းသံများ၊ လှောင်ပြောင်ရယ်မောသံများ၊ ခုတ်ထစ်သတ်ဖြတ်သံများ၊ ဆူးဆူးဝါးဝါးအော်ဟစ်လိုက်သောအသံများ စသည်စသည် သွေးပျက်ဖွယ်ကောင်းလှသည့်အသံများကို ကြားယောင်လာရသဖြင့် ဖြစ်လေသည်။ ဆားယိစုံ အံကြိတ်လိုက်သည်။

"ကျုပ်ကို သည်လိုခြောက်လှန့်လို့ မရဘူး"

ဟု ကြုံးဝါးရင်း လက်ထဲမှဓားကို တဝီဝီမြည်အောင် ဝှေ့ယမ်းလိုက်လေသည်။ ဓားဝှေ့ယမ်းသံများ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် ထူးဆန်းသောအသံများ တိတ်ဆိတ်ပျောက်ကွယ်





သွားတော့သည်။

ဆားယိစံယလည်း ကျေနပ်ကာ ဓားကို ရုပ်သိမ်းလိုက်၏။

သို့သော် တစ်ခဏအတွင်းမှာပင် သူ၏ရင်ထဲ၌ ထူးခြားသောခံစားချက်များ ဖြစ်ပေါ်ခံစားလာရပြန်တော့သည်။

အနီးပတ်ဝန်းကျင်၌ သူ့အား ချောင်းမြောင်းကြည့်ရှုနေသကဲ့သို့ မလုံမလဲခံစားလိုက်ရခြင်းဖြစ်သည်။

ဆားယိစုံက အန္တရာယ်ပေါ်ပေါက်လာပါက ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ရင်း လိုဏ်ဂူကြီးအနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

ထို့နောက် အင်္ကျီအိတ်ထဲမှ သော့ကိုထုတ်ယူကာ ကျောက်တံခါးကြီးပေါ်ရှိ သော့ပေါက်ထဲသို့ ထိုးသွင်းပြီး လှည့်ဖွင့်လိုက်၏။

ထုထဲကြီးမားလှသော ကျောက်တံခါးကြီးကို ပွင့်အောင်ဖွင့်နိုင်ပါမည်လောဟု သံသယစိတ် ဖြစ်ပေါ်လာသေး၏။

သို့သော် သော့တံကို လှည့်လိုက်သည်နှင့် ...

'ဂျိန်း'

ကျယ်လောင်သော မြည်ဟည်းသံကြီး ထွက်ပေါ်လာကာ လိုဏ်ဂူကျောက်တံခါးကြီး ပွင့်သွားတော့သည်။

"ဟင်"

ရုတ်တရက်မို့ ဆားယိစုံ ထိတ်လန့်ကာ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာမြူးလိုဏ်ဂူတံခါး ပွင့်သွားပြီဖြစ်သည်။

ဆားယိစုံက လိုဏ်ဂူပေါက်ကြီးကို မျက်လုံးပြူးကာ ကြည့်လိုက်ပြီးမှ ...

"ငါက လိုဏ်ဂူတံခါးဖွင့်နိုင်ပြီ၊ ငါ ချမ်းသာပြီ၊ ပြိုင်ဘက်ကင်းသိုင်းသမားတစ်ယောက် ဖြစ်ပြီ"

ဟု ကြွေးကြော်လိုက်လေတော့သည်။ ဆားယိစုံ သတိဝင်ကာ ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။ ချက်ချင်း ရှေ့တိုးသွားလိုက်လေသည်။ ရုတ်တရက် ...

" ငါချမ်းသာပြီး"

"ငါ ပြိုင်ဘက်ကင်းသိုင်းသမား ဖြစ်ပြီ"

ဟူသောအသံများက လိုဏ်ဂူထဲမှ ကျယ်လောင်မြည်ဟည်းစွာ ထွက်ပေါ်လာလေတော့သည်။

"ဟာ"

ဆားယိစုံ အထိတ်တလန့် ဖြစ်သွားပြန်လေသည်။ အပြေးတစ်ပိုင်း နောက်ဆုတ်လိုက်လေသည်။ လိုဏ်ဂူထဲ၌ အလင်းရောင်အား နည်းကာ မှောင်နှင့်မည်းမည်း ရှိနေပါသည်။

လိုဏ်ဂူအတွင်းပိုင်း အမှောင်ထဲမှ နီရဲသော မျက်လုံးအစုံက သူ့အား စိုက်ကြည့်နေသည်ကိုလည်း တွေ့လိုက်ရလေသည်။ ထို နီနီရဲရဲ မျက်လုံးကြီးအစုံက တရွေ့ရွေ့ ရှေ့တိုးလာနေသည်။

ဆားယိစုံ၏နှာဝ၌ ပုပ်အက်အက်အနံ့ဆိုးကြီး ရှူရှိုက်လိုက်



ရလေသည်။ မိစ္ဆာမြူးလိုဏ်ဂူသည် သတင်းကြီးနေသည့်အတိုင်း မကောင်းဆိုးဝါး၏ မိစ္ဆာများ မြူးထူးကျက်စားနေသည်လော။

ဆားယိစုံက မျက်လုံးနီကြီးကို ကြောက်လန့်တကြား ငေးကြည့်နေစဉ် လိုဏ်ဂူထဲမှ အေးစိမ့်နေသော လေအေးများ တိုးထွက်လာလေသည်။

ထိုလေအေးများကြောင့် ဆားယိစုံ၏တစ်ကိုယ်လုံး ရေခဲတုံးတမျှ အေးစိမ့်သွားသည်ဟု ခံစားလိုက်ရလေသည်။

ဆားယိစုံ မလှုပ်မယှက် ဖြစ်သွား၏။ မိစ္ဆာမြူးလိုဏ်ဂူသည် အလွန်ထူးဆန်းပြီး အန္တရာယ်များလှသော လိုဏ်ဂူကြီးဖြစ်ကြောင်း ကောင်းစွာနားလည်သဘောပေါက်လိုက်ပြီ ဖြစ်လေသည်။

ရွှေငွေရတနာများ၊ ပြိုင်ဘက်ကင်းသော သိုင်းကျမ်း၊

ထို လိုချင်မက်မောဖွယ်ကောင်းသော ပစ္စည်းများကို သူ မမျှော်လင့်တော့ပါ။

သူလိုချင်မက်မောသည့်ပစ္စည်းများ မရဘဲ သူ၏အသက်ကို ပေးလိုက်ရမည်ဖြစ်ကြောင်း ကောင်းစွာ နားလည်လိုက်ပြီဖြစ်သည်။

မိစ္ဆာမြူးလိုဏ်ဂူနှင့် ဝေးရာသို့ ထွက်ပြေးသွားရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော် သူ၏ ခြေနှစ်ချောင်းမှာ ကြိုးများဖြင့် တုပ်နှောင်ခံထားရသည့်အလား မလှုပ်ရှားနိုင်အောင် ဖြစ်ပေနေပါတော့သည်။

လိုဏ်ဂူကြီးထဲမှ အေးစိမ့်မှုနှင့်အတူ ထူးဆန်းသောအသံ

www.burmeseclassic.com

www.burmeseclassic.com



ဗလံမျိုးစုံ ထွက်ပေါ်လာ၏။

စိမ်းဖန့်ဖန့်အလင်းရောင် လှုပ်ပြက်သလို တဖျပ်ဖျပ်လင်းလက်သွားသော အလင်းရောင် နီကြင်ကြင်အလင်းရောင် စသည် စသည်ဖြင့် အလွန်ပင်ထူးဆန်းနေသော အလင်းရောင်များလည်း ထွက်ပေါ်လာလေသည်။ တစ်ဆက်တည်းပင် ...

"လာခဲ့ ... လိုဏ်ဂူထဲ ဝင်လာခဲ့"

တစ်စုံတစ်ယောက်က လက်ယပ်ခေါ်သကဲ့သို့ ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဘယ်သူလဲ"

ဆားယိစုံ လှမ်းခနဲ မေးလိုက်မိလေသည်။

"လာ ... လာခဲ့"

လိုဏ်ဂူထဲမှ ခေါ်သံကား ဆွဲဆောင်မှုအား ပြင်းထန်လှသည်။ ဆားယိစုံမှာ အသိစိတ်ပျောက်ကင်းသလို ဖြစ်ကာ ရှေ့တိုးသွားလိုက်လေသည်။

တစ်စုံတစ်ခု၏ ညှို့ယူဖမ်းစားခံထားရပြီး အမိန့်သံကို မငြင်းဆန်နိုင်အောင် ဖြစ်နေပုံမျိုးတည်း။ သူ၏အသွင်ကား အိပ်မက်မက်ကာ လမ်းထလျှောက်နေပုံမျိုး ဖြစ်သည်။

တစ်လှမ်း ...

နှစ်လှမ်း ...

သုံးလှမ်း ...





ဆားယိစုံက တစ်လှမ်းချင်း ရှေ့တိုးသွားရင်း လိုဏ်ဂူကြီး အတွင်းသို့ ရောက်မှန်းမသိ ရောက်ရှိသွားလေတော့သည်။

မိစ္ဆာမြူးလိုဏ်ဂူထဲ၌ အရိုးကွဲမတတ်သော အေးစိမ့်မှုက လွှမ်းခြုံနေသည်။ မီးစုန်းများလည်း တောက်ပနေသည်။

အမှောင်ရိပ်ထဲမှ နီရဲသော မျက်လုံးအစုံများကလည်း ခုန်အုပ်တိုက်ခိုက်ရန် ချောင်းမြောင်းနေသော မကောင်းဆိုးဝါးတို့၏ မျက်လုံးများအလား။

ဆားယိစုံသည် မိစ္ဆာမြူးလိုဏ်ဂူထဲသို့ ရောက်သွားလျှင် ရုတ်တရက် သတိဝင်လာသည်။ ကြောက်လန့်တကြား မျက်လုံးပြူးကာ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်၏။

လိုဏ်ဂူထဲ၌ လူအရိုးစုများ တောင်လိုပုံနေ၏။ သချိုင်းဂူကြီးတစ်ခုနှင့်ပင် တူနေပါတော့သည်။ အရိုးစုများ၏ တစ်ဖက်တွင် ကျောက်ဖျာကြီးတစ်ခု ရှိနေသည်။

ထိုကျောက်ဖျာကြီးပေါ်၌မူ နံရံကိုမှီကာ ထိုင်နေသော အရိုးစု တစ်ခု ရှိနေ၏။

တိဘက်လားမားကြီးတစ်ယောက်၏ အရိုးစု ဖြစ်လေသည်။

ဆားယိစုံ၏စိတ်ထဲ၌ ထိုတိဘက်လာမားကြီး၏ အရိုးစုကြီးကား သက်ဝင်နေသေးသည်ဟု ထင်မိလေသည်။ မျက်တွင်းများ ဟောက်ပက်ဖြစ်နေရမည့်အစား မျက်လုံးနေရာ၌ အလင်းရောင်များ

www.burmeseclassic.com

www.burmeseclassic.com



တောက်ပနေလေသည်။

ကျောက်ဖျာကြီးပတ်ဝန်းကျင်၌ ရွှေငွေကျောက်သံပတ္တမြား များ ပြန့်ကျဲနေ၏။ ရှေးဟောင်းအက္ခရာများဖြင့် ရေးသားထားသော ကြေးပရပိုဒ်များလည်း ရှိနေသည်။

ဆားယိစုံက တိဘက်လာမားကြီး၏ရုပ်အလောင်းကို ကြည့်ရင်း ထူးခြားသောအသံတစ်ခုကို ကြား လိုက်ရလေသည်။

"မင်းရဲ့ခန္ဓာကိုယ်ကို ငါလိုချင်တယ်၊ ငါ့ဝိညာဉ်က နိုကပ်စရာ ရုပ်နာမ်မရှိဘူး၊ ငါ့ရဲ့ကိုယ်ခန္ဓာက ပျက်စီးနေပြီ၊ ဒါကြောင့် မင်းရဲ့ခန္ဓာကိုယ်ထဲ ငါဝင်ရလိမ့်မယ်"

ဆားယိစုံ အလန့်တကြား ဖြစ်သွားလေသည်။ တိဘက်လာမားကြီး၏ ခန္ဓာကိုယ် အသားအရေ အကြောအခြင်များ ပျက်စီးပုပ်သိုးကြေကာ ကုန်ပြီဖြစ်သည်။

သို့သော် ဝိညာဉ်က ခန္ဓာကိုယ်၌ တွယ်ကပ်နေဆဲ။ တိဘက်လာမားကြီး၏ ဝိညာဉ်သည် ခန္ဓာကိုယ် အသစ်တစ်ခု လိုအပ်နေပြီး ဆားယိစုံ၏ ခန္ဓာကိုယ်ထဲ ဝင်ရောက်ပူးကပ်တော့မည် ဖြစ်သည်။

ဆားယိစုံ ထူပူကြီးဖြစ်နေစဉ် တိဘက်လာမားကြီး၏ ရုပ်အလောင်းမှ အခိုးအငွေ့များ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

ထိုအခါ အငွေ့များသည် ရုပ်နာမ်မရှိသော လူတစ်ယောက်၏ ပုံပန်းသဏ္ဌာန်နှင့် တူလှ၏။

"ဝိညာဉ်"



ဆားယိစုံ အော်ဟစ်ကာ နောက်ဆုတ်လိုက်လေသည်။ သို့သော် တိဘက်လာမားကြီး၏ ဝိညာဉ်သည် သူ့အား အလွန်လျင်မြန်စွာဖြင့် အတင်းဝင်ရောက် ပူးကပ်လိုက်လေတော့သည်။

"အား"

ဆားယိစုံ စူးရှစွာ အော်ဟစ်ကာ မြေပေါ် ဘုန်းခနဲ လဲကျသွားလေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## သဲလွန်စ

ကျိုကျောက် အကြီးအကျယ် စိတ်ဓာတ်ကျဆင်းနေ၏။

စုမာကြိုးက ချောက်ထဲကျသွားပြီ မဟုတ်ပါလား။

နာနာဘာဝတောင် ကြားမြေပုံနှင့်သော့ကား စုမာကြိုးနှင့်အတူ ပါသွားပြီဖြစ်သည်။

ကျိုကျောက် အားလုံးကို ဆုံးရှုံးလိုက်ရခြင်း ဖြစ်လေသည်။ ကျိုကျောက် စိတ်ပျက်လက်ပျက်ဖြင့် ဆားယိစုံကျန်ရစ်ခဲ့သောနေရာသို့ ပြန်လာခဲ့လေသည်။

သို့သော် သူ ပြန်ရောက်သွားသောအခါ ဆားယိစုံကိုလည်း မတွေ့ရတော့ပါ။

ဆားယိစုံကား ပျောက်ခြင်းမလှ ပျောက်ဆုံးသွားပြီ ဖြစ်လေသည်။

ကျိုကျောက် အံ့သြသွားသည်။

"ဆားယိစုံ ဘယ်ရောက်သွားပါလိမ့်"

ဆားယိစုံသည် အလွန်ပါးနပ်သော ဉာဏ်များသူ ဖြစ်လေသည်။ ဆားယိစုံက စုမာကြိုး၏လက်ချက်ဖြင့် ဒဏ်ရာပြင်းစွာရကာ





မထနိုင်အောင် ဖြစ်ခဲ့သည်။ ယခု ...

"သူက ဒဏ်ရာရထားတယ်ဆိုပြီး ဘယ်ရောက်သွားတာပါလိမ့်"

ဆားယိစုံ ပျောက်ဆုံးသွားသဖြင့် ကျိုကျောက် တအံ့တသြ ဖြစ်သည်။

ထိုစဉ် ...

"ဆရာကြီး ဆရာကြီး"

ခေါ်သံများနှင့်အတူ လူသုံးယောက် ပြေးလွှားလာကြလေသည်။ ကျိုကျောက် အဖော်ခေါ်လာသည့် သင်တန်းသားတပည့်များ ဖြစ်ကြလေသည်။ ကျိုကျောက်က ...

"မင်းတို့ ဘာဖြစ်လာကြတာလဲ"

ဟု ခေါ်လိုက်လေသည်။ တပည့်တစ်ယောက်က ...

"ဆရာကြီး ... ကျွန်တော်တို့ မြေလတ်သိုင်းသမား ထိချိုကို တွေ့ခဲ့ပါတယ်"

အခြားတစ်ယောက်က ...

"သူ ဒဏ်ရာပြင်းပြင်းထန်ထန် ရထားပါတယ်၊ ဒါပေမဲ့ သူ အသက်ရှင်နေပါသေးတယ်"

အရေးတကြီး ပြောလာကြလေသည်။

"ဟေ"

ကျိုကျောက် အံ့သြသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"ဟိုဘက်မှာပါ"

"ကောင်းပြီ"

ကျို့ကျောက်က ပြေးသွားလေသည်။ သူ၏ တပည့်များက လည်း လမ်းပြခေါ်ဆောင်သွားကြလေသည်။ မကြာပါချေ။ သစ်ပင် ကြီးတစ်ပင်အောက်၌ လဲကျနေသူတစ်ယောက်ကို တွေ့လိုက်ရလေ သည်။

ထိုလူကား မြေလတ်သိုင်းသမား ထိနျိဖြစ်လေသည်။ ထိနျိ ၏ တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲကာ ဒဏ်ရာပြင်းစွာ ရထားပြီး သေလုမြောပါး ရှိနေ၏။ ကျို့ကျောက်က ထိနျိအား ဖေးမလိုက်လေ သည်။

"မိတ်ဆွေထိနျိ ... ဘယ်လိုများ ဖြစ်ရတာလဲဗျာ"

ဘာမှ မသိချင်ဟန်ဆောင်ကာ မေးလိုက်လေသည်။ ထိနျိ ကား သေအံ့မူးမူးဖြင့် ကျို့ကျောက် မည်သူမည်ဝါဆိုသည်ကိုပင် သတိမထားနိုင်တော့ပါ။

သူ အလွန်ပြောချင်နေသည့်စကားများကို သာ အားယူကာ ပြောလိုက်လေသည်။

"ကျုပ် ကျုပ်ကို ကျန်းကူးက အကောက်ကြံသွားတယ်၊ နာနာဘာဝတောင်ကြားမြေပုံနဲ့ သော့ကို သူယူသွားတယ်"

ကျို့ကျောက် သက်ပြင်းချလိုက်လေသည်။ ကျန်းကူး



ဆိုသည်မှာ ဆားယိစုံဖြစ်ကြောင်း သူ သိထားလေသည်။ ဆားယိစုံ အား ကျန်းကူးဟူသော အမည်ဖြင့် ထိနျိအား ချဉ်းကပ်ရန် သူကိုယ် တိုင် စီစဉ်ပေးခဲ့သည် မဟုတ်ပါလား။

"သူက သစ္စာမဲ့ပြီး လောဘကြီးတယ်၊ သူ့ကို ဆုံးမပေးပါ၊ သူ့ကို"

ထိနျိ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။ ကျို့ကျောက်က ဆားယိ စုံ ညဏ်နီညဏ်နက်များသည်ကို ကောင်းစွာသိထားပြီး ယုံကြည် စိတ်ချမှု မရှိတော့ချေ။

"ဆားယိစုံက စုမော်ကြူးကို တွေ့လိုက်ရတာနဲ့ အကြံရပြီး ငါ့ကို လှည့်စားခဲ့တာပဲဖြစ်မယ် ... သိကြသေးတာပေါ့"

စိတ်ထဲ ကြုံးဝါးလိုက်လေသည်။ ဆားယိစုံကား ရှောင်တိမ်း ထွက်ပြေးသွားပြီ ဖြစ်သည်။

"သူက မြေပုံနဲ့သော့ကို ရသွားပြီဆိုတော့ နာနာဘာဝ တောင်ကြားကို သွားလိမ့်မယ်"

ကျို့ကျောက်က ထိနျိကို ဖေးမရင်း မေးလိုက်လေသည်။

"သူက နာနာဘာဝတောင်ကြား မြေပုံကို ယူသွားတယ် ဟုတ်လား"

ထိနျိက ...

"ဟုတ်တယ် ... သူ့ကို ဆုံးမပေးပါ"

ကျို့ကျောက်က ...

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ … ကျုပ် ဆုံးမပေးမယ်၊ နာနာဘာဝတောင်ကြားကို ဘယ်လိုသွားရမယ်ဆိုတာ ပြောပြပါလားဗျာ"

ထိချီသည် နာနာဘာဝတောင်ကြားမြေပုံကို အလွတ်ကျက်မှတ်မိနေပြီ ဖြစ်ရကား မည်သို့မည်ပုံ သွားရမည် ဆိုသည်ကို ပြောပြနိုင်ခဲ့လေတော့သည်။

ကျိုကျောက် ကောင်းစွာမှတ်သားထားလိုက်၏။ ကျိုကျောက် ဝမ်းသာနေ၏။

နာနာဘာဝတောင်ကြားကို မည်သို့မည်ပုံ သွားရမည်ကို သူသိလိုက်ရပြီ မဟုတ်လား။

ကျိုကျောက်၏မျက်နှာတွင် ကောက်ကျစ်စဉ်းလဲသော အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

"ခုလိုပြောပြတာ ကျေးဇူးပါပဲဗျာ … ကျန်းကူးဟာ ကျုပ်တပည့်ပါ"

"ဘာ"

"ကျန်းကူးရဲ့ လက်ချက်ကြောင့် ခင်ဗျား ဒုက္ခရောက်ခဲ့တယ်ဆိုတော့ ဝေဒနာကို ကြာရှည်မခံစားရအောင် ကျုပ်ကူညီလိုက်ပါ့မယ်"

ကျိုကျောက် လက်ဝါးဖြင့် ရိုက်ချလိုက်လျှင် ထိချီမှာ အသံပင် မထွက်နိုင်တော့ဘဲ သေဆုံးသွားလေတော့သည်။

"ဟား ဟား ဟား"





ကျိုကျောက် ဟားတိုက်ရယ်မောလိုက်လေသည်။

ပြီးလျှင် …

"ကဲ … ငါတို့ နာနာဘာဝတောင်ကြားကို လိုက်သွားကြမယ်"

ဟု ပြောလိုက်လေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## အဆိပ်ဘီလူး

ရွှေကျားကွမ်းကြီး ...။

ကွမ်းကြီးကား သခင်မလေးချင်းလှျံနှင့် အမြှာညီနောင်တို့ နှစ်ယောက်အား မကျေနပ်နိုင်ဘဲ အဖမ်းခံလိုက်ရသည်။

ချင်းလှျံက ကွမ်းကြီးအား မြစိမ်းတောင်သို့ ခေါ်သွားခဲ့သည်။ မြစိမ်းတောင်၌ ညွှန့်သည်နှစ်ယောက် ရောက်ရှိနေကြလေသည်။

ရှောင်လင်ကျောင်းထိုင်နှင့်ဂူတန်ဂိုဏ်းချုပ်တို့ ဖြစ်လေသည်။

သူတို့က သိုင်းလောက၌ ဖြစ်ပေါ်နေသော သတင်းများကြောင့် မြစိမ်းဒေဝီနှင့်တိုင်ပင်ဆွေးနွေးရန် ရောက်လာကြခြင်း ဖြစ်လေသည်။

ရှောင်လင်ဂိုဏ်းချုပ်က ...

"သိုင်းလောကမှာ နာနာဘာဝတောင်ကြားက မိစ္ဆာမျိုးလိုဏ်ဂူမှာ တစ်သက်စားမကုန်တဲ့ ရတနာတွေနဲ့ ပြိုင်ဘက်ကင်းသိုင်းကျမ်း ရှိနေတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာခဲ့တယ်၊



နာနာဘာဝတောင်ကြားကိုသွားဖို့ လမ်းညွှန်မြေပုံဟာ ဟိုလူသည်လူဆီမှာ ရှိတယ်လို့လည်း သတင်းတွေ ဖြစ်လာတယ်၊

အဲသည်နောက်တော့ လောဘတက်နေတဲ့ သိုင်းလောကသားတွေဟာ မြေပုံနောက်ကိုလိုက်ရင်း သွေးထွက်သံယိုတိုက်ပွဲတွေ ဖြစ်လာကြတယ်၊ သည်ကိစ္စဟာ သိုင်းလောက ပျက်စီးမယ်၊ အကြောင်းအရာတစ်ခု ဖြစ်လာတယ်"

ဂူတန်ဂိုဏ်းချုပ် ထောက်ခံလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့စုံစမ်းကြည့်တော့ သည်ကိစ္စကို အဆိပ်ဘီလူးက လုပ်ကြံဖန်တီးခဲ့တယ်ဆိုတဲ့ သက်သေအထောက်အထားတွေ ရရှိခဲ့တယ်"

မြစိမ်းဒေဝီ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"အဆိပ်ဘီလူး ... ဟုတ်လား"

ဂူတန်ဂိုဏ်းချုပ်က ...

"ဟုတ်တယ်၊ သိုင်းလောကကို ပျက်စီးစေချင်တဲ့လူ ဘယ်သူရှိမလဲလို့ စစ်ဆေးကြည့်ရင် အဆိပ်ဘီလူးဟာ ရှေ့ဆုံးက ရှိနေတာ အားလုံးသိကြပါတယ်ဗျာ"

အဆိပ်ဘီလူး ...။

အဆိပ်ဘီလူးသည် သိုင်းလောကကို ဖျက်ဆီးဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့သည့် အနက်ရောင်သိုင်းထိပ်သီးကြီးတစ်ဦး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကသားများ စုပေါင်းကာ အဆိပ်ဘီလူးကို ရင်ဆိုင်ဆုံးမခဲ့ကြသဖြင့် အဆိပ်ဘီလူးမှာ သိုင်းလောက၌ မနေဝံ့တော့ဘဲ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အဆိပ်ဘီလူးအား ဆုံးမနှိမ်နင်းရာ၌ ရှောင်လင်ကျောင်းထိုင်၊ ဂူတန်ဂိုဏ်းချုပ်နှင့် မြစိမ်းဒေဝီတို့က ရှေ့ဆုံးမှ ပါဝင်ခဲ့ကြလေသည်။

အဆိပ်ဘီလူးသည် ဖောက်မြုပ်သွားပြီး သိုင်းလောကအား အခွင့်အရေးရသည်နှင့် ဒုက္ခပေးဖို့ ကြံစည်နေသည်ဟူသော သတင်းများ ထွက်ပေါ်လာသည်မှာ အကြိမ်ကြိမ် ဖြစ်လေသည်။

ယခုလည်း နာနာဘာဝမြေပုံနှင့်မိစ္ဆာမြူးလိုဏ်ဂူအကြောင်း သတင်းထွက်ပေါ်လာကာ သွေးထွက်သံယို တိုက်ပွဲများ ဖြစ်ပေါ်လာခဲ့သည်မှာလည်း အဆိပ်ဘီလူးငယ် ပယောဂဟု သိရပြန်ချေပြီ။ မြစိမ်းဒေဝီက ...

"အဆိပ်ဘီလူးကို မနှိမ်နင်းနိုင်မချင်း သိုင်းလောကကြီး ဘယ်တော့မှ အေးချမ်းငြိမ်သက်သွားတော့မှာ မဟုတ်ဘူး"

သူမသည် တည်ကြည်သော မျက်နှာထားဖြင့် ဆက်ပြောလိုက်လေသည်။

"အဆိပ်ဘီလူးကို ကျွန်မတို့ ဆုံးမရလိမ့်မယ်"

ရှောင်လင်ကျောင်းထိုင်နှင့် ဂူတန်ဂိုဏ်းချုပ်တို့က သဘောတူလိုက်ကြလေသည်။





ထိုအချိန်မှာပင် ဆူဆူညံညံအသံများနှင့်အတူ လူတစ်စု ရောက်ရှိလာကြလေသည်။

သခင်မလေးချင်းလျှံနှင့် အမြွာညီနောင်တို့က ရွှေကျားကွမ်းကြုံးအား ဖမ်းဆီးခေါ်ဆောင်လာကြခြင်း ဖြစ်လေသည်။

သခင်မလေးချင်းလျှံက ရှောင်လင်ကျောင်းထိုင်၊ ဂူတန်ဂိုဏ်းချုပ်တို့အား ဂါရဝပြုလိုက်ပြီး မိခင်ကြီးအား အကျိုးအကြောင်း ပြောပြလိုက်လေသည်။

မြစိမ်းဒေဝီက ...

"ကွမ်းကြုံး ... မင်းဟာ ကိုယ့်သဘောနဲ့ကိုယ် သည်လိုလုပ်မယ်တော့ ငါမထင်ဘူး။ တစ်ယောက်ယောက်က မင်းကို အကျပ်ကိုင်ခိုင်းစေခဲ့တာ မဟုတ်လား"

ဟုမေးလိုက်လေသည်။

ကွမ်းကြုံး မျက်နှာပျက်သွားလေသည်။ မြစိမ်းဒေဝီနှင့် မျက်နှာချင်းမဆိုင်ဝံ့အောင် ဖြစ်သွားလေသည်။

မြစိမ်းဒေဝီ၏မျက်လုံးများက ကြည်လင်တောက်ပနေသည်။ သူမ၏ စူးရှသောအကြည့်က ရင်ထဲ အသည်းနှလုံးထဲသို့တိုင် ထိုးဖောက်ကြည့်ရှုနေသည်။

သူ၏ရင်ထဲ ဘာရှိနေသည်ကို သိနေသည်ဟု ကွမ်းကြုံး ခံစားနေရ၏။

"ကဲ ... မှန်မှန်ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းဒေဝီက အမိန့်ပေးသလို ပြောလိုက်လျှင် ကွမ်းကြိုး မနေနိုင်တော့ဘဲ အမှန်အတိုင်း ဝန်ခံလိုက်ရလေတော့သည်။

"ကျုပ်ကို အဆိပ်ဘီလူးက အကျပ်ကိုင်ပြီး ခိုင်းစေခဲ့တာပါ"

နာနာဘာဝမြေပုံကိစ္စသည် အဆိပ်ဘီလူး လုပ်ကြံဖန်တီးထားသော ကိစ္စဖြစ်ကြောင်း အားလုံးသိလိုက်ရတော့သည်။

မြစိမ်းဒေဝီက ရှောင်လင်ကျောင်းထိုင်တို့ဘက်သို့ လှည့်ကာ ပြောလိုက်လေသည်။

"အဆိပ်ဘီလူးလက်ချက်ဆိုတာ ထင်ရှားပေါ်လွင်နေပါပြီ၊ ကျွန်မတို့ သူ့ကို အပြီးတိုင် ဆုံးမလိုက်ကြတာပေါ့"

ရှောင်လင်ကျောင်းထိုင်က ကွမ်းကြိုးကို မေးလိုက်၏။

"အဆိပ်ဘီလူးနဲ့မင်း တွေ့ခဲ့တာ ဘယ်လောက်ကြာပြီလဲ"

ကွမ်းကြိုးက ...

"ကြာပါပြီ ... သူနဲ့ တစ်ကြိမ်ပဲ တွေ့ခဲ့ရတာပါ၊ နောက်ထပ် မတွေ့ရတော့ပေမယ့် သူ့ကိုကြောက်လို့ သူခိုင်းတာ လုပ်နေရတာပါ"

မြစိမ်းဒေဝီ ပြုံးလိုက်သည်။

"မင်းကိုယ်တိုင်ကလည်း အဆိပ်ဘီလူးနဲ့ ပေါင်းပြီး သိုင်းလောကကို လွှမ်းမိုးနိုင်မယ်လို့ ယူဆခဲ့တာပဲ မဟုတ်လား"

ကွမ်းကြိုး ခေါင်းငုံ့ထားလိုက်လေသည်။ မြစိမ်းဒေဝီက ...

"အဆိပ်ဘီလူး ဘယ်မှာလဲ"



ဟု မေးလိုက်ပြန်သည်။ ကွမ်းကြိုးက ...

"ကျုပ်မသိပါဘူးဗျာ"

ဤတွင် ဂူတန်ဂိုဏ်းချုပ်က ကြားဖြတ်ပြောလိုက်လေသည်။

"သည်အတွက် မပူပါနဲ့ဗျာ၊ ကျုပ်တို့ ဂူတန်ဂိုဏ်းကလူတွေဟာ အဆိပ်ဘီလူး ခိုအောင်းနေတဲ့ တောင်ကြားတစ်ခုအကြောင်း သိထားပြီးပါပြီ"

သူက တစ်ချက်ရယ်မောပြီး စကားဆက်လိုက်သည်။

"အဆိပ်ဘီလူး ပုန်းအောင်းနေတဲ့တောင်ကြားဟာ လူပြောများနေတဲ့ နာနာဘာဝတောင်ကြားပါပဲဗျာ"

ထိုစကားကြားလျှင် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

ထို့နောက် အဆိပ်ဘီလူးနှင့် နာနာဘာဝတောင်ကြားကိစ္စကို ဖြေရှင်းရန် ဆက်လက်တိုင်ပင် ဆွေးနွေးလိုက်ကြလေတော့သည်။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## အပေးအယူ

မာယာကုအင်းက စိတ်ရှုပ်စွာဖြင့် ခေါင်းကုတ်လိုက်လေသည်။

မကြာသေးမီက မြောက်ပိုင်းမှ လှူငယ်သိုင်းသမားသုံးယောက်နှင့် သူမတို့ တွေ့မိခဲ့လေသည်။

လှူငယ်သုံးယောက်စလုံး အရွယ်ကောင်းပြီး ယောကျ်ားပီသစွာ ချောမောခန့်ညားကြသူများ ဖြစ်လေသည်။

မာယာကုအင်း အလွန်သဘောကျမိလေသည်။

သို့သော် မြောက်ပိုင်းသိုင်းသမားလူရွယ်သုံးဦးနှင့်ပတ်သက်ဖို့ မလွယ်ကူဘဲ ဖြစ်နေ၏။ ရုပ်ဆိုးဂူကျောင်းကြောင့် ဖြစ်လေသည်။

ရုပ်ဆိုးဂူကျောင်းက သူမအနီး၌ တစ်ချိန်လုံး ကပ်နေပြီး သူမနှင့်ပတ်သက်မယ့်သူများအား ရန်ပြုနေသည် မဟုတ်ပါလား။

ကြာသော် မာယာကုအင်းက ရုပ်ဆိုးဂူကျောင်းကို ကြည့်မရအောင် ဖြစ်လာလေတော့သည်။

ထို့ကြောင့် ဂူကျောင်းနှင့်အပေးအယူ ပြုလုပ်လိုက်လေသည်။





“ဂူကျောင်း ... ရှင်က ကျွန်မကိုလိုချင်တယ်ဆိုရင် ကျွန်မလိုချင်တာကို ရအောင်ယူပေးရမယ်”

ဂူကျောင်း ဝမ်းသာသွားသည်။

“ကျုပ် ဘာယူပေးရမလဲ ... ပြောပါ”

ကုအင်းက ...

“နာ့နာဘာဝတောင်ကြားမြေပုံ”

ဂူကျောင်း ခေါင်းညိတ်လိုက်သည်။

“စိတ်ချ”

ကုအင်းက ...

“မြေပုံမရဘဲ ကျွန်မဆီကို ပြန်မလာရဘူး”

“စိတ်ချ”

ဂူကျောင်း ကတိပေးကာ ထွက်သွားလေသည်။ ကုအင်းကျေနပ်သွား၏။

ဂူကျောင်းသည် နာ့နာဘာဝမြေပုံနောက်ကိုလိုက်ရင်း သိုင်းလောကအရှုပ်အထွေးများကြား၌ ပါဝင်ပတ်သက်မိကာ သွေးထွက်သံယိုတိုက်ပွဲများ ဆင်နွှဲရင်း သူမထံသို့ ဘယ်တော့မှ ပြန်လာနိုင်တော့မည်မဟုတ်ဟု ယုံကြည်လိုက်လေသည်။

သို့သော် လက်တွေ့တွင် သူမ ထင်သလို ဖြစ်မလာခဲ့ချေ။

✦

www.burmeseclassic.com

www.burmeseclassic.com



ဂူကျောင်းထွက်သွားသည်မှာ အတော်ကြာသွားပြီ ဖြစ်လေသည်။

ကုအင်းက မာယာဖြင့် မြောက်ပိုင်းသိုင်းသမားလူရွယ် သုံးယောက်အား စည်းရုံးသိမ်းသွင်းနိုင်ခဲ့လေသည်။

လူရွယ်သိုင်းသမားသုံးယောက်အား ကုအင်းမှ ကုအင်း ဖြစ်နေတော့သည်။ တစ်နေ့ အိမ်ကလေးတစ်လုံး၌ ကုအင်းနှင့်လူရွယ်သုံးယောက် ရှိနေစဉ် ...

'ဝုန်း'

အိမ်တံခါး ဝုန်းခနဲ ပွင့်သွားလေသည်။ အိမ်တံခါးကို ကန်ကျောက်ဖွင့်ကာ လူတစ်ယောက် ခုန်ဝင်လာလေသည်။ ဂူကျောင်း ဖြစ်လေသည်။

အိမ်ထဲမှ စကားသံများ ခိုးခိုးခစ်ခစ် ရယ်သံများ ချက်ချင်း တိတ်ဆိတ်ကွယ်ပျောက်သွားလေသည်။

ကုအင်းသည် လူရွယ်သုံးဦးနှင့် ပျော်ရွှင်စွာ ရှိနေနေရာမှ အလန့်တကြား ဖြစ်သွားသလို ဒေါသလည်း ထွက်သွားလေသည်။

"ရမ်းကားလိုက်တာ သေချင်ပြီထင်တယ်"

အော်ငေါက်ရင်း လူရွယ်တစ်ဦး၏ ရင်ခွင်ထဲမှ ရုန်းထွက်ခုန်ထလိုက်လေသည်။



သို့သော် အိမ်ထဲရောက်လာပြီး ဒေါသတကြီး ဖြစ်နေသော ဂူကျောင်းကို တွေ့ရလျှင် ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားလေတော့သည်။

လူရွယ်သုံးယောက်ကလည်း ခုန်ထလိုက်ကြ၏။ အကြောင်း မသိဘဲ ...

"ရမ်းကားလှချည်လား"

"သေချင်ပြီထင်တယ်"

"ခုချက်ချင်း ထွက်သွားစမ်း"

ဟု အော်ငေါက်မောင်းထုတ်လိုက်လေသည်။ ဂူကျောင်း ပိုပြီး ဒေါသထွက်သွားလေသည်။

"ထွက်သွားရမှာ ငါမဟုတ်ဘူး ... မင်းတို့ကွ"

လူရွယ်သုံးယောက်ထံ ပြေးဝင်တိုက်ခိုက်လိုက်လေတော့သည်။

✦

ဆူဆူညံညံ ဖြစ်ခဲ့သော အိမ်ကလေးအတွင်း၌ ပြန်လည် တိတ်ဆိတ်ငြိမ်သက်သွားပြီ ဖြစ်လေသည်။ လူရွယ်သုံးယောက်ကား သွေးအိုင်ထဲ လဲကျကာ အသက်ပျောက်နေကြပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူကျော်င်းက ဒေါသကို မထိန်းနိုင်ဘဲ သတ်ပစ်လိုက်ခြင်း ဖြစ်လေသည်။

'ဖြောင်း ဖြောင်း ဖြောင်း'

ကုအင်းက လက်ခုပ်လက်ဝါးတီးကာ ချီးကျူးလိုက်လေသည်။

"တော်သေးတာပေါ့ ... ရှင် အချိန်မီရောက်လာလို့ပေါ့၊ သူတို့သုံးယောက်က ကျွန်မကို ..."

သူမ၏ စကားမဆုံးမီ ဂူကျော်င်းက ကြားဖြတ် အော်ငေါက်လိုက်လေသည်။

"တိတ်စမ်း ... မင်းအကြောင်း ငါမသိရင် ခက်မယ်၊ နောက်ဆို သည်လိုကိစ္စတွေ ငါလက်ခံတော့မှာမဟုတ်ဘူး"

ကုအင်းက ခါးထောက်လိုက်လေသည်။

"နေပါဦး ... ရှင်က ကျွန်မကို အော်လားငေါက်လားနဲ့ ဘာသဘောလဲ၊ ကျွန်မ ကြောက်နေရမှာလား ... ပြောပါဦး"

ဂူကျော်င်းက ...

"ငါမကြိုက်တာ မလုပ်ဘူးလို့ မင်း ကတိပေးထားတယ်လေ"

"ဘာ ကတိပေးထားတာလဲ၊ ကျွန်မတို့ အပေးအယူ လုပ်ထားကြတာ၊ ရှင်ဟာ နာနာဘာဝတောင်ကြားလမ်းညွှန်မြေပုံကို ယူပေးရမယ်လေ"





ဂူကျော်င်း ခေါင်းညိတ်လိုက်သည်။

"မြေပုံမလိုဘူး၊ နာနာဘာဝတောင်ကြားကို ကျုပ်ကိုယ်တိုင် လိုက်ပို့ပေးမှာ"

"ဘာပြောတယ်"

"နာနာဘာဝတောင်ကြားဆိုတာ အဆိပ်ဘီလူးပုန်းအောင်းနေထိုင်တဲ့ တောင်ကြားကိုပြောတာ၊ အဲသည်တောင်ကြားကို ကျုပ် ကောင်းကောင်းသိတာပေါ့"

ဂူကျော်င်းသည် ထင်ရှားစိုင်းနေသူတစ်ဦးဖြစ်သည်။

အဆိပ်ဘီလူးက သူ့အား သဘောကျကာ စည်းရုံးသိမ်းသွင်းခဲ့ဖူးသည်။

ဂူကောင်းသည် အဆိပ်ဘီလူးနှင့် သုံးလေးကြိမ်မက တွေ့ဆုံဖူးခဲ့လေသည်။

ထို့ကြောင့် အဆိပ်ဘီလူးပုန်းအောင်းနေထိုင်ခဲ့သော တောင်ကြားကို ကောင်းစွာသိထားလေသည်။ ကုအင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ရှင် ... ရှင် တကယ်ပြောနေတာလား"

ဂူကျော်င်း ရင်ကော့လိုက်သည်။

"တကယ်ပေါ့"

"ဒါဖြင့် ကျွန်မကို လိုက်ပို့ပေးရမယ်"

ဂူကျော်င်း ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် လိုက်ပို့ပေးမယ်၊ ဒါပေမဲ့ မင်းလည်း ခုချိန်ကစပြီး ကျုပ်ရဲ့စကား နားထောင်ရမယ်"

ကုအင်းကလည်း ခေါင်းညိတ်လိုက်လေသည်။ သူတို့နှစ်ယောက် အပေးအယူတည့်သွားပြီ ဖြစ်လေသည်။

✦

နာနာဘာဝတောင်ကြား ...။

အဆိပ်ဘီလူးခိုအောင်းနေသည့် တောင်ကြားမှာ နာနာဘာဝတောင်ကြားပင်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လာလေသည်။

အနက်ရောင်သိုင်းသမားအချို့သည် အဆိပ်ဘီလူးနှင့် ပတ်သက်ခဲ့ဖူးကြသဖြင့် အဆိပ်ဘီလူး ခိုအောင်းခဲ့ဖူးသော တောင်ကြားအကြောင်းကို ကောင်းစွာသိထားကြ၏။

ထိုအနက်ရောင် သိုင်းသမားများမှတစ်ဆင့် သတင်းပျံ့သွားခြင်း ဖြစ်လေသည်။

ထို့ပြင် အချို့က အဆိပ်ဘီလူးကို ဆုံးမနှိမ်နင်းရန် သွားကြလေသည်။

အချို့က နာနာဘာဝတောင်ကြားမှ ရွှေငွေရတနာများနှင့် သိုင်းကျမ်းကို ရယူမည်ဟု ရည်ရွယ်ကာ သွားကြလေသည်။



သိုင်းလောကၡ မကြုံစဖူး ထူးကဲအောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

နာနာဘာဝတောင်ကြားသို့ သွားသောလမ်းခရီး၌ သိုင်းလောကသားများနှင့် နေ့ရောညပါ စည်ကားသွားလေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## ဗွေဆော်ဦး

နာနာဘာဝတောင်ကြား ...။

ထူးဆန်းအံ့ဩဖွယ်ရာများနှင့် ပြည့်နှက်နေပြီး ကြောက်မက်ဖွယ် နာနာဘာဝတောင်ကြားကို အကြောင်းသိသူများသည်လည်းကောင်း၊ အကြောင်းမသိသူများသည်လည်းကောင်း ဝေးဝေးမှ ရှောင်ဖို့ စဉ်းစားကြမည် ဖြစ်သည်။

သို့သော် ယခုတော့ နာနာဘာဝတောင်ကြားသို့ ဦးတည်သွားနေကြသော သိုင်းလောကသားများဖြင့် စည်ကားသိုက်မြိုက်နေပြီ ဖြစ်လေသည်။

နာနာဘာဝတောင်ကြားသို့ ဗွေဆော်ဦး ရောက်သွားသူမှာ သိုင်းဆရာကျိုကျောက်နှင့်တပည့်သုံးယောက် ဖြစ်လေသည်။

✦

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။ နာနာဘာဝတောင်





ကြားအတွင်း၌ မြူခိုးများ ရစ်သိုင်းလွှမ်းခြုံထားလေသည်။ မပီဝိုးဝါး ဝန်းကျင်၌ တွေ့မြင်နေရသော သစ်ပင်ပန်းပင်များ၊ ကျောက်တုံးကျောက်ခဲများမှာ မကောင်းဆိုးဝါး နာနာဘာဝများအလား ကျိုကျောက်၏တပည့်သုံးယောက် ထိတ်လန့်လာကြလေသည်။

တစ်ယောက်က ...

"ဆရာကြီး ... ကျွန်တော်တို့ ရှေ့ဆက်သွားလို့ ဖြစ်ပါ့မလား"

ဟု ပြောလိုက်လေသည်။ ကျိုကျောက်က ...

"ဘာလဲ ... မင်း ကြောက်နေတာလား"

"ကျွန် ကျွန်တော်"

"ဘာမှ ကြောက်စရာမလိုပါဘူးကွာ၊ ငါ တစ်ယောက်လုံး ရှိနေတာပဲ မဟုတ်လား"

"ဟုတ် ဟုတ်ပါတယ်ဆရာ"

"ကဲ ... တို့သွားရအောင်"

ကျိုကျောက်က ရှေ့ဆုံးမှ ဦးဆောင်ကာ သွားလိုက်လေသည်။ တပည့်သုံးယောက်လည်း မဝံ့မရဲဖြင့် လိုက်ပါသွားကြလေသည်။

ကျိုကျောက်တို့ ရှေ့ဆက်သွားရင် တောင်ကြားအတွင်းပိုင်းသို့ ရောက်မှန်းမသိ ရောက်သွားကြလျှင် ရုတ်တရက် မြူခိုးများကြားမှ လူရိပ်သဏ္ဍာန်တစ်ခု ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရှေ့မှာလူတစ်ယောက်ပဲ"

"ဟုတ်တယ်"

ကျိုကျောက်တို့ ခြေလှမ်းရပ်ကာ အကဲခတ်လိုက်ကြလေသည်။ မြူနိုးများ ပိတ်ဖုံးနေခြင်းကြောင့် လူရိပ်သဏ္ဍာန် မသဲကွဲချေ။

သို့သော် လူရိပ်သဏ္ဍာန်က တလှုပ်လှုပ်ဖြင့် လှမ်းလာနေပြီ တဖြည်းဖြည်း နီးကပ်လာလေသည်။

မကြာမီ လူလုံးသဲကွဲလာလေသည်။ ထိုလူအား သေသေချာချာမြင်လိုက်ရလျှင် ကျိုကျောက် လွှတ်ခနဲ ခေါ်လိုက်မိလေသည်။

"ဆားယိစုံ"

မှန်ပေသည်။ မြူနိုးများကြားမှ ထွက်ပေါ်လာသူမှာ ဆားယိစုံ ဖြစ်လေသည်။ ကျိုကျောက် ဒေါသဖြစ်သွား၏။

"ဆားယိစုံ ... မင်းက ငါ့ကိုတောင် တစ်ပတ်ရိုက်ဝံ့တယ် ... ဟုတ်လား"

ချက်ချင်း ရှေ့တိုးသွားလိုက်လေသည်။ ဆားယိစုံ ရှေ့သို့ ချက်ချင်း ရောက်ရှိသွားလေသည်။ နှစ်ယောက်သား မျက်နှာချင်းဆိုင်မိလိုက်ကြလျှင် ဆားယိစုံ၏အခြေအနေကို ရှင်းလင်းစွာ တွေ့မြင်လိုက်ရလေသည်။

ဆားယိစုံ၏ရင်ဝ၌ အပေါက်ကြီးတစ်ပေါက် ရှိနေပြီး သွေးများ တစိမ့်စိမ့် ယို့စီးကျနေ၏။ မျက်နှာမှာလည်း ဖြူဖပ်ဖြူရော်ဖြစ်



ကာ မျက်လုံးများက သွေးကဲ့သို့ နီရဲနေ၏။

ဆံပင်များက စာကလေးသိုက်ပမာ ရှိနေသလို အဝတ်အစားများကလည်း တွန့်ကြေစုတ်ပြဲနေသည်။ လူသေအလောင်းတစ်လောင်း သင်္ချိုင်းမြေထဲမှ ထလာပုံမျိုး။

"ဆားယိစုံ မင်း ..."

ကျိုကျောက် မျက်လုံးပြူးကာ မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

ဆားယိစုံက ပါးစပ်ဟကာ တစ်စုံတစ်ခု ပြောလိုက်သော်လည်း စကားသံက ဗလုံးဗထွေး မပီမသဖြစ်နေသကဲ့သို့ သွားရှည်ကြီးများကိုလည်း တွေ့လိုက်ရသည်။

ဆားယိစုံကား မကောင်းဆိုးဝါးတစ်ကောင် ဖြစ်နေချေပြီတကား။ ရုတ်တရက် ဆားယိစုံက ရှေ့သို့ ခုန်တိုးပြီး ကျိုကျောက်၏လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ဖျစ်ညှစ်လိုက်၏။

သူ၏လက်သည်းရှည်ကြီးများက ကျိုကျောက်၏ လည်ပင်းကို ထိုးဖောက်ကာ သွေးများ ပန်းထွက်လာစေသကဲ့သို့ ...

'ဖျောက်'

ကျိုကျောက်၏ လည်ပင်းရိုးကျိုးသွားသောအသံက ထွက်ပေါ်လာ၏။ ဆားယိစုံက လက်ယမ်းလိုက်လျှင် ...

'ဝှီး'

ကျိုကျောက်၏ခန္ဓာကိုယ်ကြီး လွင့်ထွက်ပြီး လေထဲ ပျံဝဲပြီး

www.burmeseclassic.com

www.burmeseclassic.com



မြေကြီးပေါ် ဘုန်းခနဲကျကာ အသက်ပျောက်သွားလေတော့သည်။

"ဟင်"

"ဟာ"

ကျီကျောက်၏တပည့်သုံးယောက် ကြောက်လန့်တကြား ဖြစ်ကာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေး သွားကြလေတော့သည်။

✦ ✦ ✦





## ထူးဆန်းသော ကယ်တင်ရှင်

"အား"

စုမာကြီးသည် အထိတ်တလန့် အော်ဟစ်ရင်း သတိရလာ လေသည်။ သတိရသည်နှင့် ချက်ချင်း လူးလိမ့်ထလိုက်၏။ ထိုအခါ သူ့အား ပြုံး၍ကြည့်နေသော ရသေ့တစ်ပါးကို တွေ့လိုက်ရလေ သည်။ ရသေ့က ...

"မင်း တောင်ပေါ်က ကျလာတာကို ကျုပ် ခရီးသွားရင်း တွေ့ခဲ့လို့ ကယ်တင်ပြီး ကျုပ်နေထိုင်တဲ့နေရာကို ခေါ်လာပြီး ဆေးကု ပေးထားတာ၊ ဘာမှ မပူပါနဲ့လေ ... မင်းရဲ့ဝေဒနာတွေ သက်သာ ပျောက်ကင်းသွားပါပြီ"

မှန်ပေသည်။ စုမာကြီးက ကိုယ့်ကိုယ်ကိုယ် စစ်ဆေးကြည့် လိုက်ရာ မည်သို့သော ဝေဒနာမျိုးမှ မခံစားရဘဲ လူကောင်းပမာ သိရှိနေသည်ကို တွေ့လိုက်ရလေသည်။ ရသေ့ကြီးကို ဦးညွှတ်လိုက် သည်။

"ကျွန်တော့်အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူး တင်ပါတယ် ခင်ဗျာ၊ ကျွန်တော်"

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးက ...

"မောင်ရင်လေးက သည်ကထွက်သွားချင်ပြီ မဟုတ်လား"

မှန်ပေသည်။ စမာကြီးက ထွက်သွားလိုသော်လည်း ရသေ့ကြီးအား အားနာနေမိလေသည်။

ရသေ့ကြီးက ...

"မောင်ရင်လေး သတိမေ့နေတုန်း နာနာဘာဝတောင်ကြား ဆိုတာကို တစ်ချိန်လုံး ရေရွတ်နေခဲ့တယ်၊ ဒါကြောင့် မောင်ရင်လေး ဟာ နာနာဘာဝတောင်ကြားကို သွားဖို့ ရည်ရွယ်ထားတဲ့ သိုင်း လောကသားတစ်ယောက် ဖြစ်မယ်ထင်တယ်"

စမာကြီးက ...

"ဟုတ်ပါတယ် ခင်ဗျာ၊ နာနာဘာဝတောင်ကြားကို သွားဖို့ ခရီးထွက်လာရင်း"

ကျိုကျောက်က တိုက်ခိုက်ခဲ့ကြောင်း ပြောမပြလိုသဖြင့် စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။ ရသေ့ကြီးက ...

"မောင်ရင်လေး ဘယ်သူဘယ်ဝါ ဘာတွေဖြစ်ခဲ့တယ်ဆို တာ ကျုပ်မသိချင်ပါဘူး၊ ကျုပ်က မောင်ရင်လေးကို ကယ်တင်ခဲ့တာ အကူအညီတစ်ခု တောင်းချင်လို့ဆိုတာ ဝန်ခံပါရစေ"

"ဗျာ"

"ကျုပ် အကူအညီတစ်ခု တောင်းချင်တယ် ... မောင်ရင် လေး ကူညီနိုင်ပါ့မလား"



စမာကြီးသည် အသက်ကယ်ခဲ့သည့် ကျေးဇူးကြောင့် ရသေ့ကြီး အကူအညီတောင်းလာသောအခါ မငြင်းနိုင်အောင် ဖြစ် သွားလေသည်။

"ကျွန်တော် ဘာများအကူအညီပေးရမလဲ ... ပြောပါ ခင် ဗျာ"

ရသေ့ကြီးက ...

"နာနာဘာဝတောင်ကြားထဲက မိစ္ဆာမြူးလိုဏ်ဂူမှာ နို အောင်းနေတဲ့ ဝိညာဉ်ဆိုးကို သုတ်သင်ရှင်းလင်းပေးဖို့ပါပဲ"

"ဗျာ"

မမျှော်လင့်သောစကားကြောင့် စမာကြီး ပါးစပ်အဟောင်း သား ဖြစ်သွားလေသည်။

ရသေ့ကြီးက ...

"မိစ္ဆာမြူးလိုဏ်ဂူထဲမှာ ပိတ်လှောင်ခံနေရတဲ့ ဝိညာဉ်ဆိုး ဟာ သိုင်းလောကသားတွေကြောင့် လိုဏ်ဂူထဲက ထွက်လာနိုင်တော့ မယ်၊ ဝိညာဉ်ဆိုးထွက်လာပြီးဆိုတာနဲ့ လူတွေ ဒုက္ခရောက်ကြရလိမ့် မယ်၊ ဒါကြောင့် ဝိညာဉ်ဆိုးကို သုတ်သင်ပစ်ရလိမ့်မယ်"

စမာကြီး ငိုင်နေ၏။ ရသေ့ကြီး၏စကားများကို နားမလည် နိုင်အောင် ဖြစ်နေသည်။

ရသေ့ကြီးကလည်း နားလည်သဘောပေါက်မိလေသည်။ ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်လေးနားလည်အောင် ကျုပ် ရှင်းပြပါ့မယ်"

ဟု ပြောလိုက်၏။

"ဟုတ်ကဲ့"

စုမာကြိုး သဘောတူလျှင် ရသေ့ကြီးက ရှင်းလင်းပြောပြလိုက်လေတော့သည်။

✦✦✦



BURMESE CLASSIC .com



## ဘဝစရီးကြမ်း

စုယိကျန်း ...။

စုယိကျန်းသည် ချောမောသော လူငယ်တစ်ယောက် ဖြစ်သည်။

သူသည် ဟန်လူမျိုးဖြစ်သော်လည်း သူကြီးပြင်းခဲ့ရာ ပတ်ဝန်းကျင်က တိဘက်များကျက်စားရာ သဲကန္တာရအတွင်း ဖြစ်လေ၏။

သူ၏မိခင်သည် ပြည်မမှထွက်လာခဲ့ပြီး တိဘက်များကြားတွင် အခြေချ နေထိုင်ခဲ့၏။ စုယိကျန်း တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့လေသည်။

စုယိကျန်းမှာ မိမိဦးဆောင်သော တိဘက်လူမျိုးစုအဖွဲ့တွင်သာ ဆက်လက်နေထိုင်ခဲ့လေသည်။

သူ့ဂေဟာတွင် ဓားပညာတစ်ခုသာ ရှိပြီး အစဉ် ဓားကိုသာ လေ့ကျင့်နေမိခဲ့သည်။

သူ့ဘဝမှာ အလွန်အေးချမ်းသည်ဟု ထင်မိလေသည်။

သို့သော် ...

တစ်နေ့ သူတို့အဖွဲ့သည် သဲကန္တာရတွင် ကျက်စားစဉ်

www.burmeseclassic.com

www.burmeseclassic.com



အုပ်စုတစ်စုနှင့် တိုက်ပွဲဖြစ်ပွားကာ လူများကွဲလျက် ပြေးခဲ့ရ၏။

စုယိကျန်းမှာ ထွက်ပြေးရင်း ရွာကလေးတစ်ရွာသို့ ရောက်ရှိသွားခဲ့လေသည်။

✦

"ဟင်"

ချောမောလှပသော လုံမပျို၏နှုတ်မှ အထိတ်တလန့် ရေရွတ်သံ ထွက်ပေါ်လာ၏။

စမ်းရေအိုင်အနီးတွင် လူတစ်ယောက် လဲကျနေသည် မဟုတ်ပါလား။

မိန်းကလေးမှာ အတန်ကြာမှ ထိုလူအနီးသို့ လျှောက်သွားကြည့်လိုက်လေသည်။

"သူ မသေသေးပါလား"

သူမက ထိုလူအား မနိုင့်တနိုင်နှင့် ရွာထဲသို့ ခေါ်ဆောင်လာခဲ့လေသည်။

တစ်ရွာလုံး ဆူညံသွားသည်။

မိန်းကလေးက လူငယ်အား သူ့ဖခင်ထံ ခေါ်ဆောင်သွားသည်။

BURMESE CLASSIC .com



သူ့ဖခင်သည် ရွာ၏အကြီးအကဲ ဖြစ်ရုံသာမက ရွာ၏ ဆေးဆရာလည်း ဖြစ်သည် မဟုတ်ပါလား။

✦

စုယိကျန်းမှာ သတိရလာ၏။ သူသည် သတိရလာလာချင်း ရွှံ့လျှံကို မြင်တွေ့လိုက်ရလေသည်။ လမင်းနှင့်တူလှသော မိန်းကလေးတစ်ယောက်ပင်။

မိန်းကလေး ပြုံးပြလိုက်၏။ လမင်းကို ကြည့်ရသလိုပင် အေးမြလှပေသည်။ မိန်းကလေးက ...

"ရှင် သတိရလာပြီလား"

စုယိကျန်းက ခေါင်းညိတ်လိုက်သည်။ မိန်းကလေးက ...

"ရှင် ဆေးသောက်လိုက်ဦးလေ"

သူမက ဆေးတိုက်လိုက်၏။ စုယိကျန်းမှာ ဆေးသောက်ပြီးသည်နှင့် မျက်ခွံများ လေးလာ၏။ ထို့နောက် ပြန်လည်အိပ်ပျော်သွားလေသည်။

မိန်းကလေးက စုယိကျန်းမျက်နှာကို ငေးကြည့်လိုက်သည်။ စုယိကျန်း၏ ချောမောရှင်းသန့်သော မျက်နှာကိုကြည့်ရင်း သူမရင်ထဲ လှုပ်ခတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ စုယိကျန်းမှာ သတိရလာ၏။

ဤတစ်ကြိမ် သူ သတိရလာသောအခါ သူ၏တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသလို ခံစားလိုက်ရ၏။

စုယိကျန်းက အိပ်ရာမှထထိုင်လိုက်၏။

ထိုစဉ် ကြမ်းတမ်းသောခြေသံကို ကြားလိုက်ရပြီး စကားသံကိုပါ တစ်ဆက်တည်း ကြားလိုက်ရလေသည်။

"မင်း သတိရနေပြီကိုး"

စုယိကျန်းက လှည့်ကြည့်လိုက်၏။

ဝတ်စုံပွပွ ဝတ်ဆင်ထားသော လူကြီးတစ်ဦးယောက်ကို တွေ့လိုက်ရ၏။ ထိုလူသည် အသက် ငါးဆယ်ခန့် ရှိ၏။

လည်ပင်းတွင် ရောင်စုံပုတီးစေ့များကို ဆွဲထား၏။ သူ၏ ပုံသဏ္ဌာန်အရ အဆောင်အယောင်အရ ရွာအကြီးအကဲတစ်ယောက် ဖြစ်ကြောင်း သိလိုက်ရသည်။

စုယိကျန်းက ဦးညွှတ်လိုက်သည်။

"ကျွန်တော့်ကို ကယ်တင်ခဲ့တာ ကျေးဇူးတင်ပါတယ်ဗျာ"

ထိုလူကြီးက ...

"မလိုပါဘူး၊ မင်းကောင်းကောင်းနေကောင်းတဲ့အထိ ကျုပ်ဆီမှာ နေနိုင်ပါတယ်"

✦





တစ်ရက် ... နှစ်ရက် ... သုံးရက် ...။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။ တစ်ပတ်ခန့်ကြာသောအခါ စုယိကျန်းမှာ လူကောင်းပကတိ ဖြစ်လာလေသည်။

သူသည် ဤရွာကလေးမှ ထွက်သွားရတော့မည် ဖြစ်၏။ သူ မသွားနိုင်ပါ။ တစ်ပတ်အတွင်း သူသည် ရွှဲလျှံဆိုသော မိန်းကလေးနှင့် သံယောဇဉ် ငြိတွယ်နေခဲ့ပြီ မဟုတ်ပါလား။

စုယိကျန်းမှာ တောင်ကုန်းကလေးအနီးတွင် ထိုင်ရင်း တွေးနေငေးနေမိ၏။ သူက ရွှဲလျှံအား မခွဲနိုင်ပါ။ ရွှဲလျှံသည် သူ၏ဘဝ အစိတ်အပိုင်းတစ်ခု ဖြစ်နေသလို ခံစားရမိလေသည်။

စုယိကျန်းသည် သက်ပြင်းချလိုက်၏။ ထိုစဉ် ညင်သာလှသောခြေသံကို ကြားလိုက်ရလေသည်။ သူသည် လှည့်မကြည့်ဘဲ ရွှဲလျှံ ဖြစ်သည်ကို သိလိုက်၏။

ရွှဲလျှံက စုယိကျန်းအနီးတွင် ထိုင်ချပြီး ...

"အစ်ကို ... ဘာတွေစဉ်းစားနေတာလဲ"

စုယိကျန်းက ...

"အစ်ကိုတို့အကြောင်းပါ"

ရွှဲလျှံက ...

"ကျွန်မတို့အကြောင်း ... ဟုတ်လား"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စုယိကျန်းက ...

"ဟုတ်တယ် ... အခု အစ်ကိုက နေကောင်းပြီဆိုတော့ ဒီရွာက သွားရတော့မယ်လေ"

ရွှဲ့လျှံ၏မျက်နှာ ညှိုးကျသွားသည်။

"အစ်ကို ... ဒီမှာနေလို့ မဖြစ်ဘူးလား"

စုယိကျန်းက ...

"အစ်ကို ဒီမှာနေလို့ ဘယ်သူက လက်ခံမှာလဲ"

ရွှဲ့လျှံက ချက်ချင်း ပြန်ပြောလိုက်သည်။

"ညီမ လက်ခံမှာပါ"

စုယိကျန်းက ရယ်မောလိုက်၏။

"ညီမလက်ခံရုံနဲ့ ဘယ်ဖြစ်မှာလဲ၊ အခုတောင် ရွာထဲကလူတွေက အစ်ကိုတို့ကို သိပ်ကျေနပ်တာမဟုတ်ဘူးဆိုတာ အစ်ကိုသိပါတယ်"

ရွှဲ့လျှံက ...

"ဘာလဲ ... ပုလုစင်းတို့လူစုကို ပြောတာလား"

စုယိကျန်းက ...

"ဟုတ်တယ် ... မနက်ကပဲ သူတို့က ကျုပ်တို့ကို လာပြောသွားတယ်"

ရွှဲ့လျှံက ...

"ဟင် ... ဘာတဲ့လဲ"



စုယိကျန်းက ...

"အစ်ကို့ကို ဒီရွာက အမြန်ဆုံး ထွက်သွားပါတဲ့"

ရွှဲ့လျှံ မျက်နှာတင်းခနဲ ဖြစ်သွားသည်။

"အစ်ကို ဘာပြန်ပြောလိုက်သလဲ"

စုယိကျန်းက ...

"ဘာပြန်ပြောရမှာလဲ ... အစ်ကိုက ဒီရွာက ဧည့်သည်ပဲမဟုတ်လား"

ရွှဲ့လျှံက ပါးစပ်ပိတ်သွားသည်။ အတန်ကြာမှ စုယိကျန်းအား မော့ကြည့်လိုက်ပြီး ...

"အစ်ကို ... တကယ်ပဲ သွားတော့မှာလား"

စုယိကျန်းက ...

"ဟုတ်တယ် ... မနက်ဆိုရင် ဒီရွာက ထွက်သွားသင့်ပြီလို့ အစ်ကိုယူဆတယ်"

သူ၏စကားအဆုံးတွင် ရွှဲ့လျှံ၏ မျက်ဝန်းမှ မျက်ရည်ပေါက်များ လိမ့်ဆင်းကျလာသည်။ စုယိကျန်းရင်ထဲ၌ မကောင်းဖြစ်သွား၏။

ရွှဲ့လျှံအား အသာထွေးပွေ့ကာ နှစ်သိမ့်လိုက်၏။

"မငိုပါနဲ့ ညီမရယ်"

ရွှဲ့လျှံက ရှိုက်သံ ဗလုံးဗထွေးနှင့် ပြောလိုက်၏။

"အစ်ကိုမသွားရဘူး"

www.burmeseclassic.com

www.burmeseclassic.com



စုယိကျန်းက ...

"အစ်ကိုမသွားချင်ပါဘူး၊ ဒါပေမဲ့ မသွားလို့ မဖြစ်တာ ညီမလည်း သိပါတယ်"

ရွှဲ့လျှံက ...

"ကျွန်မ အစ်ကိုနဲ့ မခွဲနိုင်ဘူး"

စုယိကျန်းက ...

"အစ်ကိုလည်း ညီမလိုပါပဲ"

ရွှဲ့လျှံက ...

"ဒါဆို အစ်ကို ကျွန်မကို ခေါ်သွားပါလား"

စုယိကျန်း ငိုင်ကျသွားသည်။ သူသည် မည်သည့်နေရာကို သွားရမှန်းမသိပါ။ သူ၏အုပ်စုများ မည်သည့်နေရာတွင် ရှိမှန်းလည်း မသိပါ။

ဤအခြေအနေတွင် သူက ရွှဲ့လျှံအား မည်သို့ ခေါ်သွားရပါမည်နည်း။

စုယိကျန်း တွေဝေနေသည်ကိုတွေ့သောအခါ ရွှဲ့လျှံက အားမလို အားမရ ဖြစ်သွား၏။

"အစ်ကို ... ညီမကို ခေါ်မသွားနိုင်ဘူးလား"

ရွှဲ့လျှံ၏အသံက စုယိကျန်း၏ အသည်းနှလုံးကို ဆွဲကိုင်လှုပ်ခါလိုက်သလို ခံစားလိုက်ရလေသည်။ ဦးနှောက်ကို နှလုံးသားက အနိုင်ယူသွား၏။





စုယိကျန်းက ...

"ခေါ်သွားပါ့မယ် ညီမရယ်၊ ဒါပေမဲ့ အစ်ကိုနဲ့လိုက်ရင် ညီမဘဝဟာ ကြမ်းတမ်းခက်ထန်နေမှာတော့ အသေအချာပဲ"

ရွှဲ့လျှံက ...

"ကျွန်မအစ်ကိုနဲ့ ခွဲရမှာထက်စာရင် အရာအားလုံးကို ရင်ဆိုင်ဝံ့ပါတယ်"

စုယိကျန်းမှာ ရွှဲ့လျှံ၏ ခန္ဓာကိုယ်ကလေးကို တင်းကျပ်စွာ ပွေ့ထားလိုက်မိလေတော့သည်။

✦

ည ...။

လမင်းက ဝင်းပနေ၏။ ကောင်းကင်တွင် ကြယ်ပေါင်းစုံ ဝန်းရံခနေ၏။ ခုနစ်စဉ်ကြယ်မှာ အမြီးထောင်နေပြီဖြစ်သည်။

အမှောင်ထုအတွင်း လူရိပ်နှစ်ရိပ်က မြင်းတစ်ကောင်ကိုဆွဲကာ ရွာအပြင်သို့ ဖြည်းညင်းစွာ ထွက်လာကြ၏။

စုယိကျန်းနှင့်ရွှဲ့လျှံတို့ပင် ဖြစ်ပါသည်။

ရွာနှင့်အတော်လှမ်းလှမ်းရောက်မှ စုယိကျန်းက မြင်းပေါ် ခုန်တက်လိုက်ပြီး ရွှဲ့လျှံကို ပွေ့တင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မြင်းကိုမောင်းနှင်ကာ ထွက်လာခဲ့လေသည်။

ရွှဲလျှံမှာ ပျော်ရွှင်နေ၏။ ရွှဲလျှံမှာ ပျော်ရွှင်နေသည်ကို တွေ့ရသဖြင့် စုယိကျန်းမှာလည်း ပျော်ရွှင်နေမိလေသည်။ သို့သော် သူ၏ရင်ထဲ၌ တစ်စုံတစ်ရာ တင်းကျပ်နေသလိုခံစားရ၏။

သူသည် အမြန်ဆုံး ခရီးနှင်နိုင်မှ ဖြစ်မည်ကို အလိုလိုပင် သိနေမိလေသည်။ ထို့ကြောင့် မြင်းကို အသော့နှင်နေမိလေတော့သည်။

✦

နေမင်း ...။

နေမင်းကား ပူလောင်ပြင်းပြသောအပူရှိန်ကို ပေးဝေနေသည်။ နေပူရှိန်ကြောင့် သဲမြေတို့တွင် ပူနေ၏။ စုယိကျန်းမှာ ဤအပူရှိန်တွင် ခရီးမဆက်သင့်ကြောင်း ကောင်းစွာနားလည်လိုက်၏။

လူနှစ်ယောက်ကို တင်ဆောင်ထားရသော မြင်းမှာလည်း အမြှုပ်များပင်ထွက်ကာ မောပန်းနေပြီး ဖြစ်သည်။

စုယိကျန်းမှာ မနားချင်သေးသော်လည်း အခြေအနေအရ အနားယူရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက် ကျောက်တောင်ကုန်းများအနီး မြင်းကိုမောင်းနှင်သွားပြီး အရိပ်ကွယ်တွင် အနားယူလိုက်သည်။ ပါလာသော ရိက္ခာခြောက်ကို ထုတ်ကာ စားသောက်လိုက်သည်။



သူသည် နောက်မှ လိုက်လာမည့်ရန်သူများအကြောင်း တွေးကာ ပူနေမိ၏။

ရွှဲလျှံကမူ ချစ်သူနှင့်အတူ သွားလာနေရသည်ကို အလွန်ပျော်ရွှင်နေဟန်ရှိသည်။

စုယိကျန်းမှာ သူ၏ စိုးရိမ်စိတ်ကို ထုတ်မပြပါ။ ရွှဲလျှံမှာ ပျော်ရွှင်စိတ် ပျောက်ဆုံးသွားမည် မဟုတ်ပါလား။

စုယိကျန်းမှာ နေပူရှိန်လျော့ကျသွားမည့်အချိန်ကိုသာ မျှော်လင့်စောင့်စားနေမိလေသည်။

ထိုစဉ်မှာပင် သူသည် အဝေးမှ ဖုန်လုံးများ ထလာသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟင်"

စုယိကျန်းမှာ မျက်နှာပျက်သွားသည်။ ရွှဲလျှံမှာလည်း လှမ်း၍ တွေ့မြင်သွားသည်။

"သူတို့လိုက်လာကြပြီထင်တယ်"

စုယိကျန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... အစ်ကိုတို့ အမြန်ဆုံးပြေးမှ ဖြစ်တော့မယ်"

သူတို့သည် မြင်းပေါ် ချက်ချင်းတက်ကာ ထွက်ပြေးလိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



✦

စုယိကျန်းမှာ မြင်းကို အသော့နှင်နေသည်။

မြင်း၏ပြေးနှုန်းက တိုးမလာဘဲ တစ်စထက်တစ်စ လျော့ကျလာသည်ကို သူ ကောင်းစွာ သိလိုက်လေသည်။

မကြာခင် သူတို့ မြင်းက လဲကျသွားတော့ပေမည်။ သူ အတွေးမဆုံးလိုက်ပါ။ မြင်းမှာ ပြိုလဲကျသွားသည်။

စုယိကျန်းက သတိရှိနေသောကြောင့် ရွှဲ့လျှံအား ပွေ့ချီ၍ မြေပေါ် ခုန်ဆင်းလိုက်၏။ ထို့နောက် ခြေလျင်ထွက်ပြေးရန် ကြိုးစားလိုက်၏။

သို့သော် နောက်ကျသွားချေပြီ။

'ဖွစ် ဖွစ် ဖွစ်'

မြားများက သူတို့ပတ်လည်ကို ကျရောက်လာ၏။ စုယိကျန်းက ရွှဲ့လျှံ၏လက်ကိုဆွဲရင်း ရပ်လိုက်၏။

သူ၏လက်တစ်ဖက်ကလည်း ဓားကို အသင့်ထုတ်ကိုင်ထားလိုက်လေတော့သည်။

✦





"ဟား ဟား ဟား ... မင်းတို့ ပြေးမလွတ်ပါဘူး"

ပုလုစင်းက ရယ်မောရင်း မြင်းပေါ်မှ ဆင်းလိုက်၏။ ပုလုစင်း၏ အဖော်များကလည်း စုယိကျန်းတို့အား ဝိုင်းရံထားလိုက်ကြလေသည်။

စုယိကျန်းက ပုလုစင်းအား ကြည့်လိုက်၏။ ပုလုစင်း၏ မျက်လုံးတို့တွင် မုန်းတီးမှုများ ပြည့်နှက်နေသည်ကို တွေ့လိုက်ရ၏။ စုယိကျန်း ကောင်းစွာ နားလည်လိုက်၏။

ပုလုစင်းသည် ရွှဲ့လျှံအား မေတ္တာရှိနေသူပင် ဖြစ်ပါသည်။ တစ်ဖန် ပုလုစင်းသည် ရွှဲ့လျှံ၏ဖခင် ဟို့ယန်၏ အရိုက်အရာကို ဆက်ခံရမည့်သူတစ်ယောက်လည်း ဖြစ်လေသည်။

ထိုစဉ် မြင်းတစ်စီးကရောက်ရှိလာ၏။ မြင်းပေါ်မှလူက လွှားခနဲ ခုန်ဆင်းလာ၏။ မြင်းပေါ်မှ ဆင်းလာသူမှာ ရွှဲ့လျှံ၏ဖခင် ဟို့ယန်ပင် ဖြစ်ပါသည်။ ပုလုစင်းက ...

"ခေါင်းဆောင်ကြီး"

ဟု သံပြတ်နှင့်ခေါ်လိုက်သည်။ ဟို့ယန်က စုယိကျန်းအား စိုက်ကြည့်လိုက်ပြီး ...

"မင်းက အသက်ကယ်တဲ့ကျေးဇူးကို အခုလို ဆပ်လိုက်တာလား"

ဟု အေးစက်စွာ ပြောလိုက်၏။ စုယိကျန်းမှာ ခေါင်းငုံ့သွား

www.burmeseclassic.com

www.burmeseclassic.com



၏။ ဟို့ယန်က ...

"မင်းထွက်သွားပါ၊ မင်းကို အသက်ချမ်းသာပေးလိုက်မယ်"

စုယိကျန်းက ရပ်မြဲပင်။ ရွှဲ့လျှံက စုယိကျန်း၏လက်မောင်းကို ဖက်တွယ်ထားပြီး ...

"ဖေဖေ သမီးတို့ကို မခွဲပါနဲ့"

ဟု အော်ဟစ်တောင်းပန်လိုက်၏။ ဟို့ယန်က ဒေါသထွက်သွားပြီး ...

"တိတ်စမ်း"

ဟု အော်ငေါက်လိုက်၏။ ထို့နောက် စုယိကျန်းအား စိုက်ကြည့်လိုက်၏။

"မင်း အမြန်ဆုံးထွက်သွားစမ်း"

စုယိကျန်းက ...

"ကျုပ် ကျုပ် တစ်ခုပြောပါရစေ"

ဟို့ယန်က ...

"မြန်မြန်ပြော"

စုယိကျန်းက ...

"ကျုပ် ကျုပ်တို့ကို မခွဲပါနဲ့ဗျာ"

"ဟား ဟား ဟား"

သူ၏စကားအဆုံးတွင် ပုလုစင်း ရယ်မောလိုက်၏။ ပုလုစင်းက ရှေ့သို့တိုးလိုက်ပြီး ...



"မင်းကို ကျုပ် နောက်ဆုံးပြောမယ်၊ မင်း အသက်ရှင်ချင်တယ်ဆိုရင် ရွှဲ့လျှံကို ထားခဲ့ပြီး အမြန်ဆုံး ထွက်သွားစမ်း"

ဟု မောင်းထုတ်လိုက်လေသည်။ စုယိကျန်းက ရွှဲ့လျှံအား လှည့်ကြည့်လိုက်၏။ ရွှဲ့လျှံက သူ့ကို အားကိုးတကြီးဖြင့် မော့ကြည့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။ စုယိကျန်းက အံကြိတ်လိုက်ပြီး ...

"ကျုပ်သွားမယ်ဆိုရင် ရွှဲ့လျှံပါမှဖြစ်မယ်၊ ရွှဲ့လျှံကို ကျုပ်ထားပြီး မသွားနိုင်ဘူး"

ဟု ပြတ်သားစွာ ပြောလိုက်လေသည်။ ပုလုစင်း၏မျက်နှာမှာ မည်းမှောင်သွားလေသည်။ ဓားကို ဆွဲထုတ်လိုက်၏။

'ရွှမ်း'

ဟို့ယန် ဟန့်တားလိုက်သည်။

"နေဦး"

သူသည် စုယိကျန်းအား ကြည့်လိုက်၏။ စုယိကျန်း၏မျက်နှာပေါ်တွင် အရာရာကို ရင်ဆိုင်မည့်အရိပ်အယောင်များ မြင်နေရလေသည်။

သူသည် သမီးဖြစ်သူအား ကြည့်လိုက်သည်။ သမီးဖြစ်သူ ရွှဲ့လျှံမှာလည်း စုယိကျန်းအား အလွန်မြတ်နိုးနေဟန် ရှိ၏။ ဟို့ယန် သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေလျှံမှာ သူ၏ တစ်ဦးတည်းသောသမီးဖြစ်၏။ ရွှေလျှံ စိတ်ချမ်းသာအောင် သူက လုပ်ဆောင်ပေးလို၏။ စုယိကျွန်းနှင့်လည်း သူက သဘောမတူစရာ မရှိပါ။

စုယိကျွန်းသည် ရိုးသားဖြောင့်မတ်သူဖြစ်ကြောင်း သူ အကဲခတ် သိရှိထား၏။ သို့သော် အခြေအနေအရ သူက ရွှေလျှံနှင့် စုယိကျွန်းအား မခွဲ၍မရပါ။

ရွှေလျှံအား ပုလုစင်းနှင့် လက်ဆက်ပေးရန် စီစဉ်ထားပြီးဖြစ်သည်။

ကျေးရွာတွင်လည်း သူ၏သြဇာ မိုးနေပြီး လူငယ်တစ်ယောက်ဖြစ်သူ ပုလုစင်းက တန်ခိုးထက်လှသည် မဟုတ်ပါလား။

ဟို့ယန်က ...

"စုယိကျွန်း ... သမီးကို ထားခဲ့ပြီး မင်းသွားပါ"

ဟု ပြောလိုက်၏။

စုယိကျွန်းက ခေါင်းခါလိုက်၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ရွှေလျှံကို ထားခဲ့ပြီး ကျုပ် မသွားနိုင်ပါဘူး"

ပုလုစင်း ဒေါသထွက်သွား၏။

"ခေါင်းဆောင်ကြီး ဘေးဖယ်ပါ"

ဟို့ယန်က သက်ပြင်းချလိုက်၏။ ပုလုစင်းက ရှေ့တိုးလာပြီး ...





"ကောင်းပြီ ... မင်းက ရွှေလျှံကို မထားခဲ့ရင် မင်းကို ကျုပ်က သတ်ရမယ်"

စုယိကျွန်းက ...

"ကျုပ်ကလည်း သေမှ ရွှေလျှံနဲ့ခွဲမယ်"

ဟု ပြတ်သားစွာ ပြောလိုက်၏။ ပုလုစင်းက ဘာမျှ မပြောတော့ပါ။ စုယိကျွန်းအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။ သူ၏ အမုန်းတရားက ပြင်းထန်သလို သူ၏ဓားချက်ကလည်း ပြင်းထန်လှ၏။

စုယိကျွန်းက ခုခံပေးလိုက်၏။ ရွှေလျှံကို သူ၏နောက်ကျောဘက်ကို ဆွဲသွင်းလိုက်ပြီး ပုလုစင်းနှင့် ဓားချင်းယှဉ်ပြိုင်လိုက်လေသည်။ ပုလုစင်းသည် ဤရွာကလေး၌ ဓားရေးအထက်ဆုံးဖြစ်၏။

သူသည် ခွန်အားလည်း အလွန်ကြီးမားသူ ဖြစ်၏။

မည်သည့် လူရွယ်မျှ သူ၏ဓားချက်ဆယ်ချက်အထိ မခုခံနိုင်ပါ။ အခုလည်း ပုလုစင်းက သူ၏ဓားချက် တစ်ဆယ်ချက်အထိ မခုခံနိုင်ပါဟု ထင်နေလေတော့သည်။

ဓားချက်တိုင်းသည် စုယိကျွန်း၏ ခန္ဓာကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်များသဖွယ် ကျရောက်လာ၏။ စုယိကျွန်းက အေးအေးဆေးဆေးပင် ဓားချက်များ တစ်ချက်ချင်း ခုခံနေလေသည်။

'ခြွမ်း'

ဓားသံများက ကျယ်လောင်စွာ မြည်ဟည်းနေ၏။ ပုလုစင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ ဓားချက်သုံးဆယ်ခန့် တိုက်ခိုက်လိုက်ပြီ ဖြစ်သည်။ သူ၏ဓားချက်တိုင်းကို စုယိကျန်းက ခုခံနိုင်သည့်အတွက် ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ လုံးဝ ပေါ့ဆရန် စိတ်မကူးရဲတော့ပါ။

သူသည် သတိထားပြီး ဓားချက်များ ဆက်တိုက်ထိုးချနေလေတော့သည်။ စုယိကျန်းမှာ ဓားပညာကို ငယ်စဉ်က စတင် လေ့ကျင့်ခဲ့သူ တစ်ယောက်ဖြစ်၏။

သူ၏ဓားပညာမှာ လွန်စွာမြင့်မားနေ၏။ ပုလုစင်းအား ဓားကွက် သုံးဆယ်အတွင်း ကောင်းစွာ အနိုင်ယူနိုင်ပေသည်။ သို့သော် ပြင်းထန်သော ဓားချက်များအတွင်း ပုလုစင်း သေဆုံးသွားမည် ဖြစ်သည်။

သူက ပုလုစင်းအား အသေမသတ်လိုပါ။ ထို့ကြောင့် အလျှော့ပေးတိုက်ခိုက်နေခြင်းပင် ဖြစ်၏။

ထိုအချက်ကို ပုလုစင်းက မသိပါ။

သူ၏ဓားချက်များကို စုယိကျန်းက ခုခံနိုင်လေ သူက ဒေါသထွက်လေဖြစ်လေ၏။ တိုက်ခိုက်မှုကလည်း ပို၍ ကြမ်းရမ်းလာလေတော့သည်။

စုယိကျန်းမှာ အလျှော့ပေး၍မရ ဖြစ်လာ၏။ သူက လျှော့နေလျှင် ပုလုစင်း၏ဓားချက်က သူ၏အသက်ကို နုတ်ယူသွားမည်မှာ သေချာလှ၏။

စုယိကျန်းက သက်ပြင်းချလိုက်သည်။ သူသည် ပုလုစင်း



ထိခိုက်မှုမရှိစေရန်အတွက် ပုလုစင်း၏ ဓားကိုသာ လွင့်ထွက်စေရန် တိုက်ခိုက်လိုက်လေသည်။ နောက်ထပ် ဓားကွက်သုံးကွက်မျှ ထုတ်အပြီး ...

'ခြွမ်း'

ပုလုစင်း၏ဓားက လွင့်စဉ်ထွက်သွား၏။ စုယိကျန်းက ...

"ကျုပ်ကို ခွင့်လွှတ်ပါ"

ဟု တောင်းပန်လိုက်၏။

ပုလုစင်းက မှဲ့လိုက်၏။ သူသည် ဘာမျှမပြောဘဲ မြေပေါ်ကျနေသောဓားကို ကောက်ယူလိုက်ပြီး သူ ၏လူများကိုခေါ်ကာ ပြန်လည်ထွက်ခွာသွားလေတော့သည်။

✦

စုယိကျန်းနှင့်ရွှဲ့လျှံတို့က ဟို့ယန်အား ဒူးထောက် ဂါရဝပြုလိုက်ကြ၏။ ဟို့ယန်မှာ အဝေးသို့ ငေးမောနေ၏။

စုယိကျန်းက ...

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဦး"

ရွှဲ့လျှံက ...

"ဖေဖေ သမီးတို့ချစ်ခြင်းကို မခွဲပါနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



ဟု တောင်းပန်လိုက်၏။ ဟို့ယန်က သက်ပြင်းချလိုက်၏။

"စုယီကျန်း"

စုယီကျန်းက ...

"ပြောပါ ဦး"

ဟို့ယန်က ...

"ကျုပ်သမီးကို စိတ်ချပါရစေ"

စုယီကျန်းက ...

"ဟုတ်ကဲ့ပါ ဦး"

ဟို့ယန်က သမီးဖြစ်သူကို အသာနမ်းရှုပ်လိုက်၏။

"သမီး လိမ္မာပါ"

"ဟုတ်ကဲ့ ဖေဖေ"

ဟို့ယန်က ...

"ပုလုစင်းကို သတိထား၊ သူက လက်လျှော့လိမ့်မယ်လို့ ကျုပ်မထင်ဘူး"

စုယီကျန်းက ...

"ကျွန်တော် သူ့ကို မကြောက်ပါဘူး"

ဟို့ယန်က ...

"မင်းရဲ့ဓားပညာကို သူ မလှန်နိုင်ပေမယ့် မင်းကို သူ ရအောင် အနိုင်ယူလိမ့်မယ်"

စုယီကျန်းက ဘာမှမပြောဘဲ ပြုံးနေလိုက်၏။





နောက်တစ်ကြိမ် ပုလုစင်းနှင့် ရင်ဆိုင်ရလျှင် သူက အလျှော့မပေးတော့ဟုလည်း ဆုံးဖြတ်လိုက်၏။

ဟို့ယန်က ဆက်ပြောလိုက်သည်။

"မင်းတို့ ဘယ်သွားကြမလဲ"

စုယီကျန်းက ...

"ကျွန်တော့်အဖော်တွေကို လိုက်ရှာမယ်"

ဟို့ယန်က ...

"မင်းတို့အုပ်စု ပြိုကွဲသွားပြီကွဲ့"

"ဗျာ"

စုယီကျန်းက အံ့အားသင့်သွား၏။ ဟို့ယန်က ...

"အကောင်းဆုံးက မင်းမြောက်ဘက်ကိုသာ သွားပါ၊ မင်းတို့ ကံကောင်းပါစေ"

ပြောပြီး မြင်းကို ထားခဲ့ကာ ချာခနဲ လှည့်ကွက်သွားလေသည်။ ဟို့ယန်ပြောသည့် မြောက်ဘက်မှာ တရုတ်ပြည်ပင်ဖြစ်ပါတော့သည်။

✦

ကောင်းကင်မှာ လမင်းက ထွန်းလင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်တွင်လည်း စုယိကျန်းနှင့်ရွှဲ့လျှံတို့က ခရီးဆက်နေကြလေသည်။ သူတို့သည် နေ့ဘက်နားပြီး ညဘက်ခရီးဆက်ခဲ့ရာ အတော်ပင် ခရီးပေါက်လာခဲ့၏။

မည်သည့်အနှောင့်အယှက်မှ မရှိသောကြောင့်လည်း ဤမျှ ခရီးတွင်လာခဲ့ခြင်း ဖြစ်သည်။ ရွှဲ့လျှံက ...

"အစ်ကို ... သဲပြင်တွေ သိပ်မတွေ့ရတော့ဘူးနော်"

စုယိကျန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ပြည်မနဲ့ နီးလာပြီလေ"

ရွှဲ့လျှံက ...

"ကျွန်မတို့ ပြည်မမှာ ဘယ်လိုနေထိုင်ကြမလဲ"

စုယိကျန်းက ...

"မပူပါနဲ့ ... အစ်ကို့မှာ ခြေလက်တွေ ရှိနေသရွေ့ ညီမကို လုပ်ကျွေးသွားမှာပါ"

ရွှဲ့လျှံက သဘောကျစွာ ရယ်မောလိုက်၏။

"ဒါထက် ပြည်မရောက်ဖို့ ဘယ်လောက်လိုဦးမလဲ"

စုယိကျန်းက ...

"သုံးရက်"

ရွှဲ့လျှံက ...

"ဩော် နေဦး ... ဖေဖေ့မြင်းပေါ်က သေတ္တာကလေးက ဘာတွေလဲ"



စုယိကျန်းက ပခုံးတွန့်လိုက်၏။

"အစ်ကိုဘယ်လိုသိမှာလဲ"

ရွှဲ့လျှံက သွက်လက်စွာ သေတ္တာကလေးအား ဖွင့်ကြည့်လိုက်၏။ များပြားသော ရွှေငွေကျောက်သံပတ္တမြားနှင့် သိုင်းကျမ်းတို့ကို တွေ့မြင်လိုက်ရလေသည်။

ရွှဲ့လျှံမှာ ရင်ထဲ၌ နင့်ခနဲ ဖြစ်သွားသည်။ ဖခင်ဖြစ်သူသည် သူမတို့အပေါ် မေတ္တာအပြည့်အဝ ထားရှိသည် မဟုတ်ပါလား။

သူမသည် ဖခင်ကိုစွန့်ခွာလာမိသည်ကို တွေးကာ စိတ်မကောင်းဖြစ်သွားမိလေသည်။ မျက်ရည်များလည်း အလိုလို ကျလာ၏။

"ဖေဖေရယ်"

စုယိကျန်းက အသာအယာ နှစ်သိမ့်လိုက်၏။ ထိုစဉ်မှာပင် သူ၏နားထဲ၌ မြင်းခွာသံများ ကြားလိုက်ရသလို ခံစားလိုက်ရ၏။ သူ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တောင့်တင်းသွား၏။ ရွှဲ့လျှံက ...

"အစ်ကို ဘာဖြစ်တာလဲ"

စုယိကျန်းက မျက်မှောင်ကြုတ်ကာ နားစွင့်လိုက်လေ၏။ မြင်းခွာသံများမှာ ပျောက်သွား၏။ သူ၏ရင်ထဲ၌ စနောင့်စနင်း ဖြစ်သွား၏။

"ဘာမှမဟုတ်ပါဘူး ... မြင်းခွာသံကြားသလားလို့ပါ"

ရွှဲ့လျှံက နားစွင့်လိုက်၏။

www.burmeseclassic.com

"ဘာမှ မရှိပါဘူး"

သူတို့က စကားဆက်မပြောတော့ဘဲ ခရီးဆက်လိုက်ကြလေတော့သည်။

✦

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

နှစ်ရက်ဟူသောအချိန်သည် လျင်မြန်စွာပင် ကုန်ဆုံးသွားလေသည်။ ရွှံ့လျှံမှာ ပျော်ရွှင်နေ၏။

မနက်ဖြန်တွင် ပြည်မကို ရောက်ရှိတော့မည် မဟုတ်ပါလား။ စုယိကျန်းမှာ ရှင်းရှင်း ဝမ်းမသာနိုင်ပါ။ သူ၏စိတ်ထဲ၌ နောက်မှ လူလိုက်နေသလို ခံစားနေရသည် မဟုတ်ပါလား။

သူသည် မကြာခဏ နောက်ကြောင်းပြန်ကြည့်လိုက်မိ၏။ သို့သော် လူရိပ်လူယောင် တစ်စုံတစ်ရာကိုမျှပင် မတွေ့ရပါချေ။

စုယိကျန်းမှာ ခရီးကိုတွင်နိုင်အောင် သွားလာနေသည်။ ညဦးသန်းခေါင်ကျော်လာခဲ့ပြီဖြစ်၏။ အအေးဓာတ်က ပတ်ဝန်းကျင်ကို လွှမ်းမိုးနေ၏။

စုယိကျန်းမှာ ရွှံ့လျှံ၏လက်ကို တစ်ဖက်မှဆွဲ၊ တစ်ဖက်မှ မြင်းကိုထိန်းကာ လျှောက်လာခဲ့၏။ ညဦးပိုင်း မြင်းကို အသုံးပြုပြီး ယခု ခေတ္တအနားပေးထားခြင်း ဖြစ်ပေသည်။





ရွှံ့လျှံမှာ စကားကို ရွှန်းရွှန်းဝေအောင် ပြောရင်း လိုက်ပါလာလေသည်။ စုယိကျန်းမှာ လမ်းလျှောက်ရင်း စိတ်ထဲ၌ ထင့်သွား၏။ ရန်သူ၏အနံ့အသက်များကို ခံစားလိုက်ရ၏။

သူ၏ခြေလှမ်းများတို့က တုံ့ခနဲ ရပ်တန့်သွား၏။ ရွှံ့လျှံက "ဘာဖြစ်လို့လဲ"

စုယိကျန်းက အသံမထွက်ရန် အချက်ပြပြီးနောက် ပတ်ဝန်းကျင်အား ဝေ့ကြည့်လိုက်၏။ ပတ်ဝန်းကျင်မှာ မှောင်မည်းနေ၏။ ရှေ့ခြေဆယ်လှမ်းစာမျှကိုသာ မြင်နေရသည်။

ထိုအတွင်းတွင်မူ မည်သူ့ကိုမျှ မတွေ့ရပါ။ စုယိကျန်း၏ ရင်ထဲ၌မူ သံသယများက ပို၍ ကြီးထွားလာလေသည်။ သူ၏စိတ်ထဲ၌လည်း အန္တရာယ်၏ အနံ့အသက်များကလည်း ပို၍ ရလာ၏။

စုယိကျန်းမှာ ဓားရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်လေသည်။ ထိုစဉ်မှာပင် ရယ်မောသံကို ကြားလိုက်ရလေသည်။

"ဟား ဟား ဟား"

ရယ်သံက ပတ်ဝန်းကျင်အနှံ့က ထွက်ပေါ်လာ၏။

'ဝှစ် ဝှစ် ဝှစ်'

မြားတံများကလည်း သူတို့၏ရှေ့သို့ ကျရောက်လာလေသည်။ စုယိကျန်းမှာ မျက်နှာပျက်သွား၏။

သူသည် ဓားကို ဆွဲထုတ်လိုက်၏။

'ခြိမ်း'

www.burmeseclassic.com

www.burmeseclassic.com



ရယ်သံများ ပျောက်ဆုံးသွား၏။ အမှောင်ထုအတွင်းမှ လူရိပ်များ ထွက်ပေါ်လာလေတော့သည်။ စုယိကျွန်းက ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်၏။

ရွှံ့လျှံမှာ စုယိကျွန်း၏လက်မောင်းကို အားကိုးတကြီးနှင့် ဆုပ်ကိုင်ထားလိုက်လေသည်။ စုယိကျွန်းက ...

"ညီမ နောက်မှာသာနေပါ"

သူသည် နှစ်သိမ့်လိုက်ပြီးနောက် ဓားကို အသင့်ဆွဲထုတ်လိုက်လေသည်။ လူရိပ်များ သဲကွဲစွာ ပေါ်လာ၏။ သူ မျှော်မှန်းထားသလိုပင် ပုလုစင်းတို့လူစုကို တွေ့မြင်လိုက်ရလေသည်။

ပုလုစင်းက ...

"စုယိကျွန်း ... မင်း ကျုပ်တို့လက်က ဘယ်တော့မှ မလွတ်စေရဘူး"

ဟု အေးစက်စွာ ပြောလိုက်၏။ စုယိကျွန်းက အံကြိတ်လိုက်၏။

"ပုလုစင်း ... ကျုပ်တို့ကို မနှောင့်ယှက်ပါနဲ့"

ပုလုစင်းက အံကြိတ်လိုက်၏။

"ရွှံ့လျှံကို ခေါ်သွားလို့ မရဘူး၊ မင်းလည်း အသက်ရှင်လျက်နဲ့ ထွက်သွားလို့ မရတော့ဘူး"

စုယိကန်းက ဒေါသထွက်သွား၏။

"ပုလုစန်း ... ခင်ဗျားကို ကျုပ်က မသတ်ချင်လို့ ညှာလိုက်



တာကို သဘောပေါက်ဖို့ကောင်းပါတယ်"

ပုလုစင်းက ရယ်မောလိုက်၏။

"မင်းနဲ့ကျုပ် တစ်ယောက်ယောက်သေရမှာပဲ"

ရွှံ့လျှံက ...

"ပုလုစင်း ... ရှင် လွန်လာပြီ၊ ရှင်နဲ့ဘာဆိုင်သလဲရှင့်"

ဟုဝင်အော်လိုက်၏။ ပုလုစင်း၏မျက်နှာ နီရဲသွား၏။ ရွှံ့လျှံက ဆက်ပြောလိုက်၏။

"ပုလုစင်း ... ကျွန်မတို့ကို သွားခွင့်ပြုပါ၊ လိုက်မနှောင့်ယှက်ပါနဲ့ရှင့်"

ပုလုစင်းက ငိုင်ကျသွားသည်။ ပြီးမှ ရွှံ့လျှံအား စိုက်ကြည့်ကာ ...

"ငါ နှောင့်ယှက်တာမဟုတ်ဘူး၊ မင်းဟာ ငါ့အတွက်ဆိုတာ အားလုံးသိတယ်"

ရွှံ့လျှံက ...

"ကျွန်မက ရှင့်ကိုမှ မေတ္တာမထားနိုင်ဘဲ"

ပုလုစင်း၏မျက်နှာ တင်းမာသွား၏။

"မင်း ငါ့နောက်မလိုက်ဘူးဆိုရင် မင်းတို့ အသက်ရှင်လျက်တော့ မသွားနိုင်ဘူး"

ရွှံ့လျှံက ရယ်လိုက်၏။

"ရှင့်နောက် ဘယ်တော့မှ မလိုက်ဘူးဆိုတာ မှတ်ထားပါ"

www.burmeseclassic.com

www.burmeseclassic.com



ပုလုစင်း၏မျက်နှာပေါ်တွင် လူသတ်လိုသော အရိပ်အယောင်များ ပေါ်ထွက်လာလေသည်။

"ကောင်းပြီလေ၊ မင်းတို့သေရမှာပေါ့"

သူ၏အသံမှာ အေးစက်မာကျောနေ၏။ ပုလုစင်းက လက်တစ်ဖက် အသာမြှောက်လိုက်၏။ လူ ဆယ်ယောက်ခန့်က စုယိကျန်းအား ဝိုင်းရံလိုက်သည်။

စုယိကျန်းက ထိုလူများကို တစ်ချက်မျှကြည့်လိုက်၏။ ထိုလူများကို သူမမှုပါ။ သို့သော် သူ၏အန္တရာယ်အငွေ့အသက်ကိုခံစားရဆဲဖြစ်၏။

ပုလုစင်းထံမှာ အဖော်ရှိဦးမည်ဟု သူက တွေးတောနေလေသည်။ သို့သော် စုယိကျန်းမှာ ကြာရှည်မတွေးနိုင်ပါချေ။ သူ့ထံပြေးဝင်လာသော ရန်သူများအား ဆီးကြိုတိုက်ခိုက်နေရသည် မဟုတ်ပါလား။

'ခြွမ်း ခြွမ်း'

ဓားသံများ ဆူညံစွာ ထွက်ပေါ်လာ၏။ ဆယ်ယောက်နှင့်တစ်ယောက်။ ရန်သူတို့သည် အရေအတွက်များသော်လည်း ဓားပညာတွင်မူ စုယိကျန်းအား လုံးဝမယှဉ်နိုင်ပါ။

စုယိကျန်း၏ သွက်လက်လှသော ဓားချက်အောက်ဝယ် တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

✦ ✦ ✦





## လမ်းခွဲ

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။ စုယိကျန်း၏ ဓားကိုင်လက်မှာ သွေးများဖြင့် စေးထန်းလာသည်။ ရန်သူများအား တစ်ယောက်ပြီးတစ်ယောက် မြေပေါ်လဲကျသွားခဲ့ပြီဖြစ်သည်။ စုယိကျန်းက ပုလုစင်းအား စိုက်ကြည့်လိုက် ၏။

"ခင်ဗျား ကျုပ်ကို ဟန့်တားဦးမှာလား"

"မင်းတို့ ဒီက ထွက်မသွားနိုင်ပါဘူး"

"ခင်ဗျား ကျုပ်ကိုယှဉ်နိုင်လို့လား"

"မင်းကို ကျုပ်က သတ်ပစ်နိုင်တယ်"

စုယိကျန်း ရင်ထိတ်သွား၏။ ပုလုစင်းလေသံမှာ ပိုင်ပိုင်နိုင်နိုင် ရှိလှသည် မဟုတ်ပါလော။ စုယိကျန်းက ရှည်ရှည်ဝေးဝေး တွေးတောမနေတော့ပါ။

သူသည် ဓားကို မြှောက်ယမ်းကာ ပုလုစင်းထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ပုလုစင်းမှာ ထိုသို့တိုက်ခိုက်လာမည်ကို ကြိုတင် တွက်ထားဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ချက်ချင်းပင် နောက်ဆုတ်ကာ ရှောင်တိမ်းသွားလေသည်။ စုယိကျန်းက ဆက်လက်တိုက်ခိုက်မည်အပြု လူရိပ် တစ်ရိပ်က ပုလုစင်းရှေ့မှ ပေါ်ထွက်လာလေသည်။

စုယိကျန်းက သေသေချာချာကြည့်လိုက်၏။ ဝတ်စုံနီ ဝတ်ဆင်ထားသော လာမားကြီးတစ်ဦးပင် ဖြစ်သည်။ လာမားကြီးက ချက်ချင်းပင် စုယိကျန်းအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

စုယိကျန်းကလည်း တရကြမ်း တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။ တစ်ခဏအတွင်း သိုင်းကွက်နှစ်ဆယ်ခန့် ယှဉ်ပြိုင်မိသွားသည်။

စုယိကျန်းက ရင်ထဲ၌ လေးလံသွား၏။ လာမားကြီးက ရယ်မောရင်း စုယိကျန်းအား အလွတ်မပေးတမ်း တိုက်ခိုက်နေလေသည်။ ပုလုစင်းက ရွှဲ့လျှံထံ တိုးကပ်လာသည်။ ပုလုစင်းက ...

"ရွှဲ့လျှံ ... ကျုပ်နဲ့ ပြန်လိုက်ခဲ့ပါ"

သူသည် ပြောရင်း ရွှဲ့လျှံလက်ကို လှမ်းဆွဲလိုက်လေသည်။

ရွှဲ့လျှံက လျှပ်တစ်ပြက် ဓားတိုတစ်ချောင်း ဆွဲထုတ်လိုက်ပြီး ပုလုစင်း ၏ရင်ဝသို့ ထိုးစိုက်လိုက်လေသည်။

ပုလုစင်းမှာ ထိတ်လန့်သွားပြီး အမြန်ရှောင်တိမ်းလိုက်သော်လည်း ဓားဦးက သူ၏ပခုံးစွန်းကို ထိုးဖောက်သွား၏။ သွေးများ ဖြာခနဲ စီးကျလာသည်။

"မင်း ငါ့အပေါ် သိပ်ရက်စက်တယ်"



ဟုပြောကာ အံကို တင်းတင်းကြိတ်လိုက်သည်။

"မင်း ငါ့အပေါ် ဒီလောက် ရက်စက်မှတော့ မင်းကိုလည်း ငါက မညှာနိုင်တော့ဘူး"

သူသည် ရွှဲ့လျှံအား လက်ပြန်ရိုက်ချလိုက်သည်။ ရွှဲ့လျှံက ရှောင်တိမ်းလိုက်ပြီး ဓားနှင့်ထိုးလိုက်သည်။

'ဗွစ်'

ပုလုစင်း၏ရင်ဝသို့ ရုပ်ထိသွားသည်။ ပုလုစင်း၏ဒေါသတို့ အထွတ်အထိပ်သို့ ရောက်ရှိသွားလေသည်။ ပုလုစင်းက ဒေါသတကြီး နှင့် ရွှဲ့လျှံအား တိုက်ခိုက်လိုက်လေသည်။

သူမ အလွန်ထိတ်လန့်သွားသည်။

✦

ရွှဲ့လျှံ၏မျက်နှာမှာ ဖြူရော်နေ၏။

သူ အလွန်ပင် ကြောက်လန့်နေမိသည်။ သူမ၏ ခုခံမှုတို့က နှေးကွေးလာ၏။ ပုလုစင်း၏ လက်ဝါးတစ်ချက်ကို သူမ လွတ်အောင် မခုခံလိုက်နိုင်တော့ပါချေ။

'ဝုန်း'

"အွန့်"

www.burmeseclassic.com

www.burmeseclassic.com



ရွှံ့လျှံ၏ခန္ဓာကိုယ်မှာ နောက်သို့ လွင့်စဉ်သွား၏။ သူမသည် လူးလိမ့်လိုက်ပြီး ...

"အ အစ် ကို"

တစ်ချက်သာ အော်ဟစ်ညည်းညူလိုက်ပြီး လဲကျသွားလေတော့သည်။

✦

စုယိကျန်းမှာ လာမားကြီးနှင့် တိုက်ခိုက်နေရာမှ ရွှံ့လျှံ၏ အဖြစ်ဆိုးကို လှမ်းတွေ့လိုက်၏။

"ရွှံ့လျှံ"

သူသည် အသံကုန်အော်ဟစ်လိုက်ပြီးနောက် ရွှံ့လျှံရှိရာသို့ ခုန်ထွက်လိုက်သည်။ ထိုခဏ လာမားကြီးကို သူမေ့လျော့သွား၏။ လာမားကြီး၏ ဓားကောက်က သူ၏ ပခုံးအား ခုတ်ချမိသွားလေသည်။

"အား"

စုယိကျန်းမှာနောက်သို့ ယိုင်ကျသွားလေသည်။ သူသည် ဒဏ်ရာကို အရေးမထားပါ။ ရွှံ့လျှံထံ ပြေးသွားကာ ပွေ့ချီလိုက်လေတော့လေသည်။ စုယိကျန်းက ...





"ရွှံ့လျှံ ရွှံ့လျှံ"

ဟု အငမ်းမရ ခေါ်လိုက်၏။ ချစ်သူရွှံ့လျှံကမူ တုံ့ပြန်စကားမဆိုနိုင်တော့ပါချေ။

'တောက်'

စုယိကျန်းက တက်တစ်ချက် ခေါက်လိုက်လေသည်။ သူ၏ ရင်ထဲ၌ ဒေါသမီး ဟုန်းဟုန်းတောက်သွားလေသည်။ ပုလုစင်းမှာ နောက်သို့ အလိုလို ဆုတ်သွားလေသည်။ စုယိကျင်းက ...

"ပုလုစင်း"

ဟု အော်လိုက်ပြီး ဓားနှင့် ခုတ်ချလိုက်လေသည်။

'ခြွမ်'

လာမားကြီးက အချိန်မီ ခုခံပေးလိုက်သဖြင့် ပုလုစင်းမှာ အသက်ချမ်းသာရာ ရရှိသွားလေသည်။ ပုလုစင်းမှာ ရလာသော အခွင့်အရေးကို လက်လွှတ်မခံပါ။

ချက်ချင်းပင် နောက်သို့ ဆုတ်သွားသည်။ စုယိကျန်းက လာမားကြီးကို အရှုံးမှ ဖြစ်မည်ကို နားလည်လိုက်သည်။ သူသည် ဓားကို ဝှေ့ယမ်းကာ လာမားကြီးအား တိုက်ခိုက်လိုက်လေသည်။

✦

www.burmeseclassic.com

www.burmeseclassic.com



စုယိကျန်း၏ခန္ဓာကိုယ်တစ်ခုလုံး သွေးခြင်းခြင်း နီရဲနေလေသည်။ သူသည် အံကို တင်းတင်းကြိတ်လိုက်သည်။ လာမားကြီးမှာလည်း ဒဏ်ရာပရပွ ရနေ၏။

ခန္ဓာကိုယ်မှာလည်း ယိမ်းယိုင်နေ၏။ သူသည် ကျားနက်တစ်ကောင်အလား တိုက်ခိုက်နေသော စုယိကျန်းကို ကြောက်ရွံ့လာ၏။ သိုင်းကွက်နှစ်ရာကျော်လာသောအခါ ...

"အား"

စုယိကျန်း၏ဓားက လာမားကြီး၏ရင်ဝကို တိုးဝင်သွားလေတော့သည်။ လာမားကြီးမှာ မြေပေါ်လဲကျသွား၏။ စုယိကျန်းမှာလည်း အလွန်မောပန်းနေပြီး ခန္ဓာကိုယ်မှာ ယိမ်းယိုင်နေ၏။

သူသည် ဓားကိုမူ တင်းကျပ်စွာ ဆုပ်ကိုင်ထားဆဲဖြစ်သည်။ ပုလုစင်းမှာ တစ်ကိုယ်လုံး သွေးများပေကျံနေသော စုယိကျန်းအား ကြည့်ကာ ထိတ်လန့်နေ၏။

စုယိကျန်းကိုကြည့်ရင်း ရင်မဆိုင်ဝံ့သလို ဖြစ်လာ၏။ ချာခနဲ နောက်လှည့်ပြေးလိုက်၏။ သို့သော် သူမလွတ်ပါ။ စုယိကျန်းက သူ၏ ပြေးလမ်းကို ပိတ်ဆို့ကာ တိုက်ခိုက်လိုက်လေသည်။

ပုလုစင်းမှာ အလန့်တကြား ပြန်လည်ခုခံလိုက်၏။ သို့သော် စုယိကျန်း၏ဓားချက်များကို သူ ကောင်းစွာ မခုခံနိုင်လိုက်ပါချေ။

"အား"

ပုလုစင်းမှာ နာကျင်စွာ အော်ဟစ်လိုက်ပြီး မြေပေါ်လဲကျ



သွားလေသည်။ စုယိကျန်းမှာ လက်ထဲမှဓားကို လွှင့်ပစ်လိုက်၏။ သူသည် ရွှဲ့လျှံ၏ခန္ဓာကိုယ်အား ပွေ့ချီလိုက်၏။

ရွှဲ့လျှံ၏မျက်နှာလေးမှာ အိပ်ပျော်နေသူတစ်ယောက်ပမာပင် ဖြစ်သည်။ စုယိကျန်း မျက်ရည်များပင်ကျလာ၏။ သူ၏မျက်ရည်တို့သည် သွေးစသွေးနများနှင့် ရောပြွတ်ကျလာ၏။

"ရွှဲ့လျှံ"

စုယိကျန်းက တိုးတိုးညင်သာစွာ ရေရွတ်လိုက်၏။ သူ၏ခေါ်သံကို ရွှဲ့လျှံက မကြားနိုင်တော့ကြောင်း သူ သိရှိထားလေသည်။ သူ၏ရင်မှာ လစ်ဟာနေ၏။

သူ၏အသည်းနှလုံးတို့ ကြေမွသွားသလိုလည်း ခံစားနေရသည်။ ပူဆွေးခြင်း သောကဝေဒနာ၊ ချစ်ခြင်းတရား၏ ပူလောင်ပြင်းပြမှုကို ရင်နင့်စွာ ခံစားနေရသည်။

စုယိကျန်းမှာ ရွှဲ့လျှံ၏အလောင်းကို ပွေ့ချီရင်း တစ်လှမ်းချင်း လျှောက်သွားလိုက်လေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် လာမ်ားကျောင်းထိုင်၏ အထူးတာဝန်ပေးခြင်းခံရသူလည်း ဖြစ်လေသည်။

စုယိကျန်းသည် ပြည်မသို့ ပြန်ရောက်လာပြီး ပညာရှိ ကျင်းမာခုံးအကြောင်း စုံစမ်းခဲ့လေသည်။

ဤတွင် ပညာရှိ ကျင်းမာခုံးအား ဖမ်းဆီးထားသူမှာ လူဆိုးကြီး အဆိပ်ဘီလူးဖြစ်ကြောင်း သိလိုက်ရတော့သည်။

✦

မြို့ကလေးမှာ စည်ကားသိုက်မြိုက်နေ၏။ စုယိကျန်းသည် စားသောက်ဆိုင်လေးတစ်ဆိုင်၌ ခေါက်ဆွဲအနားယူ စားသောက်လိုက်လေသည်။

ယခု သူသည် လာမ်ားတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားခြင်း မပြုတော့ဘဲ သာမန်အရပ်သားတစ်ယောက်အသွင် ပြောင်းလဲဝတ်ဆင်ထားပြီး ဖြစ်သည်။

စုယိကျန်းက အနားယူစားသောက်ပြီးလျှင် ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ကျသင့်ငွေပေးချေရင်း အဆိပ်ဘီလူးအကြောင်း စုံစမ်းလိုက်လေသည်။

"ငါ့ညီ ... သည်အရပ်ဒေသမှာ အဆိပ်ဘီလူးဆိုတဲ့ လူတစ်



ယောက်အကြောင်း သတင်းကြားမိသလားကွ"

ဆိုင်လုလင်က အံ့သြသွားသည်။

"အဆိပ်ဘီလူး ... ဟုတ်လား"

"ဟုတ်တယ် ညီလေး"

"ဝမ်းနည်းပါတယ် ခင်ဗျာ ... ကျွန်တော် မကြားဖူးပါဘူး"

ဆိုင်လုလင်၏မျက်နှာအမူအရာ ချက်ချင်းပြောင်းလဲသွားပြီး ငြင်းလိုက်လေတော့သည်။

စုယိကျန်း သက်ပြင်းချလိုက်သည်။

"အင်း ... အဆိပ်ဘီလူးက သည်အရပ်ဒေသမှာ ခိုအောင်းနေတယ်လို့ သတင်းကြားခဲ့ရတယ်၊ ဒါပေမဲ့ ဘယ်နေရာမှာမှ စုံစမ်းလို့ မရဘူး"

ဟုလည်း ညည်းတွားလိုက်လေသည်။ ဆိုင်လုလင်က စုယိကျန်းကို အကဲခတ်ရင်း ...

"အစ်ကိုကြီးက အဆိပ်ဘီလူးကို ဘာကြောင့်တွေ့ချင်ရတာလဲ"

"ကိစ္စရှိလို့ပေါ့ကွာ"

"ဒါဆို မြို့စွန်က မုတ်ဆိတ်ကြီးကို သွားမေးကြည့်ပါလား၊ သူကတော့ သည်မြို့မှာ အပ်ကျတာကအစသိတဲ့လူပါပဲ"

စုယိကျန်း ဝမ်းသာသွားလေသည်။

"ကျေးဇူးတင်လိုက်တာကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်ကို ရွှေတုံးလေးတစ်တုံးပေးပြီး ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

✦

မြို့စွန်တွင် အိမ်အချို့က ကျိုးတိုးကျဲတဲ ရှိနေ၏။ စုယိကျန်းသည် လမ်းကြားလေးတစ်ခုအတိုင်း လျှောက်လာခဲ့ရင်း တစ်နေရာသို့အရောက်တွင် ခြေလှမ်း တုံ့ခနဲ ရပ်တန့်သွားလေသည်။

လူတစ်ယောက်က လမ်းပိတ်ထားခြင်းကြောင့် ဖြစ်လေသည်။ ထိုလူ၏ မေးစေ့၌ ရှည်လျားသော မုတ်ဆိတ်မွေးများ ရှိနေသည်။ ထိုလူက ...

"မင်းက ကျုပ်ကို လိုက်ရှာနေတာလား"

ဟု မေးလာလေသည်။ စုယိကျန်းက ...

"ခင်ဗျားက မုတ်ဆိတ်ကြီးလား"

ထိုလူက ...

"အေး ... မုတ်ဆိတ်ကြီးဆိုတာ ငါပဲ"

စုယိကျန်း ဝမ်းသာသွားလေသည်။

"ခင်ဗျားကိုတွေ့ရတာ ဝမ်းသာလိုက်တာဗျာ"

ရုတ်တရက် မုတ်ဆိတ်ကြီးက ရယ်မောလိုက်လေသည်။





"ဟား ဟား ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် စုယိကျန်း အံ့သြသွားလေသည်။

"ဘာဖြစ်လို့လဲဗျ"

ဟု လွှတ်ခနဲ မေးလိုက်မိလေသည်။

မုတ်ဆိတ်ကြီးက ...

"ငါ့ကိုတွေ့လို့ ဝမ်းသာတာ မင်းတစ်ယောက်ပဲ ရှိသေးတယ်"

"တခြားလူတွေက"

"ငါ ဒုက္ခပေးမှာကိုကြောက်ပြီး ငါ့ကို ဝေးဝေးရှောင်ကြတယ်လေကွာ"

"ဗျာ"

"မင်းကတော့ ဒုက္ခရောက်ချင်လို့ ငါ့ကို လိုက်ရှာနေတာပဲ"

စုယိကျန်း ခေါင်းခါယမ်းလိုက်သည်။

"ဒုက္ခရောက်ချင်လို့ မဟုတ်ပါဘူး။ အဆိပ်ဘီလူးအကြောင်း သိချင်လို့ လိုက်ရှာနေတာပါဗျာ"

"ဘာကွ"

မုတ်ဆိတ်ကြီး မျက်မှောင်ကုတ်သွားလေသည်။

"အဆိပ်ဘီလူးကို တွေ့ချင်လို့ ... ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... မင်းက အဆိပ်ဘီလူးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"သူက"

စုယိကျန်း အမှန်အတိုင်း ပြောရန် ဝန်လေးသွားလေသည်။ မုတ်ဆိတ်ကြီးက ...

"မင်းက လူဆိုးတစ်ယောက်ထင်တယ်၊ အဆိပ်ဘီလူးနဲ့ လက်တွဲဖို့ လာခဲ့တာလား"

"ကျုပ်က"

"မင်းကိုကြည့်ရတာ အူကြောင်ကြောင်နဲ့ ကဲ အဆိပ်ဘီလူး ဘယ်မှာရှိတယ်ဆိုတာ ငါပြောပြမယ်၊ ငါ့ကို ဘယ်လောက်ပေးမလဲ"

စုယိကျန်းက ...

"ရပါတယ်ဗျာ"

ငွေတုံးကလေးတစ်လုံး ထုတ်ကာ ပေးလိုက်လေသည်။ မုတ်ဆိတ်ကြီးသည် ငွေတုံးကလေးကို လက်ခံယူပြီး ယင်းက စုယိကျန်းထံ၌ ငွေတုံးလေး အများအပြားရှိနေသည်ကို တွေ့ရလျှင် မျက်လုံးများ ဝင်းလက်သွားတော့သည်။

"အဆိပ်ဘီလူးက မြို့ပြင်က တောင်ကြားတစ်ခုထဲမှာ ရှိနေတာကွ"

"ကျေးဇူးပါပဲဗျာ"

စုယိကျန်းလည်း ကျေးဇူးတင်စကားပြောကာ မုတ်ဆိတ်



ကြီးကို နှုတ်ဆက်ပြီး ထွက်လာခဲ့လေတော့သည်။

✦

မြို့ပြင်၌ စိမ်းလန်းသော တောအုပ်များရှိနေ၏။ တောအုပ်များ၏ တစ်ဖက်တွင် မှိုင်းညို့ညို့တောင်တန်းကြီးများ ရှိနေသည်။ စုယိကျန်းက မြို့ပြင်သို့ ထွက်လာပြီး အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်လေသည်။

"သည်တောအုပ်ကို ဖြတ်သွားပြီးရင် တောင်တန်းတွေဘက် ရောက်သွားမှာပဲ၊ အဆိပ်ဘီလူးရှိနေတဲ့ တောင်ကြားကို ရောက်သွားမှာပဲ"

ဝမ်းသာအားရတွေးပြီး ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလိုက်လေသည်။ မြို့ကလေးသည် အနောက်ဘက်၌ တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေသည်။ စုယိကျန်း၏ တောလမ်းကလေးသို့ ရောက်လာချိန်၌ ...

"ဟား ဟား ဟား"

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ စုယိကျန်း ရင်ထိတ်သွားလေသည်။ ရယ်မောသံ ထွက်ပေါ်လာရာသို့ ကြည့်လိုက်လျှင် သစ်ပင်ကြီးတစ်ပင် နောက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်မှ ထွက်လာသည့် မုတ်ဆိတ်ကြီးကို တွေ့လိုက်ရလေသည်။

"ခင် ခင်ဗျား"

မုတ်ဆိတ်ကြီးက ...

"မင်းက ငါ့ကို ငွေတုံးလေးတစ်စုံပေးခဲ့တယ်၊ ဒါကို ငါ ကျေနပ်ရမှာလား"

"ဗျာ"

"ကဲ ... မင်းဆီကပါသမျှ ငါ့ကို အားလုံးပေးလိုက်ပေတော့"

မုတ်ဆိတ်ကြီး လက်ဝါးဖြန့်ကာ တောင်းလေသည်။ စုယိကျုန်းက ...

"စကားမရှည်နဲ့ ... ပေးမလား၊ မပေးဘူးလား၊ မပေးရင် မင်း အသားနာလိမ့်မယ်"

စုယိကျုန်း ဒေါသထွက်သွား၏။ သို့သော် စိတ်ထိန်းကာ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

"မင်း ဘယ်ပြေးမလဲ"

မုတ်ဆိတ်ကြီးသည် စုယိကျုန်းအနီးသို့ ရောက်လာပြီး လက်သီးတစ်လုံး ပစ်သွင်းလိုက်လေသည်။

စုယိကျုန်းက လှည့်ကြည့်လိုက်ရာ မုတ်ဆိတ်ကြီး၏ လက်သီးဆုပ်ကြီး တိုးဝင်လာသည်ကို တွေ့လိုက်ရပြီးနောက် ...

'ခွပ်'

"အား"





စုယိကျုန်း ပက်လက်လန်လဲကျကာ သတိလစ် မေ့မြော သွားတော့သည်။

✦

အချိန်မည်မျှကြာသွားမှန်းမသိ။ စုယိကျုန်း သတိရလာသောအခါ မြင်းတစ်ကောင်ပေါ် ရောက်ရှိနေသည်ကို သတိပြုမိလိုက်လေသည်။ သူ၏ ခြေလက်များမှာ ကြိုးများဖြင့် တုပ်နှောင်ထားခြင်း ခံနေရ၏။

မုတ်ဆိတ်ကြီးက မြင်းဇက်ကြိုးကို ဆွဲကာ ခြေလှမ်းကျဲကျဲ ဖြင့် သွားနေ၏။

"လက်စသတ်တော့ ငါ့ကို မုတ်ဆိတ်ကြီးက ဖမ်းဆီးခေါ် ဆောင်သွားတာကိုး"

စုယိကျုန်းက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ရာ တောအုပ်ကို ကျော်ဖြတ်ပြီး တောင်ပူစာလေးတစ်လုံးအနီးသို့ ရောက်ရှိနေပြီကို တွေ့ရလေသည်။

ရုတ်တရက် မုတ်ဆိတ်ကြီး ခြေလှမ်းရပ်သွား၏။ တောင်ပူစာလေးနောက်မှ လူတစ်ယောက် လှမ်းထွက်လာခြင်းကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ ခန္ဓာကိုယ်ဝိန်ဝိန်ပါးပါး အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။ ထိုလူက …

"မုတ်ဆိတ်ကြီး … သည်ဘက်ကိုမလာရဘူးဆိုတာ ခင်ဗျားမသိဘူးလား"

ဟု အပြစ်တင်ပြောဆိုလိုက်လေသည်။

မုတ်ဆိတ်ကြီးက …

"ကျုပ်သိတာပေါ့ဗျာ"

"ဒါဖြင့် ဘာကြောင့် လာခဲ့ရတာလဲ … ပြောစမ်းပါဦး"

"အဆိပ်ဘီလူးအကြောင်း လိုက်ပြီးစုံစမ်းနေတဲ့ လူတစ်ယောက်ကို ဖမ်းပြီး လာပို့တာလေ"

အနက်ရောင်ဝတ်ထားသူက မြင်းပေါ်မှ စုယီကျန်းကို တစ်ချက် ကြည့်လိုက်သည်။

"သူက အဆိပ်ဘီလူးအကြောင်း စုံစမ်းနေတယ် … ဟုတ်လားကွ"

"ဒါပေါ့"

"ဘယ်သူလဲ"

"ကျုပ်လည်းမသိဘူး။ သူ့ကို မသင်္ကာတာနဲ့ ဖမ်းခေါ်လာခဲ့တာ"

အနက်ရောင်ဝတ်ထားသူက …

"ကောင်းပြီ … သူ့ကိုထားခဲ့ပြီး ခင်ဗျားသွားပေတော့"



မုတ်ဆိတ်ကြီး ပြုံးလိုက်သည်။

"ကျုပ် သည်အတိုင်း ဘယ်ထွက်သွားနိုင်ပါ့မလဲဗျာ"

"ခင်ဗျား ဘာပြောချင်သေးလို့လဲ"

"ဟဲ ဟဲ … ကျုပ်က အဆိပ်ဘီလူးအကြောင်းကို ကပ်ပြီးစုံစမ်းနေတဲ့ မသင်္ကာစရာကောင်းတဲ့လူတစ်ယောက်ကို ဖမ်းပေးခဲ့တာပဲ၊ ကျုပ်ကို ဆုငွေလေးဘာလေး ချီးမြှင့်ဦးမှပေါ့"

"သြော်"

အနက်ရောင်ဝတ်ထားသူ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"ခင်ဗျားက ဆုငွေလိုချင်နေတာကိုး၊ ကောင်းပြီ၊ ရစေရမှာပေါ့"

စကားဆုံးလျှင် လက်တစ်ဖက် ဝှေ့ယမ်းလိုက်ရာ ဓားမြှောင်လေးတစ်ချောင်း ပစ်လွှင့်သွားပြီး မုတ်ဆိတ်ကြီး၏ရင်ဝ၌ စိုက်ဝင်သွားလေသည်။ မုတ်ဆိတ်ကြီး ရှောင်တိမ်းဖို့ အချိန်မရလိုက်တော့ချေ။

"အား"

ရူးရှဲ့ အော်ဟစ်ရင်း မြေပေါ် လဲကျသွားလေတော့သည်။ အနက်ရောင်ဝတ်ဆင်ထားသူက စုယီကျန်းထံသို့ လှမ်းသွားလိုက်သည်။ မြင်းပေါ်မှ စုယီကျန်းအား ဆွဲယူကာ ပခုံးပေး ထမ်းလိုက်သည်။ ထိုစဉ် …

www.burmeseclassic.com

www.burmeseclassic.com



"အင်း အင်း"

ညည်းတွားသံနှင့်အတူ မုတ်ဆိတ်ကြီးက လူးလိမ့်ထလာ၏။ သူ၏ရင်ဝ၌ သွေးခြင်းခြင်းနီရဲနေ၏။ ဒဏ်ရာပြင်းထန်စွာ ရရှိထားပြီ ဖြစ်သည်။ အနက်ရောင်ဝတ်ဆင်ထားသူအား ဒေါသတကြီးကြည့်ရင်း ...

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

အနက်ရောင်ဝတ်ဆင်ထားသူက ...

"မုတ်ဆိတ်ကြီး ... အဆိပ်ဘီလူးက သူရှိနေတဲ့နေရာကို ဘယ်သူ့ကိုမှ သိစေချင်တာ မဟုတ်ဘူး၊ ခင်ဗျားကြောင့် လူတွေသိသွားမှာကို သဘောကျမှာ မဟုတ်ဘူးဗျ"

မုတ်ဆိတ်ကြီးသည် မဟာန်နိုင်တော့ဘဲ ပြန်လဲကျသွား၏။ ယခုတစ်ကြိမ် လုံးဝ ပြန်ထမလာနိုင်တော့ပါ။ အနက်ရောင်ဝတ်ဆင်ထားသော သူကလည်း လုံးဝ ဂရုမထားဘဲ စုယိကျွန်းကို ပခုံးပေါ်ထမ်းကာ ထွက်သွားလေတော့သည်။

✦

စုယိကျွန်းမှာ မမျှော်လင့်ဘဲ အဖမ်းခံလိုက်ရသည်။ အလွန်ထူးဆန်းသော တောင်ကြားတစ်ခုသို့ ရောက်ရှိသွားလေသည်။





တောင်ကြားအတွင်း၌ အလွန်ကြီးမားသောလိုဏ်ဂူကြီးတစ်ခုရှိသည်။

အနက်ရောင်ဝတ်ဆင်ထားသူက ယိကျွန်းအား ထိုလိုဏ်ဂူအတွင်းသို့ ခေါ်ဆောင်သွားလေသည်။ လိုဏ်ဂူထဲသို့ရောက်လျှင် ...

"ကျိုးကန်း ... မင်းပြန်လာပြီလား"

စကားသံနှင့်အတူ အဘိုးအိုတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

'ဝုန်း'

ကျိုးကန်းဆိုသူက စုယိကျွန်းအား ပစ်ချလိုက်သည်။ အဘိုးအိုအား ဂါရဝပြုလိုက်ပြီး ...

"ဆရာ့အကြောင်း လိုက်ပြီးစုံစမ်းနေတဲ့ လူတစ်ယောက်ကို ဖမ်းခေါ်လာပါတယ်"

အဘိုးအိုက စုယိကျွန်းအား တစ်ချက်ကြည့်လိုက်သည်။ တစ်ဖန် ကျိုးကန်းကိုကြည့်ကာ ...

"ဘယ်လိုဖြစ်တာလဲ ... ပြောပါဦး"

ကျိုးကန်းက ...

"သည်လိုပါ ဆရာ"

ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။ အဘိုးအိုက ...

"မုတ်ဆိတ်ကို ရှင်းလိုက်ပြီပေါ့"

"ဟုတ်ပါတယ် ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ... သူ့ကိုလွှတ်ထားရင် တစ်နေ့ ငါတို့ ဒုက္ခရောက်နိုင်တယ်"

အဘိုးအိုမှာ နာမည်ဆိုးဖြင့် ကျော်ကြားနေသော အဆိပ်ဘီလူးပင် ဖြစ်ပေသည်။ မုတ်ဆိတ်ကြီးကြောင့် သူခိုအောင်းနေသော နေရာကို သိုင်းလောကသားများ သိသွားနိုင်သည် မဟုတ်ပါလား။

မုတ်ဆိတ်ကဲ့သို့ ငွေမက်သူတစ်ယောက်ကို ယုံကြည်၍ ရမည်မဟုတ်ချေ။ အဆိပ်ဘီလူးက ...

"ကဲ ... သူက ဘာကြောင့် ငါ့အကြောင်း လိုက်ပြီးစုံစမ်းနေတယ်ဆိုတာ မေးလိုက်စမ်းပါဦး"

"ဟုတ်ကဲ့ဆရာ"

အနက်ရောင်ဝတ်ဆင်ထားသူက စုယီကျန်းအား ခြေထောက်ဖြင့် တစ်ချက်ကန်ထုတ်လိုက်သည်။

"ကဲ ... မင်း မှန်မှန်ပြောစမ်း"

စုယီကျန်းက ...

"ကျုပ်က အဆိပ်ဘီလူးကို တွေ့ချင်လို့ပါ"

"အေးလေ ... မင်း ဘာကြောင့် တွေ့ချင်ရသလဲဆိုတာကို မေးနေတာ"

"ကျုပ်က အဆိပ်ဘီလူးဆီမှာ တပည့်ခံချင်လို့ပါ"

"ဘာကွ"

ကျိုးကန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။



"ဟား ဟား ဟား"

အဆိပ်ဘီလူးက သဘောကျစွာ ရယ်မောလိုက်လေသည်။

"လက်စသတ်တော့ ငါ့ဆီမှာ တပည့်ခံချင်လို့ လာခဲ့တာကိုး"

စုယီကျန်းက ...

"ဟုတ်ပါတယ်ဗျာ"

အဆိပ်ဘီလူးက ...

"ဘယ်လိုရည်ရွယ်ချက်နဲ့ တပည့်ခံချင်ရလဲဆိုတာ ပြောပါဦး"

စုယီကျန်းက ...

"ဦးဆီမှာ တပည့်ခံပြီး ဦးနဲ့လက်တွဲပြီး သိုင်းလောကကို လွှမ်းမိုးနိုင်မှာကို ယုံကြည်ထားလို့ပါ"

"ဟား ဟား ဟား"

အဆိပ်ဘီလူးက ရယ်မောလိုက်ပြန်သည်။ စုယီကျန်းကို ချီးကျူးလိုက်၏။

"မင်းမဆိုးဘူး ... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲခင်ဗျာ"

"မင်းရဲ့စကားကို ငါ မယုံလို့ပေါ့"

အဆိပ်ဘီလူးက ခပ်ပြတ်ပြတ် ပြောပြီး ကျိုးကျန်းကို အမိန့်ပေးလိုက်လေသည်။

"သူ့ကို အချုပ်ခန်းထဲ ထည့်ထားလိုက်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ ဆရာ"

ကျီးကန်းက စုယိကျန်းအား ဆွဲခေါ်သွားလေတော့သည်။

✦

'ဂျိန်း'

ကျီးကန်းက အချုပ်ခန်းတံခါးကို ပိတ်ပြီး ပြန်လည်ထွက်ခွာသွားပြီ ဖြစ်သည်။ စုယိကျန်း အချုပ်ခန်းအတွင်းသို့ ရောက်သွားသောအခါ သူ့ထက်အရင်ရောက်နှင့်နေသူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

တိဘက်လာမားကြီး တစ်ဦးဖြစ်သည်။ စုယိကျန်း ဝမ်းသာသွားလေသည်။ တိဘက်လာမားကြီးကို ဦးညွှတ်လိုက်သည်။

"ဦးဟာ ပညာရှိကျင်းဟာခုံး မဟုတ်လား ခင်ဗျာ"

ထိုတိဘက်ကြီးက ပညာရှိကျင်းဟာခုံးပင် ဖြစ်ပါတော့သည်။ ကျင်းဟာခုံး အံ့သြသွားသည်။

"မင်းက ငါ့ကို သိနေတယ် ... ဟုတ်လား"

စုယိကျန်းက ...

"ကျွန်တော်က စုယိကျန်းပါ"

လာမားကျောင်းထိုင်တာဝန်ပေးလိုက်သည် ဖြစ်သည်ကို





ပြောပြလိုက်လေသည်။ ကျင်းဟာခုံး သက်ပြင်းချလိုက်သည်။

"ငါက လူဝင်စားကို ရှာဖွေဖို့ ခရီးထွက်လာရင်း ပြည်မကို ရောက်တော့ အဆိပ်ဘီလူးရဲ့ ဖမ်းဆီးခြင်း ခံလိုက်ရတာ၊ သူဟာ တိဘက်လောကီပညာတွေအကြောင်း ကောင်းကောင်းကြီးသိတယ်၊ သိုင်းလောကကို ဖျက်ဆီးမယ့် သူ့ရဲ့အကြံအစည်ကို ငါ့ရဲ့အတတ်ပညာနဲ့ အောင်မြင်အောင် လုပ်ပေးစေချင်တယ်"

စုယိကျန်းက ...

"ကျောင်းထိုင်က ဦးဟာ သည်လိုအဖြစ်မျိုး ကြုံတွေ့နေရပြီလို့ ခန့်မှန်းထားပြီးသားပါ ခင်ဗျာ"

ကျင်းဟာခုံးက ...

"အဆိပ်ဘီလူးရဲ့အဆိပ်ဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ ကျုပ်လည်း မဖျော်လင့်ဘဲ အဆိပ်မိပြီးတဲ့နောက်မှာ ဝေဒနာမခံစားနိုင်တာနဲ့ သူခိုင်းသမျှ လုပ်ပေနေရတာပဲ"

စုယိကျန်းက ...

"သူခိုင်းသမျှကို ဦး လုပ်ပေးနေရတယ် ဟုတ်လား"

ကျင်းဟာခုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ကွယ်"

"ဒါဆိုရင် တိဘက်လောကီပညာတွေဟာ"

ကျင်းဟာခုံး ညည်းတွားလိုက်၏။

"သူက ဝိညာဉ်ကူးပြောင်းပညာကို သိပ်လိုချင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

စုယိကန်း အထိတ်တလန့် ဖြစ်သွားလေသည်။ ကျင်းဟာခုံးကို မျက်လုံးပြူး၍ ကြည့်လိုက်လေသည်။

"ဦးက သူ့ကို သင်ပေးလိုက်ပြီလား"

ကျင်းဟာခုံးက ...

"ဝိညာဉ်ကူးပြောင်းပညာဟာ အောက်လမ်းမှော်အတတ်ပညာတစ်ခုပါ၊ သည်ပညာဟာ ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပေးနိုင်တာမို့ နောက်ပိုင်းမှာ ဘယ်သူမှ မသင်ကြားရဘူးလို့ ကျောင်းထိုင်က အမိန့်ထုတ်ခဲ့တယ်၊ သည်ပညာနဲ့ ပတ်သက်တဲ့ အထောက်အထားတွေ၊ စာရွက်စာတမ်းတွေကိုလည်း မီးရှို့ဖျက်ဆီးပစ်ခဲ့တယ်"

စုယိကျန်းက ...

"ဟုတ်ကဲ့ ... အင်မတန်ထူးဆန်းတဲ့ ပညာရပ်တစ်ခုဟာ လောကပေါ်က ပျောက်ကွယ်သွားခဲ့တာပဲ"

ကျင်းဟာခုံးက ...

"သည်ပညာကို တတ်မြောက်ထားတဲ့လူဆိုလို့ ကျုပ်နဲ့ ကျောင်းထိုင် နှစ်ယောက်ပဲရှိတော့တာ၊ ဒါကို အဆိပ်ဘီလူးက သိနေတယ်လေ"

စုယိကျန်းက ...

"ဦးက သူ့ကို"

ကျင်းဟာခုံး သက်ပြင်းချလိုက်သည်။



"သူ့ရဲ့အဆိပ်ဒဏ်ကို ကျုပ် မခံနိုင်တော့ဘူး၊ ကျုပ်ရဲ့ပညာသူ့ကို ပေးလိုက်ရတယ်"

"ဟာ"

စုယိကျန်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။ အဆိပ်ဘီလူးသာ ဝိညာဉ်ကူးပြောင်းပညာကို ရရှိသွားပါက ကျားကို အတောင်တပ်ပေးသည်ထက်ပင် ပို၍ဆိုးရွားသွားလိမ့်မည် မဟုတ်ပါလား။ ထိုအချိန်မှာပင် ...

"ဟား ဟား ဟား"

ကျယ်လောင်သော ရယ်မောသံကြီး ထွက်ပေါ်လာသည်။ အဆိပ်ဘီလူးနှင့် ကျိုးကန်းတို့ ရောက်ရှိလာကြလေသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## လက်တွေ့

အဆိပ်ဘီလူး၏မျက်နှာ ပြုံးရွှင်နေ၏။

"ကျင်းဟာခုံး ဝိညာဉ်ကူးပြောင်းပညာကို ကျုပ် အောင်မြင်ခဲ့ပြီဗျ"

ကျင်းဟာခုံး အထိတ်တလန့် ဖြစ်သွားသည်။

"ခင် ခင်ဗျား"

အဆိပ်ဘီလူးက ...

"ကျုပ်က သိုင်းလောကကို စိတ်တိုင်းကျ ခြယ်လှယ်နိုင်တော့မှာပေါ့ဗျာ"

ကျင်းဟာခုံး နောင်တရမဆုံးအောင် ဖြစ်နေ၏။ သူ့ကြောင့် အဆိပ်ဘီလူးက ဝိညာဉ်ကူးပြောင်းပညာ တတ်မြောက်သွားသည်ဆိုခြင်းကို လက်မခံလိုပါချေ။ ထို့ကြောင့် ...

"ဝိညာဉ်ကူးပြောင်းပညာကို ခင်ဗျား ဘယ်တော့မှမအောင်မြင်နိုင်ပါဘူး"

ဟု အော်ပြောလိုက်လေသည်။ ကျင်းဟာခုံးက ...

"ကျုပ်ဟာ လူနဲ့လူအတစ်ယောက်မှ မဟုတ်တာ၊ ဘာ





ကြောင့် သည်ပညာကို မတတ်မြောက်နိုင်ရမှာလဲ"

သူ၏မျက်နှာ ခက်ထန်တင်းမာသွားလေသည်။

"ကျုပ် လက်တွေ့ပြမယ် ... ခင်ဗျား ကြည့်ထားပေတော့"

သူက ကျီးကျွန်းဘက်သို့ လှည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ ကျီးကျွန်း ဦးညွှတ်ပြီး နောက်လှည့်ကာ လက်ခုပ်သုံးချက်တီးလိုက်လေသည်။

'ဖြောင်း ဖြောင်း ဖြောင်း'

လက်ခုပ်သံများ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် လူသုံးယောက် ပြေးလွှားရောက်ရှိလာလေတော့သည်။

✦

ဝင်ရောက်လာသူသုံးယောက်မှာ နာမည်ကြီးနေသော သိုင်းသမားဆိုးများ ဖြစ်လေသည်။ သိုင်းလောကအား ဖျက်ဆီးရန် အဆိပ်ဘီလူး စည်းရုံးသိမ်းသွင်းထားသူများ ဖြစ်လေသည်။ အဆိပ်ဘီလူးက ...

"ခင်ဗျားတို့ကို ဘာကြောင့်ခေါ်လိုက်ရသလဲဆိုတာ သိကြရဲ့လား"

ထိုလူသုံးယောက်အနက် တစ်ယောက်က ...

www.burmeseclassic.com

www.burmeseclassic.com



"အဆိပ်ဘီလူး ... လိုဏ်ဂူထဲမှာ ခင်ဗျား စည်းရုံးသိမ်းသွင်းထားတဲ့ အနက်ရောင်လောကသားတွေရဲ့ အလောင်းတွေကို တွေ့ခဲ့ရတယ်၊ အဲဒါက ဘယ်သူ့လက်ချက်လဲ"

အခြားတစ်ယောက်က ...

"သည်နေရာကို ရန်သူတွေ ရောက်လာစရာအကြောင်း မရှိဘူး၊ ရန်သူတွေနဲ့ မတွေ့ဘဲ သေဆုံးနေကြတာဟာ အမှားတစ်ခုခု ရှိလိမ့်မယ်"

ကျန်တစ်ယောက်က ...

"အဆိပ်ဘီလူး ... သည်ကိစ္စတွေကို ခင်ဗျား ဖြေရှင်းပေးရလိမ့်မယ်"

အဆိပ်ဘီလူး ရယ်မောလိုက်သည်။

"ဟုတ်ပါတယ်ဗျာ ... ကျုပ်ဖြေရှင်းပေးပါ့မယ်၊ သူတို့အားလုံး သေဆုံးသွားရတာဟာ ကျုပ်ရဲ့လက်ချက်ကြောင့်ပါ"

ထိုသူသုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"ခင်ဗျားရဲ့လက်ချက် ဟုတ်လား"

"လက်စသတ်တော့ သူတို့ကို သတ်ပစ်လိုက်တာ ခင်ဗျားကိုး"

"နေပါဦး ... ဘာကြောင့် သည်လိုလုပ်ရတာလဲ"

အဆိပ်ဘီလူးက ...

"မလိုအပ်တော့လို့ပေါ့"



"ဘာဗျ"

အဆိပ်ဘီလူး ရယ်မောလိုက်သည်။

"သူတို့ဟာ ကျုပ်အတွက် အသုံးမဝင်တော့ပါဘူး"

ထိုသူသုံးယောက်အား ပြောပြလိုက်၏။

"ခင်ဗျားတို့လည်း အပါအဝင်ပေါ့"

ဟု ဆက်ပြောလိုက်လေသည်။ ထိုလူများ ဒေါသထွက်သွားကြ၏။

"ကျုပ်တို့ကလည်း ခင်ဗျားနဲ့ ရှေ့ဆက်လက်မတွဲဘူးလို့ ဆုံးဖြတ်ပြီးပြီ"

အဆိပ်ဘီလူးက တဟားဟားရယ်မောလိုက်လေသည်။

"ကောင်းတယ် သိပ်ကောင်းတယ် ... ကျုပ်တစ်ယောက်တည်းနဲ့ အရာရာအားလုံးကို တတ်နိုင်တယ်ဆိုတာ ခင်ဗျားတို့ကို လက်တွေ့ပြမယ်"

သူက ကျီးကန်းကို အမိန့်ပေးလိုက်သည်။

"မင်းက သူ့ကို ရှင်းပစ်လိုက်စမ်း"

ကျီးကန်းမျက်နှာပျက်သွားလေသည်။ ထိုလူသုံးယောက်မှာ အနက်ရောင်ထိပ်သီးသိုင်းသမားများ ဖြစ်ကြ၍ သူယှဉ်နိုင်မည် မဟုတ်ကြောင်း နားလည်ထားသောကြောင့်ဖြစ်သည်။

ထိုလူများနှင့် ရင်ဆိုင်ခြင်းက သေတွင်းတူးခြင်းနှင့် အတူတူပင် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကျီးကန်း တွေဝေနေသည်ကိုမြင်လျှင် အဆိပ်ဘီလူးက ...
"မင်း ဘာလုပ်နေတာလဲ"
ဟု အော်ငေါက်လိုက်လေသည်။ ကျီးကန်း မတတ်သာ တော့ပါ။

"ယား"

ဩသံပေးပြီး ထိုလူသုံးယောက်အား တိုက်ခိုက်လိုက်လေ သည်။

"မင်း သေချင်ပြီထင်တယ်"

ထိုလူသုံးယောက်က ကျီးကန်းအား တိုက်ခိုက်လိုက်ကြ လေသည်။

ကျီးကန်းကလည်း ပြန်လည်တိုက်ခိုက်လိုက်ရာ ပြင်းထန် သောတိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

✦

စုယိကျန်း အထိတ်တလန့် ဖြစ်နေသည်။ ကျင်းဟာခုံးက ကြည့်လိုက်သည်။

"ဦးလေးက ဝိညာဉ်ကူးပြောင်းပညာ သူ့ကို သင်ပေးလိုက် ပြီ ဟုတ်လား"





ကျင်းဟာခုံး သက်ပြင်းချလိုက်သည်။
"ကျုပ် ဘာမှ မတတ်နိုင်ခဲ့ပါဘူး"
စုယိကျန်းက ...
"သူက လောကကြီးတစ်ခုလုံးကို ဖျက်ဆီးပစ်လိမ့်မယ်"
ကျင်းဟာခုံးက ...
"သူ့ကို ဟန့်တားနိုင်မယ့်နည်းလမ်းတစ်ခု ရှိပါတယ်"
"ဘယ်လိုနည်းလမ်းလဲ"
"မိစ္ဆာနိုင်ကျောက်စိမ်းလည်ဆွဲပေါ့"

တိဘက်တွင် အထူးစီရင်ထားသော မိစ္ဆာနိုင် ကျောက်စိမ်း လည်ဆွဲတစ်ကုံးရှိလေသည်။ ထိုကျောက်စိမ်းလည်ဆွဲရှိသူအား မည်သည့်မကောင်းဆိုးဝါးမိစ္ဆာမှန်သမျှ မနှောင့်ယှက်နိုင်ကြပါ။

ကျောက်စိမ်းလည်ဆွဲသည် နာနာဘာဝမိစ္ဆာများကို နှိမ်နင်း နိုင်စွမ်း ရှိလေသည်။ စုယိကျန်းက ...

"ကျောင်းထိုင်က ကျောက်စိမ်းလည်ဆွဲကို လူတစ်ယောက် ကို လက်ဆောင်ပေးခဲ့တယ်"

ကျင်းဟာခုံးက ...

"အဲဒီလူကို တွေ့အောင်ရှာနိုင်ရင် အဆိပ်ဘီလူးကို ဟန့် တားနိုင်မှာပဲ"

စုယိကျန်း မကျေမနပ် ဖြစ်သွားသည်။

"ဦးဟာ ဝိညာဉ်ကူးပြောင်းပညာကို မပေးစဉ်ကတည်းက

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဘီလူးဟာ လောကကြီးကို ဖျက်ဆီးမယ့်လူဆိုတာ တွေးမိသင့်တာပေါ့"

ကျင်းဟခုံးက ...

"ကျုပ်ကို အပြစ်တင်ရင်လည်း ခံရတော့မှာပဲ၊ ကျုပ် အမှားကြီး မှားသွားပြီဆိုတာ နောင်တရနေပါပြီကွာ"

ပြောရင်း အလွန်စိတ်ထိခိုက်နေသည့်အလား မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာတော့သည်။

စုယိကျန်းလည်း စိတ်မကောင်းဖြစ်သွားကာ ဘာမှဆက်မပြောဘဲ နေလိုက်လေတော့သည်။ ထိုအချိန်မှာပင် ...

'ဝုန်း'

"အား"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာကာ ကျီးကန်းမှာ သိုင်းသမားသုံးယောက်လက်ချက်မိကာ လဲကျသွားသည်ကို တွေ့လိုက်ရလေတော့သည်။

✦

ကျီးကန်း မရှူမလှ အရေးနိမ့်သွားပြီဖြစ်သည်။ ဓားတစ်လက်က သူ၏ရင်ဝမှ နောက်ကျောသို့တိုင်အောင် ထိုးဖောက်စိုက်ဝင်



နေ၏။

သူ၏ တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေပါတော့သည်။ ကျီးကန်း စဉ်းစဉ်းကြီးလဲကာ အသက်ပျောက်နေပြီ ဖြစ်လေသည်။

"ဟား ဟား ဟား"

"ခင်ဗျား ဘာတတ်နိုင်မှာမို့လဲ"

ထိုလူသုံးယောက်က အဆိပ်ဘီလူးကို လှောင်ပြောင်လိုက်ကြလေသည်။ အဆိပ်ဘီလူးက ...

"ကျုပ်တတ်နိုင်တာ မင်းတို့ကို မြင်စေချင်လို့ ကျုပ်က ကျီးကန်းကို တိုက်ခိုက်ခိုင်းလိုက်တာပါ"

"သြော် ... ခင်ဗျားက လက်တွေ့ပြချင်တယ်ဆိုတဲ့ သဘောပေါ့"

"မှန်ပါတယ်၊ ကဲ ... ကြည့်လိုက်ပါဦး"

အဆိပ်ဘီလူးက ကြမ်းပြင်ပေါ် တင်ပျဉ်ခွေထိုင်ချလိုက်လေသည်။ လက်ဝါးနှစ်ဖက် ပူးကပ်ကာ ရှိခိုးကန်တော့သည့်ဟန်ဖြင့် ရင်ဝရှေ့၌ ထားပြီး မျက်လုံးများလည်း မှိတ်ထားလိုက်လေသည်။

ထိုလူသုံးယောက်က မျက်မှောင်ကုတ်ကာ ကြည့်နေကြ၏။ အဆိပ်ဘီလူး၏ လုပ်ရပ်ကို နားမလည်နိုင်အောင် ဖြစ်သွားကြသည့်သဘောပင်။

အချုပ်ခန်းထဲမှ ကျင်းဟခုံးနှင့်စုယိကျန်းတို့ကလည်း ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေကြ၏။ အဆိပ်ဘီလူးသည် ပီညည်

www.burmeseclassic.com

www.burmeseclassic.com



ကူးပြောင်းသည့်ပညာကို အသုံးပြုတော့မည် မဟုတ်ပါလား။

ဝန်းကျင်တစ်ခုလုံး အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ အားလုံး၏ အသက်ရှုသံများကို အတိုင်းသား ကြားနေရသည်အထိပင်။

အဆိပ်ဘီလူးနှင့် ထိုလူသုံးယောက်ကြား၌ သေဆုံးနေသော ကျီးကန်း၏အလောင်း ရှိနေသည်။ ထိုလူသုံးယောက်သည် အဆိပ်ဘီလူးကို ကြည့်ပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။ တစ်ယောက်က ...

"ဒါက ဘာသဘောလဲဗျ"

"သူက တိဘက်လောကီပညာတွေကို ထုတ်ဖော်အသုံးပြုတော့မယ့် သဘောပဲ"

"ငါတို့ လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး၊ ဝင်တိုက်ကြရအောင်"

သုံးယောက်သား တိုင်ပင်ပြောဆိုလိုက်ကြပြီး ...

"ယား"

"သေပေတော့"

ဗြသံဖေးကာ အဆိပ်ဘီလူးအား တိုက်ခိုက်ရန် ရှေ့တိုး သွားလိုက်လေသည်။ ထိုအချိန်မှာပင် အလွန်ထူးခြားသော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာလေတော့သည်။

လဲကျသေဆုံးနေသော ကျီးကန်း၏အလောင်းက သက်ဝင်





လှုပ်ရှားလာခြင်း ဖြစ်လေသည်။

✦

အဆိပ်ဘီလူးက ကျောက်ရုပ်ကြီးပမာ မလှုပ်မယှက် ထိုင်နေ၏။ ရုတ်တရက်ကြည့်လျှင် အသက်ဝိညာဉ်ကင်းမဲ့ကာ သေဆုံးသွားပြီ ထင်ရလေသည်။

အဆိပ်ဘီလူးက လူသေအလောင်းအသွင် ပြောင်းလဲသွားချိန်၌ သေဆုံးသွားပြီဖြစ်သော ကျီးကန်းက သက်ဝင်လှုပ်ရှားလာခြင်း ဖြစ်လေသည်။

ကျီးကန်း၏ ပါးစပ်မှ ရူးရူးဝါးဝါးအသံများ ထွက်ပေါ်လာလေသည်။ တစ်ဆက်တည်းပင် ကြမ်းပြင်ပေါ်မှ ဝုန်းခနဲခုန်ထလာတော့သည်။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ထိုလူသုံးယောက် ပါးစပ်အဟောင်းသား ဖြစ်သွားကြတော့သည်။

"ကျီးကန်း ... မင်း မင်းမသေသေးဘူး ... ဟုတ်လား"

တစ်ယောက်က မေးလိုက်သည်။ ကျန်နှစ်ယောက်က နောက်ဆုတ်လိုက်၏။

ကျီးကန်း၏နှုတ်ခမ်း တလှုပ်လှုပ်ဖြစ်လာကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ငါက ကျီးကန်းမဟုတ်ဘူး"

ထိုစကားသံသည် ကျီးကန်းအသံမဟုတ်ပေ။

"ဒါ ဒါ အဆိပ်ဘီလူးရဲ့အသံပဲ"

"ဟား ဟား ဟား"

ကျီးကန်း ရယ်မောလိုက်သည်။ သို့သော် ထွက်ပေါ်လာသော အသံမှာ အဆိပ်ဘီလူး၏ ရယ်သံဖြစ်နေပါတော့သည်။

"ဟာ ... အဆိပ်ဘီလူးရဲ့ဝိညာဉ်ဟာ သူ့ရဲ့ခန္ဓာကိုယ်ထဲက ခွာပြီး ကျီးကန်းရဲ့ခန္ဓာကိုယ်မှာ ပူးကပ်သွားပြီ"

"ဒါဟာ တိဘက်လောကီပညာမှာ ပါဝင်ပေမယ့် တားမြစ်ပိတ်ပင်ခံထားရတဲ့ အောက်လမ်းမှော်ပညာတစ်ရပ်ပဲ"

ထိုလူသုံးယောက် အလန့်တကြား ဖြစ်နေချိန်မှာပင် ...

"ကဲ ... ငါက ဘယ်သူ့အကူအညီမှ မလိုဘဲ ငါကိုယ်တိုင် စွမ်းဆောင်နိုင်ပြီးဆိုတာ မင်းတို့ ယုံကြည်ကြပြီ မဟုတ်လား၊ ငါ့အတွက် မင်းတို့သုံးယောက်ကို မလိုအပ်တော့ပါဘူးလေ"

ကျီးကန်းသည် ရှေ့တိုးလာပြီး ထိုလူသုံးယောက်အား တိုက်ခိုက်လိုက်လေသည်။

ထိုလူသုံးယောက် ကပျာကယာ ခုခံရှောင်တိမ်းလိုက်ကြပါသော်လည်း မလွတ်မြောက်နိုင်တော့ဘဲ ...

'ဝုန်း'

"အား"



"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

✦

စူးရှသော အော်ဟစ်သံများ ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာပြီး ပြန်လည်ငြိမ်သက်သွား၏။ လိုဏ်ဂူကြီးအတွင်း၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

သိုင်းသမားဆိုးသုံးယောက်ကား သေဆုံးသွားကြပြီ ဖြစ်လေသည်။ စုယီကျန်းနှင့် ကျင်းဟာခုံးတို့ ငေးငိုင်နေကြ၏။

"ဟား ဟား ဟား"

ကျီးကန်းက အဆိပ်ဘီလူး၏ အသံဖြင့် ဟားတိုက်ရယ်ချလိုက်သည်။

"ကဲ ... ဘာတတ်နိုင်ကြသေးသလဲ"

ဟုလည်း ကျေနပ်စွာ ပြောလိုက်သည်။ ထို့နောက် ...

'ဝုန်း'

ကြမ်းပြင်ပေါ်လဲကျကာ မလှုပ်မယှက်ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုးကန်း လဲကျသွားပြီး မရှေးမနှောင်းမှာပင် အဆိပ်ဘီလူးက ဝုန်းခနဲ ခုန်ထလာလေတော့သည်။

✦

အဆိပ်ဘီလူး၏မျက်နှာ ပြုံးရွှင်နေ၏။ အချုပ်ခန်းထဲမှ ကျင်းဟာခုံနှင့် စုယိကျုန်းတို့ကို ကြည့်လိုက်လေသည်။ ကျင်းဟာခုံးနှင့် စုယိကျုန်းတို့ နောက်ဆုတ်လိုက်ကြလေသည်။ အဆိပ်ဘီလူးက ...

"ကျင်းဟာခုံး ... ခင်ဗျားရဲ့ ကျန်နေသေးတဲ့ပညာတွေ ကျုပ်ကို ဆက်ပြီးသင်ပေးရမယ်"

ကျင်းဟာခုံးက ...

"ကျုပ်ရဲ့ပညာ အကုန်သင်ပေးပြီးပြီပဲလေ"

အဆိပ်ဘီလူးက ...

"မလိမ်ပါနဲ့ဗျာ၊ ပညာမကုန်သေးဘူးဆိုတာ ကျုပ်သိတယ်၊ ကျုပ်က သည်နှာနှာဘာဝတောင်ကြားက မိစ္ဆာမြူးလိုဏ်ဂူထဲမှာ သိုင်းကျမ်းနဲ့ ရတနာပစ္စည်းတွေ ရှိနေတယ်လို့ ကျုပ်လူတွေကို အသုံးချပြီး သိုင်းလောကမှာ သတင်းဖြန့်နိုင်းထားတယ်၊ လောဘက်တက်နေတဲ့ သိုင်းလောကသားတွေ အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ပြီး သွေးထွက်သံယိုဖြစ်အောင် စီစဉ်ထားတာ၊ သိုင်းလောကတစ်ခုလုံး





ပြောင်းဆန်သွားမှ ကျုပ် သည်နေရာက ထွက်ပြီး သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုးစားမယ်၊ သည်တော့ ကျုပ်မှာအချိန်တွေ အများကြီးရသေးတယ်၊ သည်အချိန်တွေမှာ ခင်ဗျားရဲ့ပညာတွေ ကုန်စင်အောင် ရယူထားရမှာပေါ့လေ"

အဆိပ်ဘီလူးကား ကြောက်မက်ဖွယ်ကောင်းလောက်အောင် အကြံအစည်ကြီးမားသူ ဖြစ်နေပါတော့သည်။ ကျင်းဟာခုံးထံမှ ပညာများ ရယူမည့်အပြင် သိုင်းလောက ပျက်စီးအောင်လည်း ကြံစည်ကြိုးစားနေ၏။ ကျင်းဟာခုံးက ...

"ကျုပ်မှာ ဘာမှသင်ပေးစရာ မရှိတော့ဘူးဗျ"

ဟု ပြောလိုက်သည်။ အဆိပ်ဘီလူး၏မျက်နှာ ခက်ထန်တင်းမာသွားလေသည်။

"ခင်ဗျား သေချင်ပြီထင်တယ်၊ ခင်ဗျားဆီက ဘာမှ မရနိုင်တော့ဘူးဆိုရင်း ခင်ဗျားကို သတ်ပစ်ဖို့ပဲ ရှိတော့တာပေါ့ဗျာ"

ကျင်းဟာခုံးက ...

"ကျုပ်က ပညာတွေ ထပ်ပြီးသင်ပေးမယ်ဆိုရင်ကော"

"ဟဲ ဟဲ ... သည်လိုမှပေါ့ဗျာ"

"ဒါပေမဲ့ ပညာတွေ သင်မပေးခင် ကျုပ်တောင်းဆိုတာ တစ်ခုကို လိုက်လျောရလိမ့်မယ်"

"ကျုပ် ဘာကိုလိုက်လျောရမှာလဲ"

ကျင်းဟာခုံးက စုယိကျုန်းကို ညွှန်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို အရင်ဆုံးလွှတ်ပေးရမယ်"

အဆိပ်ဘီလူးက ...

"သူ့ကို လွှတ်ပေးလိုက်ရင် ခင်ဗျားက ကျုပ်ကို ပညာကုန် သင်ပေးမှာလား"

"ဒါပေါ့"

"ကောင်းပြီ ... ခင်ဗျားကတိတည်ပါစေ"

အဆိပ်ဘီလူးက သဘောတူလိုက်သဖြင့် ကျင်းဟာခုံး ကျေနပ်သွားလေတော့သည်။ အဆိပ်ဘီလူးက ...

"သူ့ကို လွှတ်ပေးလိုက်ရမှာနဲ့ ပတ်သက်ပြီးတော့ ခင်ဗျား ဘက်လည်း ကျုပ်ကိုပြန်ပြီး လိုက်လျောရမယ်"

ကျင်းဟာခုံးက ...

"ကျုပ်က ဘာကိုလိုက်လျောရမှာလဲ ... ပြောပါ"

အဆိပ်ဘီလူးက ...

"ခင်ဗျား ပညာကုန် သင်မပေးဘဲ ထွက်ပြေးသွားလို့ မရ အောင် လိုဏ်ဂူတံခါးကို အပြင်က ပိတ်ထားလိုက်မယ်"

ကျင်းဟာခုံး အံ့သြသွား၏။

"အပြင်ဘက်က ဘယ်လိုပိတ်မှာလဲ"

"လွယ်ပါတယ် ... သူ့ကို သော့ပေးလိုက်မယ်၊ အပြင်ဘက် ကို သူရောက်သွားတာနဲ့ တံခါးပိတ်ပြီး အပြင်ဘက်က သော့ခတ် လိုက်ပေါ့"



"လိုဏ်ဂူထဲမှာ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်စလုံး ကျန်ရစ် ခဲ့မှာပေါ့"

"အင်းလေ ... ကျုပ်ကို ပညာကုန်သင်ပေးပြီးမှ ခင်ဗျား ထွက်သွားလို့ရတယ်"

ကျင်းဟာခုံးက ...

"လိုဏ်ဂူတံခါးဖွင့်ချင်တယ်ဆိုရင် အပြင်ဘက်က ဖွင့်ပေးရ မှာပေါ့"

"ဟုတ်တယ်လေ"

"ဘယ်သူက ဖွင့်ပေးမှာလဲ"

အဆိပ်ဘီလူး လက်ကာပြလိုက်သည်။

"ဘာမှ မပူပါနဲ့ဗျာ ... အပြင်ဘက်ကို ကျုပ်လူတွေ ရောက် လာကြမှာပါ။ ဒါမှမဟုတ်လည်း သိုင်းလောကသားတွေ ရောက်လာ ပြီး တံခါးလာဖွင့်ကြမှာ သေချာပါတယ်"

ကျင်းဟာခုံးက ...

"အပြင်ဘက်က တံခါးလာဖွင့်တဲ့အထိ စောင့်ရမှာပေါ့ ... ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘယ်လောက်ကြာအောင် စောင့်ရမှာလဲ၊ ကျုပ်တို့က တစ် ယောက်ယောက်က ဖွင့်ပေးတဲ့အထိ စောင့်နေရမှာလား"

အဆိပ်ဘီလူးက ...

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့ဗျာ ... ကျုပ်တို့ ကြာကြာစောင့်ရမှာ မဟုတ်ပါဘူး၊ ကျုပ် အာမခံပါတယ်"

ကျင်းဟာခုံး သဘောမကျသော်လည်း စောဒက တက်၍မရ မှန်း နားလည်လိုက်ပြီး ဘာမှ ထပ်မပြောဘဲ နေလိုက်လေသည်။ အဆိပ်ဘီလူးက ကြေးသော့တစ်ချောင်း ထုတ်လိုက်သည်။

ကျင်းဟာခုံးနှင့် စုယိကျုန်းတို့ကို အချုပ်ခန်းထဲမှ ထုတ်လိုက်သည်။ စုယိကျုန်းကို ကြေးသော့ပေးလိုက်သည်။

"ကဲ ... မင်းသွားတော့၊ ရွှတ်နှါးပိတ်ပြီး အပြင်ဘက်က သော့ခတ်လိုက်ပါ၊ သော့တံကို သော့ပေါက်ထဲမှာ သည်အတိုင်း ထားခဲ့ရမယ်၊ ကျုပ်ပြောတာ မှတ်မိဘယ်နော်"

စုယိကျုန်းက ...

"မှတ်မိပါတယ်ဗျာ"

"ဒါဖြင့် သွားပေတော့"

စုယိကျုန်းက ကျင်းဟာခုံးဘက်လှည့်လိုက်သည်။ ကျင်းဟာခုံးက ...

"ကျောက်စိမ်းလည်ဆွဲကို မင်းရအောင်ရှာပေတော့"

ဟု တီးတိုးမှာကြားလိုက်လေတော့သည်။

✦ ✦ ✦





## ကျောက်စိမ်းလည်ဆွဲ

ရသေ့ကြီး (ဝါ) စုယိကျုန်း၏စကား ဆုံးသွားပြီ ဖြစ်သည်။ စုမာကြိုး သက်ပြင်းချလိုက်လေသည်။

"သည်ကိစ္စတွေ ဖြစ်ပျက်ခဲ့တာ နှစ်အတော်ကြာပြီ ထင်ပါတယ်"

"ဟုတ်တယ်၊ ကျုပ်က ကျောက်စိမ်းလည်ဆွဲကို လိုက်ရှာခဲ့ပေမယ့် မတွေ့ရဘူး၊ တိဘက်ကိုလည်း မပြန်ဖြစ်တော့ဘူး၊ မိစ္ဆာမြွေးဂူထဲမှာ ပိတ်မိနေတဲ့ ကျင်းဟာခုံးနဲ့ အဆိပ်ဘီလူးတို့ရဲ့ အခြေအနေကိုလည်း သိချင်တယ်လေ"

စုမာကြိုးက ...

"ခုလောက်ဆိုရင် သူတို့နှစ်ယောက် အသက်ရှင်နိုင်ပါဦး မလား"

ဟု မေးလိုက်သည်။ စုယိကျုန်းက ...

"တိဘက်ကပညာတွေဟာ အင်မတန်ထူးဆန်းပါတယ်၊ သူတို့ အသက်သေဆုံးသွားကြပြီဆိုရင်တောင် သူတို့ရဲ့ ဝိညာဉ်တွေက တော့ ရှင်သန်နေကြဦးမှာပါ၊ တကယ်လို့ ကျင်းဟာခုံးရဲ့ ဝိညာဉ် ရှင်

www.burmeseclassic.com

www.burmeseclassic.com



သန်နေသေးတယ်ဆိုရင် အကြောင်းမဟုတ်ပေမယ့် အဆိပ်ဘီလူးရဲ့ ဝိညာဉ် ရှင်သန်နေသေးရင်ခက်မယ်၊ သူ့ကို နှိမ်နင်းဖို့ ကျောက်စိမ်းလည်ဆွဲ ရှိမှဖြစ်မယ်"

စုယီကျန်း၏စကားအဆုံးတွင် စုမာကြီးက မေးလိုက်လေသည်။

"ကျောက်စိမ်းလည်ဆွဲက ဘယ်လိုအသုံးဝင်တယ်ဆိုတာ ပြောပါဦး"

စုယီကျန်းက ...

"ကျောက်စိမ်းလည်ဆွဲဟာ မိစ္ဆာအပေါင်းကို နိုင်တဲ့အစွမ်းရှိတယ်၊ ဝိညာဉ်မပူးကပ်နိုင်အောင် တားဆီးနိုင်တယ်၊ ဝိညာဉ်ပူးကပ်မခံရဘူးဆိုတာနဲ့ နှိမ်နင်းဖို့ အခွင့်အရေးရှိပြီပေါ့"

စုမာကြီးက ...

"ဝိညာဉ်ဆိုးတွေကို ဘယ်လို နှိမ်နင်းရမယ်ဆိုတာသိရင် ပြောပြပါလား ခင်ဗျာ"

ဟု မေးလိုက်လေသည်။ စုယီကျန်းက ...

"ဝိညာဉ်ဆိုးဟာ ... လူသေအလောင်းတစ်လောင်းကို ပူးကပ်လိုက်လို့ လူသေအလောင်းက သက်ဝင်လှုပ်ရှားလာပြီ ဆိုပါတော့၊ အလောင်းရဲ့လည်ပင်းမှာ ကျောက်စိမ်းလည်ဆွဲကို စွပ်ချလိုက်မယ်ဆိုရင် ဝိညာဉ်ဆိုးကို ချေမှုန်းသုတ်သင်ပြီးသား ဖြစ်သွားလိမ့်မယ်"



ဝိညာဉ်ဆိုးဟာ နှိမ်နင်းရမည့်နည်းလမ်းကိုလည်း ပြောပြလိုက်လေသည်။ တစ်ဖန် ...

"ဝိညာဉ်နိုင်ကျောက်စိမ်းလည်ဆွဲဆိုတာ မင်းရဲ့လည်ပင်းမှာ ဆွဲထားတဲ့ လည်ဆွဲပါပဲ"

ဟုပြောလိုက်ရာ စုမာကြီး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

✦

ကျောက်စိမ်းလည်ဆွဲ ...။

ထိုလည်ဆွဲသည် သခင်မလေးချင်းလျှံက လက်ဆောင်ပေးခဲ့ခြင်း ဖြစ်လေသည်။

စုယီကျန်းက ...

"လည်ဆွဲက ဆွဲပြားလေးမှာ တိဘက်စာတွေ ရေးထားတာကို တွေ့နိုင်ပါတယ်၊ အဲသည် တိဘက်စာတွေရဲ့ အဓိပ္ပာယ်က မိစ္ဆာနိုင် လည်ဆွဲလို့ ရေးထားတာပါပဲ"

စုမာကြီးက ...

"သည်လည်ဆွဲလေးဟာ ကျွန်တော့်ပစ္စည်းမဟုတ်ပါဘူး၊ မြစိမ်းသခင်မလေးက လက်ဆောင်ပေးထားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းသခင်မလေး ချင်းလှျံနှင့် ဆုံတွေ့ရပုံများကို ပြောပြလိုက်လေသည်။

စုယိကျန်းက ...

"ကျုပ်တို့ ကျောင်းထိုင်ဟာ ခရီးထွက်ရင်း အန္တရာယ်တစ်ခုနဲ့ ကြုံတွေ့ခဲ့ရချိန်မှာ အမျိုးသမီးကြီးတစ်ဦးက ကူညီခဲ့တာ၊ ဒါနဲ့ ကျောင်းထိုင်က အဲသည်အမျိုးသမီးကြီးကို ကျောက်စိမ်းလည်ဆွဲ လက်ဆောင်ပေးခဲ့တာလို့ သိရတယ်"

စုမာကြုံးက ...

"သခင်မလေးချင်းလှျံက သူ့မိခင်ဆီက ရထားတာပါ၊ မြစိမ်းဒေဝီဟာ အဖြူရောင်သိုင်းထိပ်သီးတစ်ဦးဖြစ်ပြီး ကျောင်းထိုင်ကို ကူညီခဲ့ဖူးသူဖြစ်နိုင်ပါတယ် ခင်ဗျာ"

စုယိကျန်းက ...

"ဘာပဲဖြစ်ဖြစ် ကျောက်စိမ်းလည်ဆွဲရှိနေတဲ့ မင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရတာ ကံကောင်းတာပဲ၊ တို့နှစ်ယောက် အဆိပ်ဘီလူးရဲ့ ဝိညာဉ်ဆိုးကို နှိမ်နင်းဖို့ တောင်ကြားထဲကို သွားကြတာပေါ့"

"ကောင်းပါပြီ ခင်ဗျာ"

စုမာကြုံး သဘောတူလိုက်လေတော့သည်။

✦ ✦ ✦





## သိုင်းလောကနှင့်ဝိညာဉ်ဆိုး

နာနာဘာဝတောင်ကြား ...။

နာနာဘာဝတောင်ကြားသည် အဆိပ်ဘီလူးပုန်းခိုခဲ့သော တောင်ကြားပင်ဖြစ်ကြောင်း သိုင်းလောကသားများ သိရှိသွားကြပြီဖြစ်သည်။

ဤတွင် နာနာဘာဝတောင်ကြားသို့ တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်လည်းကောင်း အမြန်ဆုံး သွားကြတော့သည်။

အများအားဖြင့် မိစ္ဆာမြူးလိုဏ်ဂူထဲမှ အဖိုးတန်ရွှေငွေ ရတနာများနှင့် ပြိုင်ဘက်ကင်းသိုင်းကျမ်းကို လိုချင်မက်မောနေကြသည် မဟုတ်ပါလား။

သိုင်းလောကသားများတွင် အဆိပ်ဘီလူးကို ဆုံးမနှိမ်နင်းမည့် ဂူတန်၊ ရှောင်လင် စသည့် ဂိုဏ်းကြီးများမှ သိုင်းသမားများ ပါဝင်ကြသကဲ့သို့ မြစိမ်းဒေဝီ၊ မြစိမ်းသခင်မလေးနှင့် အမြွာညီနောင်တို့လည်း ပါဝင်ခဲ့ကြလေတော့သည်။

နာနာဘာဝတောင်ကြားသို့ သိုင်းလောကသားများ ရှေး

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာကြသောအခါ ပြဿနာများလည်း ပေါ်ပေါက်လာလေတော့သည်။

✦

ဂူကျောင်းက နာနာဘာဝတောင်ကြားသို့ ရောက်ရှိလာပြီဖြစ်လေသည်။ မာယာရှင် ကုအင်းလည်း လိုက်ပါလာလေသည်။ ကုအင်းက ...

"မိစ္ဆာမြူးလိုဏ်ဂူထဲမှာရှိနေတဲ့သိုင်းကျမ်းနဲ့ ရွှေငွေကျောက်သံ ပတ္တမြားတွေဟာ ကျွန်မအတွက်ပဲနော်"

ဂူကျောင်း ရယ်မောလိုက်သည်။

"စိတ်ချ ... ညီမအတွက်ပါ ကျုပ်ရဲ့ မင်္ဂလာလက်ဆောင်ဆို ပါတော့"

ကုအင်း ပြုံးလိုက်သည်။

"ရှင့်သာရအောင်ယူပေးပါ၊ ကျွန်မဘက်က ကတိတည်စေရမယ်"

"ကောင်းတယ် ကောင်းတယ်"

ဂူကျောင်း အကျေနပ်ကြီး ကျေနပ်နေ၏။ နှစ်ယောက်သား နာနာဘာဝတောင်ကြားမှ ကြောက်လန့်စရာ သစ်ပင်ပန်းပင်



ကျောက်တုံးကျောက်ခဲများကို လုံးဝအမှုမထားဘဲ တောင်ကြားထဲဝင်သွားကြလေသည်။

တစ်နေရာသို့အရောက်တွင် ပြေးလွှားလာသူသုံးယောက်ကို တွေ့လိုက်ရလေသည်။ ထိုလူသုံးယောက်ကား သိုင်းဆရာ ကျို့ကျောင်း၏ တပည့်များ ဖြစ်လေသည်။

"ရပ်လိုက်စမ်း"

ဂူကျောင်းကား လမ်းပိတ်ဟန့်တားလိုက်လေသည်။ ကျို့ကျောင်း၏ တပည့်သုံးယောက်လည်း ဂူကျောင်းတို့ကို တွေ့ရလျှင် အားကိုးတကြီးဖြင့် ...

"ကျုပ်တို့ကို ကယ်ပါဦးဗျာ၊ မိစ္ဆာမြူးလိုဏ်ဂူကြီးထဲက မိစ္ဆာကြီး လွတ်လာပြီး ကျုပ်တို့ဆရာကို သတ်ပစ်လိုက်ပြီး"

ဟု အလောတကြီးပြောကာ အကူအညီတောင်းကြလေသည်။ ဂူကျောင်း အံ့သြသွား၏။

"ဘာတွေဖြစ်ကုနတာလဲ"

ကုအင်းက ...

"မိစ္ဆာမြူးဂူထဲက မိစ္ဆာကြီး ထွက်လာပြီ ... ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ထိုစဉ် အရာဝတ္ထုတစ်ခုက သူတို့၏ ဦးခေါင်းပေါ်မှ ဝှီးခနဲဖြတ်ကျော်ပျံသန်းသွားလေသည်။

"ဘာကြီးပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး အထိတ်တလန့် ကြည့်လိုက်ကြ၏။ ပစ်လွှင့်သွားသော အရာဝတ္ထုကြီးကား လူသေအလောင်းတစ်ခု ဖြစ်နေပါသည်။

'ဝုန်း'

အလောင်းကြီးက မြေပေါ် ပြုတ်ကျသွား၏။ သိုင်းဆရာ ကျိုကျောက်၏ အလောင်း ဖြစ်လေသည်။

"ဟင်"

"ဆရာ"

တပည့်သုံးယောက်က ကြောက်လန့်တကြား ထွက်ပြေးကြတော့သည်။ သို့သော် ...

"မင်းတို့ ဘယ်ပြေးမလဲ"

ကျိုကျောက်၏အလောင်းကောင်ကြီးက ဝုန်းခနဲ ထရပ်လာလေသည်။ အလောင်းကောင်ကြီး ပါးစပ်မှ ထွက်ပေါ်လာသော စကားသံက အဆိပ်ဘီလူး၏အသံ ဖြစ်နေ၏။

ကုအင်းနှင့်ဝူကျောင်းတို့သည် သိုင်းလောကသားများ အကြောင်းကို ကောင်းစွာ သိထားသော ဝါရင့်သိုင်းသမားများ ဖြစ်လေသည်။

ကုအင်းက ...

"ထိပ်တန်းသိုင်းကျောင်းပိုင်ရှင် ကျိုကျောက်ရဲ့ အလောင်းပဲ"

အဆိပ်ဘီလူးနှင့် ဆက်ဆံခဲ့ဖူးသော ဝူကျောင်းက ...





"ဒါ အဆိပ်ဘီလူးရဲ့အသံပဲ"

ဟု ပြောလိုက်ကြလေသည်။

"ဟား ဟား ဟား"

ကျိုကျောက်၏ ခန္ဓာကိုယ်၌ စီးနေသည့် အဆိပ်ဘီလူး၏ ဝိညာဉ်က ရယ်မောလိုက်လေသည်။

"ကျိုကျောက်တို့ ဆရာတပည့်က ကျုပ်လက်ချက်နဲ့ သေပြီ၊ မင်းတို့ကော"

ဝူကျောင်းက ...

"ခင်ဗျားက အဆိပ်ဘီလူး ... ဟုတ်လား"

"သေချာတာပေါ့"

"ခင်ဗျားက လိုဏ်ဂူထဲမှာ"

သူ၏စကား မဆုံးမီ အဆိပ်ဘီလူးက ကြားဖြတ်ပြောလိုက်လေသည်။

"ကျုပ်က တိဘက်ပညာရှိ ကျင်းဟာခုံးဆီက ဝိညာဉ်ကူးပြောင်းပညာ ရခဲ့တယ်လေ၊ ပညာယူပြီးတော့ ကျင်းဟာခုံးကို ကျုပ်ကိုယ်တိုင် စီရင်လိုက်တာ၊ ဒါပေမဲ့ ကိုယ့်အတတ် ကိုယ်စူးပြီး မိစ္ဆာမြူး လိုဏ်ဂူထဲမှာ ပိတ်မိနေခဲ့တာ၊ ကျိုကျောက်ရဲ့တပည့် ဆားယိစုံ ရောက်လာပြီး ဂူတံခါးဖွင့်လိုက်လို့ ကျုပ်ရဲ့ဝိညာဉ် လွတ်မြောက်လာတာ ... ဟား ဟား ဟား ... ကျုပ်ကို ဘယ်သူတားဆီးနိုင်တော့မှာလဲ၊ သိုင်းလောကတစ်ခုလုံးကို ကျုပ် စိုးမိုးနိုင်တော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဝူကျောင်းက ...

"အဆိပ်ဘီလူး ... ခင်ဗျားရဲ့ဝိဇ္ဇာဥ်က ဆက်ပြီးရှင်သန်လှုပ်ရှားနေတာ ... ဟုတ်လား"

အဆိပ်ဘီလူးက ...

"ဟုတ်တယ်လေ တိဘက်ရဲ့ အံ့မခန်းပညာရပ်တွေကြောင့် ကျုပ်အတွက် ပုပ်သိုးဆွေးမြည့်သွားမယ့်ခန္ဓာကိုယ် မလိုအပ်တော့ပါဘူး၊ ကျုပ်ရဲ့ဝိဇ္ဇာဥ် ထာဝရ ရှင်သန်နေဖို့ပဲ လိုတာပေါ့၊ သည်စွမ်းအားကို ကျုပ်ရထားပြီလေ"

ကုအင်းက ...

"အကောင်အထည်မရှိတဲ့ ဝိဇ္ဇာဥ်က ဘာလုပ်နိုင်မှာတဲ့လဲရှင့်"

"ဘာတတ်နိုင်တယ်ဆိုတာ မင်းတွေ့ရမှာပါ"

ကျိုကျောက်၏ အလောင်းကောင်ကြီးက လမ်းပိတ်ထားသဖြင့် ထွက်ပြေးမရဘဲဖြစ်နေသော တပည့်သုံးယောက်အား တိုက်ခိုက်လိုက်လေသည်။

"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများနှင့်အတူ တပည့်သုံးယောက် လဲကျသေဆုံးသွားတော့သည်။



"ဟား ဟား ဟား"

အဆိပ်ဘီလူးက ရယ်မောလိုက်သည်။

"ကဲ ... မြင်ပြီမဟုတ်လား၊ ကျုပ်ရဲ့ဝိဇ္ဇာဥ်ဟာ ကျိုကျောက် ရဲ့ခန္ဓာကိုယ်မှာ ပူးကပ်ပြီး ကျိုကျောက်ရဲ့သိုင်းပညာကို ရယူအသုံးချနိုင်တယ်လေ၊ ကျုပ်ဝိဇ္ဇာဥ်က ရှောင်လင်၊ ဝူတန် ... အစရှိတဲ့ ဂိုဏ်းချုပ်ကြီးတွေရဲ့ခန္ဓာကိုယ်မှာ ပူးကပ်နိုင်ပြီးဆိုရင် ဘယ်သူက ကျုပ်ကို ဟန့်တားနိုင်ဦးမှာလဲ၊ သိုင်းလောကတစ်ခုလုံး ကျုပ်ရဲ့ ခြေဖဝါးအောက်ကို ရောက်လာတော့မှာပဲ မဟုတ်လား"

"ဟား ဟား ဟား"

ဝူကျောင်းကလည်း ရယ်မောလိုက်လေသည်။ အဆိပ်ဘီလူးက ...

"မင်း ဘာရယ်တာလဲ"

ဝူကျောင်းက ...

"သဘောကျလို့ပေါ့ဗျာ၊ ကျုပ်က ခင်ဗျားနဲ့ လက်တွဲမယ်ဆိုရင်ကော"

"ဘာပြောတယ်"

"ခင်ဗျားဟာ သိုင်းလောကကို လွှမ်းမိုးဖို့ အရင်ကထက်ပိုပြီး စွမ်းဆောင်လာနိုင်ပြီဆိုတော့ ခင်ဗျားနဲ့ လက်တွဲလိုက်ရင် ကျုပ်လည်း ထိပ်တန်းကို ရောက်နိုင်မယ် မဟုတ်လားဗျာ"

အဆိပ်ဘီလူးက ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း အခွင့်အရေးတစ်ယောက်ပဲကိုး၊ ဒါပေမဲ့ ငါကလည်း မင်းလို အခွင့်အရေးသမားမျိုးကိုပဲ သဘောကျတာပါ"

ဂူကျောင်းက ...

"ခင်ဗျားလက်ခံတာပေါ့"

"ဒါပေါ့ ... မင်းရဲ့မာယာရှင်ကြီးကကော"

"ကျုပ်က သူ့အတွက် တာဝန်ယူပါတယ်ဗျာ"

ကုအင်းက ဝင်ပြောလိုက်သည်။

"ကျွန်မကတော့ ဂူထဲမှ ကျောက်မျက်ရတနာတွေနဲ့ သိုင်းကျမ်းကို ရမှ ရှင်တို့နဲ့ လက်တွဲနိုင်မှာရှင့်"

အဆိပ်ဘီလူးက ...

"တော်တော်လောဘကြီးတာပဲ၊ ဒါပေမဲ့ ဂူကျောင်းရဲ့ မျက်နှာကို ထောက်ထားပြီး ကျုပ် သဘောတူလိုက်ပါ့မယ်လေ"

ကုအင်းလည်း ဝမ်းသာသွားလေသည်။

"ကျွန်မတို့ လက်တွဲပြီး သိုင်းလောကကို လွှမ်းမိုးကြတာပေါ့ရှင်"

ထိုစဉ် ...

"မင်းတို့ ထင်တိုင်းကြဲလို့ရမယ်များ မှတ်နေသလား"

စကားသံနှင့်အတူ လူတစ်စု ပြေးလွှားရောက်ရှိလာကြလေတော့သည်။

✦ ✦ ✦





## အားပြိုင်ပွဲ

နာနာဘာဝတောင်ကြားသို့ သိုင်းလောကသားများ တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိလာကြလေသည်။ အဆိပ်ဘီလူးအား ချေမှုန်းသုတ်သင်မည့် အဖြူရောင်သိုင်းသမားများ

လောဘတက်နေသော သိုင်းလောကသားများ၊ အဆိပ်ဘီလူး စည်းရုံးသိမ်းသွင်းထားသော အနက်ရောင်သိုင်းလောကသားများ၊ ရည်ရွယ်ချက်, ခံယူချက်မတူဘဲ ကွဲပြားခြားနားသော သိုင်းလောကသားများ စုရုံးရောက်ရှိလာကြခြင်းဖြစ်လေသည်။

နာနာဘာဝတောင်ကြားထဲ၌ သိုင်းလောကသားများဖြင့် စည်စည်ကားကား ဖြစ်သွားလေတော့သည်။

"ဟား ဟား ဟား"

အဆိပ်ဘီလူး ရယ်မောလိုက်လေသည်။ ဂူကျောင်းကို လှမ်းပြောလိုက်သည်။

"ဂူကျောင်း ... ငါ့ရဲ့ဗိဇ္ဇာဉ်ပူးကပ်ထားတဲ့ ကျိုကျောက်ရဲ့ အလောင်းကောင်ကြီးဟာ သွေးသံရဲရဲနဲ့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတယ်လို့ မထင်မိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဂူကျောင်း ထောက်ခံလိုက်သည်။

"သိပ်မှန်တာပေါ့ဗျာ"

အဆိပ်ဘီလူးက ...

"ငါ့အတွက် သန့်ရှင်းတဲ့ ရုပ်ခန္ဓာတစ်ခု လိုအပ်နေပြီ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဒါပေါ့ ... မင်းရဲ့ခန္ဓာကိုယ်ကို ငါက အသုံးပြုမယ်ဆိုရင်ကော"

"ဘာကွ"

"မင်းရဲ့ခန္ဓာကိုယ်ကို ငါက ခဏငှားရမ်းပြီး အသုံးပြုမှာပါကွာ၊ ကဲ"

အဆိပ်ဘီလူး၏အသံ ပျောက်ကွယ်သွားလေသည်။ ဂူကျောင်း ထိတ်လန့်သွားသည်။ ကျိုးကျောက်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး ...

'ဝုန်း'

မြေပေါ် လဲကျကာ မလှုပ်မယှက် ဖြစ်သွားတော့သည်။

"ဟင်"

"ဟာ"

ကုအင်းနှင့် ဂူကျောင်းတို့ ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။ ရုတ်တရက် အေးစိမ့်သော အငွေ့အသက်တစ်ခုက



အနီးမှ ဖြတ်သွားသည်ဟု ကုအင်း ခံစားလိုက်ရလေသည်။

"ဂူကျောင်း ... ရှင် သတိထား"

ဂူကျောင်းကို လှမ်းပြီး သတိပေးလိုက်၏။ ဂူကျောင်းလည်း သူ့ထံသို့ အရိပ်သဏ္ဍာန်တစ်ခု တိုးဝင်လာသည်ဟု ထင်မိသည်။ တစ်ဆက်တည်းပင် အေးစိမ့်မှုတစ်ခုက သူ၏ တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်သည်ဟု ခံစားလိုက်ရလေသည်။

ဂူကျောင်း အော်ဟစ်ဖို့ ကြိုးစားလိုက်သော်လည်း အသံက လည်ချောင်း၌ တစ်ဆို့ပျောက်ကွယ်သွား၏။ တဒင်္ဂအချိန်အတွင်းမှာပင် အသိစိတ်များ ပျောက်ကွယ်ကာ အမှောင်ထုကြီးထဲသို့ ကျရောက်သွားသည်ဟု ခံစားလိုက်ရတော့သည်။

✦

ကုအင်းက ဂူကျောင်းကို မျက်တောင်မခတ် အကဲခတ်ကြည့်နေ၏။ ဂူကျောင်း၏ခန္ဓာကိုယ် ယိမ်းယိုင်သွားပြီးလျှင် ခေါင်းမော့ ရင်ကော့ကာ ...

"ဟား ဟား ဟား"

ကျယ်လောင်စွာ ဟားတိုက်ရယ်မောလိုက်လေသည်။ ထိုရယ်သံကား ဂူကျောင်း၏ ရယ်သံမဟုတ်ဘဲ အဆိပ်ဘီလူး၏ ရယ်သံ

www.burmeseclassic.com

www.burmeseclassic.com



ကြီး ဖြစ်နေပါတော့သည်။

အဆိပ်ဘီလူးသည် ဝိညာဉ်ပူးကပ်ပညာဖြင့် ဂူကျောင်း၏ ခန္ဓာကိုယ်၌ ပူးကပ်လိုက်ပြီး ဖြစ်သည်။ ဂူကျောင်း၏ ခန္ဓာကိုယ်နှင့် အဆိပ်ဘီလူး၏ဝိညာဉ်တို့ ဖြစ်သွားခြင်းပင်။ ကုအင်းက ...

"လူယုတ်မာကြီး"

ဒေါသတကြီးဖြင့် ဂူကျောင်းထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

"သေလိုက်စမ်း"

ဂူကျောင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။ တကယ့်ဂူကျောင်းသာဆိုလျှင် ကုအင်းကို လက်ဖြင့်ပင် ရွယ်လိမ့်မည် မဟုတ်ချေ။

ယခုတော့ ဂူကျောင်း၏ ခန္ဓာကိုယ်က ပူးကပ်နေသော အဆိပ်ဘီလူး၏ ဆန္ဒအတိုင်း လိုက်နာဆောင်ရွက်နေရပြီ မဟုတ်ပါလား။ ဂူကျောင်း၏ ပြင်းထန်သော ရိုက်ချက်က ကုအင်း၏ ရင်ဝကို ရိုက်ချမိလိုက်လေတော့သည်။

'ဝုန်း'

"အောင်မယ်လေး"

ကုအင်း လဲကျသွားလေသည်။ သူမ ရုတ်တရက် သေဆုံးသွားခြင်းမရှိသေးဘဲ လူးလိမ့်ထပြီး ဂူကျောင်းကို မယုံနိုင်စွာ ကြည့်လိုက်သည်။





"ရှင် ... ရှင် ကျွန်မကို တကယ်ပဲ တိုက်ခိုက်ရက်တယ် ... ဟုတ်လား"

ဂူကျောင်းက ...

"ကျုပ်က ဂူကျောင်းမှ မဟုတ်ဘဲ၊ အဆိပ်ဘီလူးဆိုတာ မင်း သိသင့်တာပေါ့"

"ရှင် ... ရှင်"

ကုအင်း ရှေ့ဆက်မပြောနိုင်တော့ဘဲ သွေးများ ဝေ့ခနဲ အန်ထုတ်ကာ လဲကျသေဆုံးသွားလေတော့သည်။

"ဟား ဟား ဟား"

အဆိပ်ဘီလူးက တဟားဟားရယ်မောရင်း ပြေးလွှား ရောက်ရှိလာကြသည့် သိုင်းလောကသားများနှင့် ရင်ဆိုင်ရန် အသင့် ပြင်ထားလိုက်လေတော့သည်။

✦

သိုင်းလောကသားများ နာနာဘာဝတောင်ကြားသို့ စုရုံး ရောက်ရှိလာကြလေသည်။

ရှောင်လင်ကျောင်းထိုင်၊ ဂူတန်ဂိုဏ်းချုပ်နှင့် မြစိမ်း ဓဒီတို့လည်း ရောက်လာကြသည်ကိုမြင်လျှင် အနက်ရောင်

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားများ ချက်ချင်း နောက်ကြောင်းလှည့်သွားကြတော့သည်။

နာနာဘာဝ တောင်ကြားသို့ လာရောက်ကြသော အဖြူရောင် သိုင်းသမားများနှင့် နောက်ကြောင်းလှည့်လာသော အနက်ရောင် သိုင်းသမားများ ဆုံတွေ့မိကြလျှင် ပြင်းထန်သော တိုက်ပွဲကြီး ပေါ်ပေါက်လာလေတော့သည်။

အဖြူရောင်သိုင်းသမားများက ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ကြရာ ကိုယ်ကျိုးကိုသာကြည့်သော အနက်ရောင်သိုင်းသမားများ အရေးနိမ့်သွားကြလေတော့သည်။

ရှုံးနိမ့်သွားသော အနက်ရောင်သိုင်းသမားများသည် သေသူသေ၊ ဒဏ်ရာရသူရဖြင့် ဖရိုဖရဲ ထွက်ပြေးသူပြေးဖြင့် အထိနာသွားကြသည်။ အနက်ရောင်သိုင်းသမားများ တော်တော်နှင့် ခေါင်းထောင် ပုံကြတော့မည် မဟုတ်ချေ။ မကြာမီ သိုင်းလောက အေးချမ်းသာယာသွားတော့မည် ဖြစ်လေသည်။

✦

အဖြူရောင် သိုင်းသမားများက အနက်ရောင်သိုင်းသမားများအား ချေမှုန်းလိုက်ပြီး မရှေးမနှောင်းမှာပင် နာနာဘာဝတောင်ကြားသို့ လူနှစ်ယောက် ရောက်ရှိလာကြလေသည်။ စုမာကြီးနှင့်



စုယိကျန်းတို့ ဖြစ်လေသည်။ စုယိကျန်းက တောင်ကြားထဲသို့မဝင်မီ–

“မင်းက ငါပြောတဲ့စကားတွေကို ဘယ်တော့မှ မမေ့လေနဲ့၊ အဆိပ်ဘီလူးကို နှိမ်နင်းနိုင်ဖို့အရေးအကြီးဆုံးဆိုတာ မြဲမြဲမှတ်ထားပေတော့”

ဟု သတိပေးပြောဆိုလိုက်လေသည်။

“စိတ်ချပါ ခင်ဗျာ”

စုမာကြီးလည်း ကတိပေးလိုက်လေသည်။ နှစ်ယောက်သား တောင်ကြားထဲ ရောက်ရှိသွားချိန်၌ ဂူတန်ဂိုဏ်းချုပ်၊ ရှောင်ဝီလင် ကျောင်းထိုင်နှင့် မြစိမ်းဒေဝီတို့က ဂူကျောင်း (ဝါ) အဆိပ်ဘီလူးနှင့် ရင်ဆိုင်နေကြပြီ ဖြစ်လေသည်။

✦

စုမာကြီးကိုမြင်လျှင် သခင်မလေးချင်းလျှံ ဝမ်းသာသွားလေသည်။

“အစ်ကို”

“ဟင် … ညီမလည်း ရောက်နေတာကိုး”

“ဟုတ်တယ် အစ်ကို… နာနာဘာဝတောင်ကြားနဲ့ မိစ္ဆာမြူးလိုဏ်ဂူကိစ္စဟာ အဆိပ်ဘီလူးရဲ့လက်ချက်ဆိုတာ သိထားလို့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တို့ လာခဲ့တာ”

ထိုစဉ် စုယီကျန်းက ကြားဖြတ်ပြောလိုက်လေသည်။

“အဆိပ်ဘီလူးကို အမြန်ဆုံးတားဆီးနိုင်မှ ဖြစ်မယ်”

ငူကျောင်းက တဟားဟားရယ်မောလိုက်၏။ သူ၏ပါးစပ်မှ ထွက်ပေါ်လာသော ရယ်သံက အဆိပ်ဘီလူး၏ ရယ်သံဖြစ်နေသည်။

အဆိပ်ဘီလူး၏ဝိညာဉ်က ငူကျောင်း၏ခန္ဓာကိုယ်၌ ပူးကပ်ထားလိုက်ပြီ မဟုတ်ပါလား။ ငူတန်ဂိုဏ်းချုပ်၊ ရှောင်လင်ကျောင်းထိုင်နှင့် မြစိမ်းဒေဝီတို့ တအံ့တသြ ဖြစ်သွားကြလေသည်။

သူတို့သည် ငူကျောင်းကိုသိထားသကဲ့သို့ အဆိပ်ဘီလူးကိုလည်း သိထားကြသည် မဟုတ်ပါလား။ ငူကောင်းထံမှ အဆိပ်ဘီလူး၏ စကားသံ ထွက်ပေါ်လာသောအခါ ရုတ်တရက် အံ့သြသွားကြသော်လည်း ပြန်လည်သတိဝင်လာကြပြီး ...

“အဆိပ်ဘီလူးဟာ တိဘက်က ဝိညာဉ်ကူးပြောင်းပညာကို ရသွားပြီ”

မြစိမ်းဒေဝီက ပြောလိုက်လေသည်။ ရှောင်လင်ကျောင်းထိုင်က ...

“သည်ပညာဟာ အတော့်ကို ထူးဆန်းပြီး ကြောက်စရာကောင်းတဲ့ပညာပဲ၊ အဆိပ်ဘီလူးဟာ သူ့ရဲ့ဝိညာဉ်ကို တခြားလူတွေရဲ့ ခန္ဓာကိုယ်ထဲ ဝင်ပူးကပ်ပြီး ဒုက္ခပေးတော့မှာ”





ငူတန်ဂိုဏ်းချုပ်က ...

“ထိပ်သီးသိုင်းသမားတစ်ယောက်ကို ဝင်ပူးကပ်ပြီး ထိန်းချုပ်ထားလိုက်ပြီ ဆိုရင်တော့ အားလုံး ကိုယ်ကျိုးနည်းမှာ သေချာတယ်”

မြစိမ်းဒေဝီကလည်း သတိပေးလိုက်လေသည်။

“ဟုတ်တယ် ... ကျွန်မတို့ကို ဝင်ပူးကပ်လို့မရအောင် အထူးဂရုစိုက်ကြပါ”

သူတို့အားလုံးသည် သာမန်လူတစ်ယောက်နှင့် ရင်ဆိုင်နေရခြင်းမဟုတ်ဘဲ အောက်လမ်းမှော်ပညာရှိသောသူတစ်ယောက်နှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း နားလည်လိုက်ကြလေသည်။

သတိကြီးစွာဖြင့် ခုခံရင်ဆိုင်သွားရန်လည်း ပြင်ဆင်လိုက်ကြလေသည်။ ရှောင်လင်ကျောင်းထိုင်က သိဒ္ဓိတင်ထားသော စိပ်ပုတီးကို လည်ပင်းမှ ချွတ်လိုက်သည်။

ငူတန်ဂိုဏ်းချုပ်ကလည်း ငူတန်ဂိုဏ်း၏ ရတနာဓား ဖြစ်သော မိစ္ဆာနိုင်ဓားကို ဆွဲထုတ်လိုက်လေသည်။ မြစိမ်းဒေဝီမှာမူ ...

“သမီး ... ကျောက်စိမ်းလည်ဆွဲ မေမေ့ကိုပေးပါ”

သခင်မလေး ချင်းလျှံ ထိတ်လန့်သွား၏။ မြစိမ်းဒေဝီက...

“သည်လည်ဆွဲဟာ အောက်လမ်းမှော်တွေကို ဖမ်းချုပ်နိုင်တဲ့စွမ်းအား ရှိတယ်၊ တိဘက်ကျောင်းထိုင်က သူ့ကိုကူညီဖူးတဲ့ မေမေ့ ကို လက်ဆောင်ပေးခဲ့တာ”

www.burmeseclassic.com

www.burmeseclassic.com



သခင်မလေးချင်းလှ့ ခေါင်းခါယမ်းလိုက်သည်။

"သမီးမှာမရှိတော့ဘူး မေမေ"

သူမသည် အသက်ကယ်ဖူးသော စုမာကြိုးအား လက်ဆောင်ပေးခဲ့ပုံကို ပြောပြလိုက်လေသည်။ ထိုအချိန်မှာပင် အဆိပ်ဘီလူးက အခွင့်အရေးယူကာ တိုက်ခိုက်လာလေတော့သည်။

✦

အဆိပ်ဘီလူးသည် အလွန်ပါးနပ်သူ ဖြစ်သည်။ ရှောင်လင်ကျောင်းထိုင်နှင့် ဂူတန်ဂိုဏ်းချုပ်တို့အား ဗိညာဉ်ကူးပြောင်းပညာဖြင့် တိုက်ခိုက်ဖို့ မလွယ်မှန်း ရိပ်မိထားလေသည်။

ထို့ကြောင့် အကာအကွယ် ကင်းမဲ့သလို ဖြစ်နေသော အမြွာညီနောင်မှ အစ်ကိုဖြစ်သူအား ဦးတည်လိုက်လေသည်။

'ဝုန်း'

အဆိပ်ဘီလူး၏ဗိညာဉ် ထွက်ခွာသွားသည်နှင့် ဂူကျောင်း၏ ခန္ဓာကိုယ်ကြီး ဝုန်းခနဲ လဲကျသွားလေသည်။ အဆိပ်ဘီလူး၏ ဗိညာဉ်မှာ အမြွာညီနောင်မှ အစ်ကိုကြီးကို ဝင်ရောက်ပူးကပ်လိုက်သည်။

"သေပေတော့"



အဆိပ်ဘီလူး၏ ဗိညာဉ်ပူးကပ်ကာ အဆိပ်ဘီလူးအသွင် ပြောင်းလဲသွားသော အစ်ကိုကြီးက ဝြာသံပေးပြီး မြစိမ်းဒေဝီကို တိုက်ခိုက်လိုက်လေသည်။

"ဒါ ဘာလုပ်တာလဲ"

မြစိမ်းဒေဝီက လက်ဝါးဖြင့်ရိုက်ချရန် ဟန်ပြင်ပြီးမှ အစ်ကိုကြီး ဒုက္ခရောက်သွားမည်ကို မလိုလားသဖြင့် လက်ဝါးကို ရုပ်သိမ်းပြီး အစ်ကိုကြီး မလှုပ်ရှားနိုင်စေရန် လက်ညှိုးကို အသုံးပြုကာ သွေးကြောထိုးပိတ်လိုက်လေသည်။

အစ်ကိုကြီး လုံးဝမလှုပ်ရှားနိုင်တော့သဖြင့် အဆိပ်ဘီလူးက အမြွာညီနောင်မှ ညီဖြစ်သူအား ချက်ချင်း ပူးကပ်လိုက်လေသည်။

"သေပေတော့"

ဗိညာဉ်ပူးကပ်ခံလိုက်ရသည့် ညီဖြစ်သူလည်း သခင်မလေးချင်းလှ့အား တိုက်ခိုက်လိုက်လေသည်။

"သတိထား"

ရှောင်လင်ကျောင်းထိုင်နှင့် ဂူတန်ဂိုဏ်းချုပ်တို့က စိပ်ပုတီးနှင့် မိစ္ဆာနှိမ်ဓားကို ဝှေ့ယမ်းကာ ကြားဝင်တားဆီးလိုက်ကြလေသည်။

"သမီး"

မြစိမ်းဒေဝီလည်း အထိတ်တလန့် ဖြစ်သွားရ၏။ သူမ သတိလက်လွတ်ဖြစ်သွားသည့် တဒင်္ဂအချိန်ကလေးမှာပင် အဆိပ်ဘီလူး

www.burmeseclassic.com

www.burmeseclassic.com



၏ဝိညာဉ်သည် ညီငယ်၏ခန္ဓာကိုယ်မှ ခွာကာ မြစိမ်းဒေဝီကို ပူးကပ်လိုက်လေသည်။

မြစိမ်းဒေဝီ အငိုက်မိကာ အဆိပ်ဘီလူး၏ ချုပ်ကိုင်ခြင်း ခံလိုက်ရလေသည်။ ခန္ဓာကိုယ်မှာ မြစိမ်းဒေဝီ၏ ခန္ဓာကိုယ်ဖြစ်သော်လည်း စိတ်ဝိညာဉ်ကား အဆိပ်ဘီလူး၏ စိတ်ဝိညာဉ် ဖြစ်သွားလေတော့သည်။

အခ[illegible]ဘီလူး [illegible]ရှိထားသော ဝိညာဉ်ကူးပြောင်းပညာ စွမ်းအင် သတ္တိကြီးမားပြီး တ[illegible]နေရာမှ တစ်နေရာသို့ စိတ်အလျှဉ်အတိုင်း ကူးပြောင်းသွားနိုင်စွမ်း ရှိနေပေတော့သည်။

ရှောင်လင်ကျောင်းထိုင်နှင့် ဂူတန်ဂိုဏ်းချုပ်တို့က အမြွာညီနောင်ကို အာရုံစိုက်နေချိန်မှာပင် အဆိပ်ဘီလူး၏ ဝိညာဉ်က မြစိမ်းဒေဝီ၏ ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားပြီဖြစ်လေသည်။

"ခင်ဗျားတို့ ဘာတတ်နိုင်မှာလဲ"

မြစိမ်းဒေဝီက တိုက်ခိုက်လိုက်လျှင် ...

'ဝုန်း ဝုန်း'

ရှောင်လင်ကျောင်းထိုင်နှင့် ဂူတန်ဂိုဏ်းချုပ်တို့ သူတို့၏ စိပ်ပုတီးနှင့် မိစ္ဆာနှိမ်ဓားတို့လည်း လွင့်စဉ်သွားလေတော့သည်။

✦





မြစိမ်းဒေဝီက တဟားဟားရယ်မောနေ၏။ ရှောင်လင်ကျောင်းထိုင်နှင့် ဂူတန်ဂိုဏ်းချုပ်တို့ ထိတ်လန့်သွားကြ၏။ မြေပေါ်၌ လွင့်စဉ်ကျနေသော စိပ်ပုတီးနှင့်ဓားကို လှမ်းကြည့်လိုက်ကြသည်။

အားထားရသော ပစ္စည်းများ ကင်းကွာသွားသဖြင့် စိုးရိမ်ပူပန်သွားကြလေသည်။ အဆိပ်ဘီလူးက ...

"ခင်ဗျားတို့က လက်နက်တွေကို ကောက်ယူဖို့ စဉ်းစားနေကြတာလား၊ ခင်ဗျားတို့ မကောက်ယူနိုင်ခင် ကျုပ်ရဲ့ဝိညာဉ်က ခင်ဗျားတို့ရဲ့ခန္ဓာကိုယ်ထဲ ဝင်ပြီးပူးကပ်နိုင်ဖို့ အချိန်ရတယ်ဆိုတာ နားလည်ထားကြပါဗျာ"

ရှောင်လင်ကျောင်းထိုင် အံကြိတ်လိုက်သည်။

"မင်း ဘာလုပ်ချင်သလဲ ... ပြော"

အဆိပ်ဘီလူးက ...

"ကျုပ်စကားကို ခင်ဗျားတို့ နားထောင်ရမယ်"

ဂူတန်ဂိုဏ်းချုပ်က ...

"ဘာကြောင့် နားထောင်ရမှာလဲ"

အဆိပ်ဘီလူးက ...

"ကျုပ်က ရှောင်လင်ကျောင်းထိုင်ကို ပူးကပ်ပြီး ခင်ဗျားကို တိုက်ခိုက်မယ်၊ နောက်တစ်ခါ ခင်ဗျားကို ပူးကပ်ပြီး ရှောင်လင်ကျောင်းထိုင်ကို တိုက်ခိုက်မယ်၊ ကဲ ... ဘာပြောချင်သေးလဲ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဂူတန်ဂိုဏ်းချုပ်နှင့် ရှောင်လင်ဂိုဏ်းချုပ်တို့ ဘာမှ မပြောနိုင်အောင် ဖြစ်နေကြ၏။ ယခုအတိုင်းဆိုလျှင် အဆိပ်ဘီလူးအား အရှုံးပေးလိုက်ရမည့်သဘော ရှိနေပြီ မဟုတ်ပါလား။

အခြေအနေ စောင့်ကြည့်နေသော စုယိကျန်းက စုမာကြီးအား တီးတိုးပြောလိုက်သည်။

"အဆိပ်ဘီလူးရဲ့ ဝိညာဉ်ဟာ မြစိမ်းဒေဝီရဲ့ ခန္ဓာကိုယ်ထဲက ထွက်ပြီး ရှောင်လင်ကျောင်းထိုင် ဒါမှမဟုတ် ဂူတန်ဂိုဏ်းချုပ်ရဲ့ ခန္ဓာကိုယ်ထဲ ဝင်ပူးကပ်လိမ့်မယ်"

စုမာကြီးက ဂရုစိုက်ပြီးနားထောင်နေ၏။ စုယိကျန်းက ...

"အဆိပ်ဘီလူးရဲ့ ဝိညာဉ် မြစိမ်းဒေဝီရဲ့ ခန္ဓာကိုယ်ထဲက ထွက်တာနဲ့ မင်းလှုပ်ရှားပေတော့"

"ဟုတ်ကဲ့"

စုမာကြီးသည် ရင်ဆိုင်ဖို့ အသင့်ပြင်ထားလိုက်လေသည်။ အဆိပ်ဘီလူး၏ ဝိညာဉ်သည် မြစိမ်းဒေဝီထံမှ မည်သည့်အချိန်မှ ခွာသွားလိမ့်မည်နည်း။

ရှောင်လင်ကျောင်းထိုင်နှင့် ဂူတန်းဂိုဏ်းချုပ်တို့ နှစ်ယောက်ထဲမှ မည်သူ့အား ဝင်ရောက်ပူးကပ်လိမ့်မည်နည်း။ စုယိကျန်းက ဆုံးဖြတ်ပေးလိုက်လေသည်။

"ယား"

ဖြသံပေးကာ မြစိမ်းဒေဝီအား တိုက်ခိုက်လိုက်လေသည်။

BURMESE CLASSIC .com



မြစိမ်းဒေဝီက ပြန်လည်တိုက်ခိုက်မည်ဆိုပါက ရှောင်လင်ကျောင်းထိုင်တို့မှာ သူတို့အားထားရသော စိပ်ပုတီးနှင့် မိစ္ဆာနိုင်ဓားကို ကောက်ယူရန် အချိန်ရသွားလိမ့်မည် ဖြစ်သည်။

ထိုအချက်ကို အဆိပ်ဘီလူးလည်း နားလည်ထားလေသည်။ စုယိကျန်းက တိုက်ခိုက်လာသည်နှင့် ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ သူ၏ဝိညာဉ်ကို မြစိမ်းဒေဝီ၏ခန္ဓာကိုယ်မှ ခွာထုတ်လိုက်သည်။ ဂူတန်ဂိုဏ်းချုပ်ထံသို့ ချက်ချင်း ကူးပြောင်းလိုက်သည်။

"ခင်ဗျား ဘယ်ပြေးမလဲ"

စုမာကြီးက ကျောက်စိမ်းလည်ဆွဲကို လေထဲ ပစ်လွှင့်လိုက်၏။ ကျောက်စိမ်းလည်ဆွဲသည် အဆိပ်ဘီလူး၏ဝိညာဉ်ထံသို့ တန်းတန်းမတ်မတ် ပျံဝဲသွားကာ စွပ်ချမိလိုက်တော့သည်။

"အား"

အဆိပ်ဘီလူး၏အသံနက်ကြီး ထွက်ပေါ်လာလေတော့သည်။ လေထဲ၌ မီးတောက်မီးလျှံများ ဖြစ်ပေါ်လာကာ တဝုန်းဝုန်း တောက်လောင်သွားလေသည်။

အားလုံး မှင်တက်မိနေပြီးမှ အဆိပ်ဘီလူးကို နှိမ်နင်းလိုက်နိုင်ပြီဖြစ်ကြောင်း နားလည်ကာ ဝမ်းသာအားရ ဖြစ်သွားကြလေတော့သည်။

စုမာကြီးလည်း ဝမ်းသာနေ၏။ သူက ထိပ်တန်းသိုင်းသမားကြီးတစ်ယောက်ပမာ သိုင်းလောကရန်စွယ်ကို တားဆီးနှိမ်နင်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့ပြီ မဟုတ်ပါလား။

"အစ်ကို"

သခင်မလေးချင်းလှုံက ပြေးလာ၏။

"ညီမ"

စုမာကြီးက လက်နှစ်ဖက်ဆန့်တန်းကာ ဆီးကြိုလိုက်၏။ မြစိမ်းဒေဝီ၊ ရှောင်လင်ကျောင်းထိုင်နှင့် ဂူတန်ဂိုဏ်းချုပ်တို့က စုမာကြီးအား လျစ်လျူရှုထားကြမည် မဟုတ်ပါ။

စုမာကြီး၏ရည်ရွယ်ချက်အတိုင်း နောင်တစ်နေ့တွင် ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်လာအောင် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြလိမ့်မည် ဖြစ်သည်။ စုမာကြီး ရှေ့ဆက်ရမည့် ဘဝခရီးလမ်းမှာ သာယာဖြောင့်ဖြူးနေတော့မည် ဖြစ်လေသည်။

**တက္ကသိုလ်ဝင်းကြွယ်**



BURMESE CLASSIC .com

www.burmeseclassic.com